
www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ရာ၊ အောင်မြင်ကြောင်း ဆုတောင်းပန်ထွာ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ရှိခိုးကာဖြင့် အလုံးစုံသော မင်္ဂလာကျက်သရေ အတွေ့တွေ့သည် တစ်နေ့တခြား တက်နေအလားကဲ့သို့ ထွန်းကားအောင်မြင်ပါစေသတည်း။





# အောင်ကျော်စွာ

# အရပြီးပြေဝပြောနှင့်

# ဝိယသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



# ပဏာမ ဝန္ဒနာ အလင်္ကာ

'ဂမ္ဘီရ' ဟု
ခက်စွနက်နဲ၊ ရနိုင်ခဲသော
လောကီဝိဇ္ဇာ၊ ဂါထာမန္တ ယား
တရားဓမ္မ၊ ဝေဒနက္ခတ်
အတတ်ဗေဒင်၊ ဆေးပင်ဆေးမြစ်
ဖွင့်လှစ်ပြရာ၊ အကျွန်ုပ်စာသည်
မေတ္တာရှုပွား၊ စေတနာထား၍
အများဝေနေ၊ စာမိတ်ဆွေကို
လှူစေသုတ၊ 'ဓမ္မဒါန' ဟု
ဆန္ဒစိတ်ကဲ၊ ကုသိုလ်ပွဲ

ဣစိတံ=လိုရာဆန္ဒပြည့်ဝကြပါစေ
အောင်ကျော်စွာ





တောင်တရိုး
ခိုးမင်းသန့်တဝေဝေ။
မဟာမြိုင်သာတဲ့နန်းမှာ၊ ပန်းကတွေတွေ။
ချောင်းမြစ်ရေ၊ တွေတွေကွဲ့သာမော
ဈာန်ပိုင်ရှင်ထေရ်   ရဟန်းသော်မှ
လွမ်းဘွဲ့ဤတော။

ဝင်လုဆဲနေရောင်ခြည်က နီရဲသောအသွင်ကို ဆောင်နေလေ၏။ အနောက်ယွန်းယွန်းရှိ မှန်တောင်ခြေသို့ ကွယ်ဝှက်ငုပ်လျှိုးတော့မည့် သူရိယနေမင်းကြီးကား 'နုတ်လွဲရှာ' လေးကို နှုတ်ဆက်နေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းလောင်မြစ်ဘေးရှိ တောတန်းကလေးက လေယူရာသို့ ယိမ်းနွဲ့လှုပ်ရှားနေကာ ဝင်လုဆဲနေမင်းကြီးကို ဦးညွှတ်အလေးပြုနေသည့်အလား လောကပသာဒအလှများပေတည်း။ ဤသို့ သာယာချမ်းမြေ့လှပနေသော ညနေဆည်းဆာအောက်တွင် နတ်လွှဲရွာသူ ညိုပြာချောတစ်သိုက်တို့မှာ ပန်းလောင်မြစ်ရှိရာသို့ ရေခပ်ဆင်းလာနေကြသည်။

*'ရဲ ပင်နီ ဖျင်ဖြူကလေးတွေနဲ့၊*

*မဲ ထမီဆင်တူ အသွေးငဲ့ပြင်၊*

*မြင်သူဆေးလောက်အောင်ပ လှသရှင်'* ဟူသော စာချိုးကလေးကဲ့သို့ မြင်ရသူတိုင်း ငေး၍ကြည့်ရလောက်အောင်ဟု မဆိုနိုင်သောလည်း သူ့ရွာနှင့် သူ့ဓလေ့ သူ့ဘာသာအားဖြင့် ဆိုလျှင်တော့ လှပကြပါပေသည်။

သူမတို့ ရေခပ်ဆင်းရာ လမ်းဘေးရှိ လယ်ကွင်းပြင်ကြီးဝယ် ရွှေဝါရောင် ကောက်ပင်ကလေးတို့သည် ဟိုယိမ်းသည်နွဲ့ လေယူရာလှည့်၍ ကစားနေကြ၏။

လေပြည်ကလေးသည် လယ်ကွင်းပြင်ကြီးထဲဝယ် ဟိုပြေး





ဒီလွှား ဆော့သွားနေကြရာမှ ပန်းလောင်မြစ်ကြီးဆီသို့ ရောက်သွားကြပေ၏။

မြသားရောင်တောက်ပ၍ ကြည်လင်နေသော ပန်းလောင်မြစ်ပြင်ကြီးမှာ တသွင်သွင်စီးဆင်းလျက် ရှိနေလေတော့၏။

ကောင်းကင်ယံဝယ် မြူတိမ်ကင်းစင်လုံးကျ် မှိုင်းပြာမှုန်ဝေနေသော တိမ်ပန်းချီနောက်ခံကားပေါ်တွင် ငှက်ဗျိုင်းဖြူလေးများက အုပ်လိုက်ပျံသန်းကာ လေယာဉ်ကျောမှာ စီးမျောနေကြလေ၏။

"ဟော ဟိုကလာနေတဲ့ သူကြီးသားကြွက်သိုးနဲ့ပါလာတဲ့ သူတွေက ဘယ်သူတွေလဲအေ့"

"အဲဒါ မြို့ပေါ် ဆည်မြောင်းအဖွဲ့က လူတွေတဲ့"

နတ်လွှဲရွာသူလေးများ၏ တွတ်ထိုးစကားသံများကို ဂေါ်မစွဲလှုပျိုပေါက်ကလေး မောင်ကြွက်သိုးတစ်ယောက် ကြားလိုက်လေသလားမသိ။ မှန်ချိန်တိုင်းတာရေးတွင် အသုံးပြုသော သီအိုလိုက်မှန်ပြောင်းကြီးကို ဂုဏ်ယူဝံ့ကြွား ခပ်လွှားလွှားထမ်း၍ သွားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို သီအိုလိုက်မှန်ပြောင်းကြီးကိုလည်း ဟိုချိန်ကြည့်၊ ဒီချိန်ကြည့်နှင့်။ မောင်ကြွက်သိုး ဖန်ခါတလဲလဲ ချိန်ကြည့်နေသည်ကလည်း ပန်းလောင်မြစ်ထဲ ရေခပ်ဆင်းလာနေသော နတ်လွှဲရွာသူ ညိုပြာညက်ကလေးများတစ်သိုက်နှင့် ထမီရင်လျားရေချိုးကစားနေသော မဒီကညာ ဂေါ်တွင်ချင်စရာလေးများကိုပင်။ ထို့ကြောင့် မောင်ကြွက်သိုးအား 'သူကြီးသားမို့ သီးခံနေရတာ၊ မျက်နှာပိုးကို မသေဘူး၊ ဟင်း' ဟူသောအကြည့်မျိုး၊ စကားမျိုးဖြင့်သာ တုန့်ပြန်ထောပနာပြုကြလေတော့သည်။

ကြွက်သိုးတစ်ယောက်ကိုကြည့်၍ တစ်လမ်းလုံး ဟားလာကြသော မြို့နယ်ဆည်မြောင်းတိုင်းတာရေးအဖွဲ့မှ SAE ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့လူသိုက်လည်း မောမောပန်းပန်းနှင့် တည်းခိုစခန်းချနေရာ ရွာလယ်ဓမ္မာရုံဆီသို့ ပြန်ရောက်လာခဲ့ကြသည်။

ဓမ္မာရုံဆိုသည်မှာ ဝါတွင်းဆွမ်းတော်ခံကြီးအဖွဲ့၏ သာရေး၊ နာရေး ဝေယျာဝစ္စများကို အခါအားလျော်စွာ ပြုလုပ်သဖြင့် လွတ်လပ်စွာ တည်းခိုနိုင်ကြသည်။

ထိုဓမ္မာရုံအတွင်းရှိ နားနေရာအိပ်ရာအသီးသီးမှာ တုံးလုံး





ပက်လက်အညောင်းဖြေရင်း ပေါတောတော နေလေ့ရှိပြီး သိပ်ကျပ်မပြည့်သော သူကြီးသားကြွက်သိုးကို ဝိုင်းပြီး စနောက်လာရင်း အပျင်းဖြေနေရသဖြင့် ကိုကျော်ဝင်းက စလိုက်သည်။

"နတ်လွှဲအရှေ့ရွာ၊ အနောက်ရွာရဲ့ သူကြီးသားတစ်ယောက်လုံး လုပ်နေပြီး ကိုကြွက်သိုးမှာ ရည်းစားတစ်ယောက်မှ မရှိသေးဘူးလားဗျ"

"ဟုတ်ပါ့ ဆရာကျော်ဝင်းရယ်၊ ရွာနားမြက်၊ ရွာနွားမစားဆိုသလို ဒီရွာနီးစပ်ချုပ်မှာတော့ ကျုပ်မျက်စိထဲတိုးပြီး ကျုပ်နှလုံးသားကို ဝင်နှိုးနိုင်တဲ့ မိန်းကလေး မရှိသေးဘူးဆိုပါတော့ဗျာ"

"ဒီလိုဆို ကိုကြွက်သိုးကပဲ ကောင်မလေးတွေကို မကြိုက်ဘဲနေတာလား၊ ဒါမှမဟုတ် ကောင်မလေးတွေကပဲ ကိုကြွက်သိုးကို ပြန်မကြိုက်တာလားဗျ"

"နှစ်ခုစလုံး ဖြစ်နိုင်တယ်ခင်ဗျ၊ ကိုယ်ကချိန်လိုက်၊ လင်းနောက်လိုက်ဆိုသလိုပေါ့ ဆရာရယ်၊ ကျွန်တော်ကြွက်သိုး စွံကို မစွံနိုင်သေးဘူး ဖြစ်နေလို့ ဒီတစ်ခါ ဝါမဝင်မီစွံအောင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြစကြာလာရင် ပီယဆေးတောင်းမှ ဖြစ်တော့မယ်ဗျာ”

“ဆရာကြီးမြစကြာ ဟုတ်လား၊ မောင်ကြွက်သိုး”

“ဟုတ်တယ်၊ ဆရာကြီးမြစကြာက လောကဓာတ်ပညာရပ်တွေကို တတ်ကျွမ်းနားလည်သလို ရှေးဟောင်းလောကီပညာရပ်တွေကိုလည်း အတွေ့အကြုံနဲ့စပ်တတ်ကျွမ်းတဲ့ ဂမ္ဘီရဆရာကြီး တစ်ဦးပေါ့”

“ဒီလိုဆိုရင် မောင်ကြွက်သိုးကို ပီယဆေးအစွမ်းနဲ့ အိုရ ချည်သေးရဲ့လို့ ဆိုရမှာပေါ့”

SAE ကိုကျော်ဝင်း၏ အပြောင်အရွှတ်စကားကြောင့် မောင်ကြွက်သိုးမှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားလေတော့သည်

ထို့နောက်မှ . . .

“အဟဲ ဆရာကျော်ဝင်းကို ပြောရဦးမယ်ဗျ၊ အရင်တစ် ခေါက် ဆရာကြီးမြစကြာ ရွာကိုလာတုန်းက ကျုပ်ကို ‘သူရသ တီဂါထာ’ တစ်ပုဒ် ပေးခဲ့ဖူးတယ်၊ အဲဒီဂါထာကတော့ ‘ဥ သူရဿတီ၊ စန္ဒီမယ်လျှ၊ နတ်မိန်းမ၊ သသသံသာဒီပွ၊ ဝ မြတ်လှ၊ နတ်စောင်မ’ တဲ့၊ ဒီဂါထာကိုရွတ်ပြီး တပို့တွဲလတုန်း





က လွန်ကျော်ရွာ ပုံသကူဘုရားပွဲကိုသွားတာ တကယ်စွံသဗျာ”

“ဟုတ်ကော ဟုတ်ရဲ့လား မောင်ကြွက်သိုးရ၊ အရင် ပြောတုန်းက သမီးရည်းစားဆိုလို့ မူးလို့တောင် ရှုစရာမရှိဘူးဆို”

“အဲ အဲဒါက နတ်လွဲရွာ မဒီချောတွေ ပြန်မကြိုက်မှာ စိုးလို့ ညာဝါးပြောထားတာပါ၊ နောက်ပြီး ကျုပ်ရည်းစားက ဒီရွာထဲက မဟုတ်သလို ရွာနီးချုပ်စပ်ကလည်း မဟုတ်ဘူး၊ ဆရာကျော်ဝင်းရဲ့”

“ဒါဆိုရင် ဘယ်ရွာကလဲ၊ တာဝတီံသာ ရွာကလား”

“ဟဲဟဲ ဆရာကျော်ဝင်းက ကျုပ်ရည်းစားကို နတ်ပြည် ခြောက်ထပ်က ထင်နေတာလား၊ မဟုတ်ဘူးဗျ၊ ဒီနတ်လွဲရွာရဲ့ မြောက်စူးစူးအရပ်မှာရှိတဲ့ ကျောက်ဆည်မြို့ နယ်စပ်ဖျားက ‘သံရွာ’ မှာလေ”

သေဟဲ့ နန္ဒီယဟု ဆိုရလောက်အောင် SAE ကိုကျော်ဝင်း တစ်ယောက် နောင်တကြီးစွာ ရသွားသည်။ ကြားရသူအဖွဲ့သား တချို့မှာလည်း နတ်ပြည်ခြောက်ထပ်က ထင်နေတာလား ဆို သောစကားကြောင့် ပြုံးစိစိ ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြွက်သိုးတစ်ယောက်မှာမူ လူ့အရိပ်အကဲကို မကြည့်တတ်။ သူပြောချင်တာကိုသာ. စွတ်ပြောနေပြန်တော့သည်။

"သူနဲ့ကျုပ်က ပုံသကူတောင်ပေါ်ဘုရားရဲ့ အတက်အဆင်းမှာ စပြီးတွေ့ခဲ့ကြတာပေါ့" ဟု အစချီကာ ပြောလိုက်သည်မှာ ဆရာငြိမ်းကျော်၏ အပြောရောင်သစ်ခွပွင့်၏ သမိုင်းအစမှသည် နလုံးသားမြို့ဟောင်း တူးဖော်ချက်များကဲ့သို့ အချစ်ဝတ္ထုဇာတ်လမ်းတွဲများ ရေးသားနိုင်ဖွယ် ရှိပါသည်။ (သို့သော် ထုတ်ဝေသူနှင့် စာဖတ်ပရိသတ်ကြီးကို စာနာထောက်ထားသဖြင့် ချန်လှပ်ထားလိုက်ရပါသည်။ စာရေးသူ)

✣ ✣ ✣



BURMESE CLASSIC .com



မောင်းစရာရယ်လို့များ တပ်လိုက်မှဖြင့်
ခေါင်းတစ်ခါခါနှင့် ဆတ်လှစွာသော
လှလှဖွေ့ဖွေ့ရယ်နဲ့ ဝဝပြည့်ပြည့်နွားတရှဉ်းကိုလ
ကျောင်းဒကာကိုသာ အပ်လိုက်ပေရော့
ရသရွှေ ဘာဘာညာညာရယ်လို့ မငြင်းလေနဲ့
(မလေးရယ်) ရောင်းကာသာ ဆပ်လိုက်ပေတော့
ရွာအရှေ့ယာတစ်ခင်း။

(သခင်ကိုယ်တော်မှိုင်း)

ဩကာသလောကမှ သူရိယနေမင်းကြီးဖြင့် နံနက်ခင်းတစ်ခုကို ဖန်တီးလိုက်ပြန်ပေပြီ။ အစောတုန်းက ရွာဦးကျောင်းဆီမှ အုန်းမောင်းခေါက်သံများကို ကြားလိုက်ရသည်။ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



စံတော်ချိန် နံနက် (၉း၀၀) နာရီကို နေထန်းတစ်ဖျားအချိန်ဟု သတ်မှတ်ခေါ်ဝေါ်သော တောခလေ့ထုံးစံကာလလောက်တွင်

"ဆရာကျော်ဝင်းနဲ့ ဆရာစန်းမြင့်တို့ ရှိလား၊ ဒီမှာ အထူးဧည့်သည်တစ်ယောက် ပါလာတယ်ဗျို့"

ပြောပြောဆိုဆိုပင် နတ်လွဲရွာသူကြီး၏ တစ်ဦးတည်းသောသား မောင်ကြွက်သိုးတစ်ယောက် ဧည့်သည်ဆိုသူနှင့် ဓမ္မာရုံပေါ်သို့ တက်လာကြသည်။

"ကောင်မလေးကို ထင်းခံနဲ၊ လင်းခနဲ ကွက်ကွက်ကွင်းကွင်း မြင်နိုင်တဲ့ သီအိုလိုက်မှန်ဘီလူးကြီး ငှားကြည့်ချင်လို့ ပါဗျို့"

ရှတ်နောက်စကားဆို၍ အော်ဟစ်လာသော ဧည့်သည်ဆိုသူ၏ အသံနှင့်ရုပ်ကို သေသေချာချာ တွေ့လိုက်တော့မှ ကိုကျော်ဝင်းပါးစပ်မှ

"ဟာ ဇော်ဦးကျော်၊ မင်း ... မင်း ဒီကို ဘယ်တုန်းက ရောက်လာတာလဲကွ"

ကိုကျော်ဝင်းတို့ တာဝန်ထမ်းဆောင်နေသော မြစ်သားမြို့





ကင်းတားစီမံကိန်း ရုံးစိုက်ရာ မြစ်သားမြို့ပေါ် အိုးတန်းရပ်သား ဇော်ဦးကျော်ကို ဝတ်လဲတောင်ခြေအနီးရှိ ချောင်ကျလှသည့် နတ်လွဲရွာမှာ မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့အားသင့်ကာ ဝမ်းသာရသည်။

"ခင်ဗျားတို့ အခုရောက်နေတဲ့ နတ်လွဲရွာရဲ့ အရှေ့ဘက် ပြည်လုံးအေး၊ ပြန်လုံးအဲ့ရွာမှာ နို့ဆီချက် ဝါး၊ ထင်း လာတိုက်တာဗျ"

"အေးကွာ၊ မင်းလို သူဌေးသားတစ်ယောက်က အခုလို တောထဲတောင်ထဲ ရောက်လာတာမြင်ရတော့ အံ့ဩမိတယ်ဟေ့၊ ငါတို့ဆည်မြောင်းဝန်ထမ်းတွေတောင် တာဝန်အရမို့ ရောက်နေရတာ၊ သွားရေးလာရေးက ချောင်ကျလို့ လွယ်တာမဟုတ်ဘူး"

"ဟုတ်တယ် ကိုစန်းမြင့်ရေ၊ ပျော်ရာမှာမနေရ၊ တော်ရာမှာနေရဆိုတဲ့ စကားလည်း အရှိသားမဟုတ်လားဗျာ၊ ခင်ဗျားတို့ ဒီရွာမှာ 'ကင်းတားစီမံကိန်း' ထိန်းသိမ်းရေးအတွက် ပန်းလောင်မြစ်ကမ်းဝဲယာမှာ ဘောင်ခတ်ဖို့ မြေတိုင်းတာဝန်ကျနေတာ သိရလို့ လာပြီးတွေ့တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဩော် အခုမင်းက ငါတို့တာဝန်ကျတဲ့ဆီကို အလည် သက်သက် လာတယ်ဆိုပါတော့၊ ကဲ ဒီလိုဆိုရင် ဒီနေ့က ရုံး ပိတ်ရက် တနင်္ဂနွေလေ၊ ရွာအလယ်ပိုင်းက ကိုတင်ငွေတို့ ထနောင်းအရက်ကလေး မြည်းသွားဦးမလား၊ မြို့ပေါ်မှာလို 'နေ့အာမီရမ်၊ ည ကြာနီကန်' ဆိုတာတွေတော့မရှိဘူးဟေ့"

ကိုကျော်ဝင်းစကားကြောင့် ဖော်ဦးကျော်တစ်ယောက် လက်ကိုကာပြရင်း

"နေပါစေတော့ဗျာ၊ အခု ကျွန်တော် မြစ်သားမြို့ပေါ်ကို ပြန်ဆင်းမလို့၊ သဲဖြူချောင်းတံတားအထိရောက်အောင် ဟောဒီ ကြွက်သိုးကို စက်ဘီးနဲ့ လိုက်ပို့ခိုင်းရဦးမှာဗျ"

"မင်းက ဘာကိစ္စနဲ့ မြစ်သားမြို့ကိုပြန်ရမှာလဲ၊ ရောက် တုန်းရောက်ခိုက် နေပါဦးလား ဖော်ဦးကျော်ရာ"

"ကျွန်တော့်လုပ်ငန်းက မိုးမကျခင် ဝါးထင်းတွေကို မြို့ပေါ်အရောက်သယ်နိုင်မှ တွက်ချေကိုက်တာဗျ၊ အခု မိုးကျ ခါနီးပြီလေ၊ ဒီဒေသက ခင်ဗျားတို့သိတဲ့အတိုင်း မိုးကျရင် ဗွက်ပေါ်တယ်၊ မိုးတွင်းဆိုရင် လူလွတ်ချည်းတောင် မနည်း





လမ်းလျှောက်ရတယ်မဟုတ်လား၊ ဗွက်တွေက ဒူးဆစ်ထိနစ်နေ တော့ ထွန်စက်တောင် ရုန်းဆွဲနိုင်ဖို့ လွယ်တော့တာမဟုတ်ဘူး၊ အဲဒါကြောင့် မိုးမကျမီ ဝါးထင်းတွေ အရောက်သယ်နိုင်အောင်လို့ မြစ်သားမြို့ကို ပြန်ဆင်းပြီး နောက်တွဲထွေလာနဲ့ ထွန်စက်တစ်စီး သွားငှားမလို့လေ၊ ပြန်လာမှ ကျွန်တော်တို့တတွေ အေးအေး ဆေးဆေး တွေ့ကြသေးတာပေါ့၊ ကဲ လာဟေ့ကြွက်သိုး၊ ငါတို့ သွားကြရအောင်"

SAE ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့လည်း ငယ်ပေါင်း တွေလို ခင်မင်နေသော ဖော်ဦးကျော်ကို ရွာလယ်ဓမ္မာရုံဝင်းတံခါး ပေါက်အထိ လိုက်ပို့ပေးကြသည်။

"ဒါနဲ့ ဖော်ဦးကျော်၊ မင်းနဲ့ ကြွက်သိုးက ဘယ်လိုလုပ် ဆက်စပ်ပြီး သိနေကြတာလဲကွ"

"ဒီနယ်ရွာတစ်ဝိုက်မှာ သူကြီးဗကြည်ဆိုရင် မီးသေပြီးသား မဟုတ်လား၊ အဲဒါကြောင့် သစ်ခုတ်၊ ဝါးခုတ်ဖို့ အလုပ်သမား သုလိုချင်ရင် ကြွက်သိုးတို့သားအဖကို အားကိုးရတာလေ"

သို့ဖြင့် ဖော်ဦးကျော်နှင့် ကြွက်သိုးတို့နှစ်ဦး စက်ဘီးတစ်



www.burmeseclassic.com

www.burmeseclassic.com



မြင့် ထွက်သွားကြပြီး ခဏအကြာတွင် ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့လည်း ပန်းလောင်မြစ်ထဲ ရေချိုးဆင်းသွားမည်အပြု

"ဆရာတို့၊ ဆရာတို့ အစောတုန်းက ဟိုခွေးမသားအသံကို ကြားလိုက်မိသလားလို့"

ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦးမှာ ကြောင်တောင်တောင်ဖြစ်သွားပြီး ဘေးဘီကို ကြည့်လိုက်ကြကာ

"ခွေးလည်း တစ်ကောင်မှ မမြင်မိပါလား သူကြီး၊ အသံ၊ ဟောင်သံလည်း မကြားမိဘူးခင်ဗျ"

ကိုစန်းမြင့်အပြောကို ကိုကျော်ဝင်းက တံတောင်ဖြင့် တွက်ရင်း

"ကြွက်သိုးကို ပြောတာလားသူကြီး၊ ဒီကောင် ကျွန်တော်တို့အဖွဲ့နဲ့ပေါင်းလို့ လိမ္မာနေပါပြီ၊ အခုတောင် ဆည်မြောင်းနေ့စား လေဘာအလုပ်သမား ဖြစ်နေပြီမဟုတ်လား"

"အဲဒီခွေးကောင်ကို သိပ်ချီးမွမ်းပြီး အမွန်းတင်မနေပါနဲ့ ဆရာတို့ရယ်၊ ဒီကောင်က ခွေးမြီးကောက် ကျည်တောက်စွပ်ပါ၊ တွေ့သမျှ၊ ကြုံသမျှ မိန်းမတွေကို ပိုးကြေးပန်းကြေးပေးနေရလို့





သူရတဲ့ငွေ ကုန်ရုံတင်မကဘူး ကျုပ် နွားဝယ်ချင်လို့ စုထားတဲ့ငွေတွေကို လာလာပြီး ခိုးသုံးနေလို့ ဒင်းကိုတွေ့ချင်နေတာ"

သူကြီးသား မောင်ကြွက်သိုးမှာ လင်ရှိမယားမှလွဲ၍ တစ်ခုလပ်၊ မုဆိုးမပါမကျန် သူ့ကို ပြန်မကြည့်လိုက်နှင့် သူ့ကိုကြိုက်လို့ ကြည့်တယ်ဟု ယူဆပြီး ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပိုးကြေးပန်းကြေး ပေးတတ်သည်။

လက်တွေ့တွင်မူ ကိုယ်ကချိန်လိုက် လင်နောက်လိုက်သွားကြသည်သာဖြစ်ပြီး မောင်ကြွက်သိုး၏ ပေါကြောင်ကြောင်နေ့ထိုင်ပြောဆိုမှုများကြောင့် နတ်လွဲရွာတစ်ရွာလုံးရှိ မဒီကညာများသာမက ရွာနီးချုပ်စပ်ပတ်ဝန်းကျင်ရွာများမှ ရွာသူ အပျိုချောများမှာ ကြွက်သိုးဆိုလျှင် အော့ကြောလန်ကြသည်။ ထို့ကြောင့် ဆည်မြောင်းအရာရှိငယ်နှစ်ဦးမှာ သဘောကျစွာရယ်ရင်း

"ဒီလိုဆို သူကြီးသားကြွက်သိုးမှာ ရည်းစားရှိနေပြီဆိုတာ သေချာပြီပေါ့"

"ရည်းစား ရှိ၊ မရှိတော့ မသိဘူးဆရာတို့ရေ၊ ဒီကောင်က အခုတစ်လော မိန်းမတောင်းခိုင်းနေလို့ သူစိတ်ချမ်းသာအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝါကျွတ်မှ ဆရာကြီးမြစကြာနဲ့တိုင်ပင်ပြီး စီစဉ်ပေးပါရစေ၊ အနုဆရာကြီးမြစကြာလည်း ရွာကို အလည်ရောက်မလာသေးဘူးလို့ မနည်းကြီးတောင်းပန်ထားရတယ်”

“ဆရာကြီးမြစကြာဆိုတာကို မောင်ကြွက်သိုးကလည်း ပြောနေသံ ကြားရတယ်၊ ဒီဆရာကြီးက ဘယ်မှာနေတာမို့ မျှော်နေကြတာလဲ သူကြီး”

“အောက်ပြည်၊ အောက်ရပ်ကပါပဲ၊ လောကီပညာစခန်းကို အရောက်လှမ်းနေတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပြီး မကောင်းသူပယ်၊ ကောင်းသူတွေကယ်ဖို့ ဒီရွာကို ခါတ်ကျတိုင်း နတ်ထိပ်တောင်ကုန်းတွေဆီ ဆေးမြစ်၊ ဆေးဥရှာ ရောက်လာတတ်ပါတယ်”

“သြော် ဒါကြောင့် မောင်ကြွက်သိုးကလည်း အားကိုးတကြီးနဲ့ မျှော်နေတာကိုး”

“ဘာ ဒီကောင်က ဆရာကြီးမြစကြာကို မျှော်နေတယ်ဟုတ်စ၊ ကံငါးပါးမလုံခြုံတဲ့သူဆိုရင် ဆရာကြီးမြစကြာက ဘာအစီအရင်မှ လုပ်ပေးမှာမဟုတ်ဘူးဗျ၊ အခုလည်း ကျုပ်နွားဝယ်ဖို့စုထားတဲ့ ပိုက်ဆံတွေထဲက ငွေသုံးထောင်ကျော်လျှော့





နေတယ်၊ ဒီကောင့်လက်ချက်ပဲ နေမှာပေါ့”

ကိုကျော်ဝင်းက ဖက်ကြမ်းဆေးလိပ်ကိုမီးညှိပြီး

“ဒါကတော့ သူကြီးရယ်၊ မောင်ကြွက်သိုးအသက်ကလည်း (၂၀) တောင်ကျော်နေပြီပဲ၊ မိန်းမလိုချင်ပြီပေါ့၊ သူနဲ့ရွယ်တူတန်းတူတွေတောင် အိမ်ထောင်ကျလို့ ကလေးတွေရကုန်ပြီဆိုတော့ သူလည်း အားကျရှာမှာပေါ့၊ သူလိုချင်တဲ့မိန်းမဖြစ်ပြီး သူ့ကိုအမှန်တကယ် ပြန်ကြိုက်တဲ့မိန်းမရှိနေရင် လိုက်သာတောင်းပေးလိုက်ပါဗျာ၊ သနားပါတယ်”

သူကြီး ဦးဗကြည်သည် ကွမ်းသွေးကို ‘ဖွတ်’ ခနဲထွေးထုတ်လိုက်ရင်း

“ကျုပ်မှာက ဝါမဝင်ခင် မြေးတွေကိုရှင်ပြုချင်လို့ ပုံ ဆံကုန်မှာကတစ်မျိုး၊ နွားဝယ်ဖို့ ပိုက်ဆံကုန်မှာက တစ်မျိုးနဲ့ သူ့ကို မိန်းမတောင်းပေးဖို့အတွက် ငွေပိုမရှိသေးဘူးလေ၊ အဲဒါကြောင့် သူနားလည်အောင် ကျုပ်က ပြောပါတယ်၊ သားရယ် အခု နယုန်လဆုတ်ထဲတောင် ရောက်နေပါပြီကွာ၊ ဝါကျွတ်အောင်ဆိုရင် သုံးလေးလလောက်ပဲ စောင့်ရမှာမို့ အောင့်အီးထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ ဝါကျွတ်တာနဲ့ တစ်ပြိုင်နက်တည်း မင်းကို အကြီးအကျယ် မင်္ဂလာဆောင်ပေးပါ့မယ်လို့ ပြောထားတာကို ဒင်းက မရဘူး၊ အခုပဲကြည့် မနေ့ညက သူခိုးသွားတဲ့ငွေဟာ သူကြိုက်တဲ့ကောင်မလေးကို ပိုးကြေးပန်းကြေးပေးဖို့လား၊ ဒါမှမဟုတ် ကာလသားကြေးပဲ တကယ်ပေးဖို့လား တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒင်းတော့လား ထိပ်တိုက်တွေ့မှ သိကြရောပေါ့ကွာ"

"ဒါနဲ့ သူကြီးခြံဝိုင်းထဲမှာ နွားတွေအများကြီးရှိရဲ့သားနဲ့ ဘာလို့ ထပ်ဝယ်နေဦးမှာလဲဗျာ၊ မောင်ကြွက်သိုးက သူကြီးသိတဲ့အတိုင်း မိန်းမဆိုရင် အသေရရ၊ အရှင်ရရ လိုချင်နေတာမဟုတ်လား၊ တောင်းသာပေးလိုက်ပါ"

"ဩော် ဆရာတို့နှယ်၊ ကျုပ်တို့ တောင်သူတောင်သားဆိုတာ လှည်းနဲ့နွားကို တန်ဖိုးထားတတ်တဲ့ လူစားတွေဗျ၊ အလှူပွဲတို့၊ ကထိန်ပွဲတို့လို နေရာမျိုးမှာ ကိုယ့်နွားကို ပွဲထုတ်ရတာကလား၊ နွားကို ချူတွေ၊ ဘာတွေဆွဲ၊ မှန်စီပြီး ပန်းဖောက်ထားတဲ့ ကကြိုးတွေကိုတပ်၊ ခြောက်စထောင်လှည်းယာဉ်ကိုလည်း ရေနံချေးဝအောင်သုတ်ပြီး ကြော့နေအောင် ပြင်ဆင်ပြီး





ကိုယ်တိုင် ကြိုးကိုင်မောင်းရတဲ့ အရသာဟာ လောကမှာ ဘာနဲ့မှ မတူဘူးဗျ၊ အဲဒီမှာလည်း ကိုယ့်ရဲ့ ငယ်မွေးခြံပေါက် နွားတွေလည်းဖြစ်၊ ချိုဘို့တူ ဘက်ညီတဲ့ နွားတစ်ရှဉ်းလည်း ဖြစ်မယ်ဆိုရင်တော့ဗျာ အောင်မယ်လေး ဘယ်လောက်ဂုဏ်ယူဖို့ကောင်းလိုက်သလဲ မမေးနဲ့ဗျို့၊ ကျုပ်တို့တောရွာအလှူဆိုတာကလည်း အလှူမှာ ဘာကျွေးတယ်၊ ရှင်ဘယ်နှစ်ပါးဝတ်တယ်ဆိုတာသာမပြောရင်သာနေမယ်၊ ဘယ်မိန်းကလေး ကွမ်းတောင်ကိုင်တယ်ဆိုတာနဲ့ ဘယ်အလှူမှာတော့ဖြင့် ဘယ်သူ့ရဲ့လှည်းမှာ တပ်ထားတဲ့ နွားကြီးတွေများ ဦးချိုမှာ အောင်သပြေပန်းတွေပန်လို့၊ မှန်စီပန်းဖောက်ကကြိုးတွေက ဘယ်လို၊ နွားကြ[illegible]တွေ ကျောမှာလွှမ်းထားတဲ့ တရုတ်ကော်ဇောကြီးတွေက ဘယ[illegible]း သာနဲ့ 'ပြောမဆုံးပေါင် တောသုံးထောင်' ဆိုသလို ပြောလို့[illegible] မဆုံးတော့ဘူးဗျ၊ ဟဲ ဟဲ၊ ကျုပ်မှာ အိမ်ခြံပေါက်နွားတစ်ရှဉ်းက အခုနှစ်ဦးမှ ထမ်းပိုးကျင့်ရတာဆိုတော့ နည်းနည်းရိုင်းသေးတယ် ဆိုရမှာပေါ့၊ ရှိပြီးသား ခိုင်းနွားကြီးတွေကျတော့လည်း အိုပြီဗျာ၊ အဲဒါကြောင့် ကျုပ်အလှူပွဲမှာ ကျုပ်မောင်းဖို့နွားတစ်



www.burmeseclassic.com

www.burmeseclassic.com



ရှဉ်း ထပ်ဝယ်ဖို့ကြိုးစားနေရတာပေါ့၊ ဟိုး ဇော်ဂျီမြစ်ရိုးနားက လာရောင်းတဲ့ နွားတစ်ရှဉ်းတော့ ဝယ်ဖြစ်မလား မသိသေးဘူး၊ နွားကြောင်ပြာတစ်ရှဉ်းဆိုတော့ ကြာသပတေးသားဖြစ်တဲ့ ကျုပ်နဲ့ ခုနစ်နေ့သားသမီး နွားမွေးကျမ်းအလိုအရလည်း ကိုက်ညီနေတယ်လေ"

"ဘယ်လို နွားမွေးကျမ်းလဲ သူကြီးရ၊ ကျွန်တော်တို့ ဗဟုသုတဖြစ်အောင် ရှင်းပြပါဦး"

"ကျုပ်ကို ဆရာကြီးမြစကြာက နွားဝါသနာကြီးလွန်းလို့ မွေးအပ်၊ မမွေးအပ်နွားတွေကို ရေးကျမ်းနည်းအရ သင်ထားပေးတယ့်လေ၊ မွေးအပ်တဲ့နွားများကတော့ . . .

(၁) ထိပ်လယ်မှာ ကြာရှိတဲ့နွား၊

(၂) လည်ပင်းမှာ ဇွဲရှိတဲ့နွား၊

(၃) ခြေလေးချောင်းဖြူတဲ့နွား၊

(၄) အမြီးအဖျားဖြူတဲ့နွား၊

(၅) ကျောကုန်းမှာ အမွေးနုပါတဲ့နွား၊

(၆) အမြီးရင်းမှာ ဇွဲရှိတဲ့နွား၊



BURMESE CLASSIC .com



(၇) နားရွက်တိုတဲ့နွား၊

(၈) ခွာလေးဖက်ရှည်တဲ့နွား၊

(၉) မျက်နှာမျက်စိတိုတဲ့နွားတွေကို မွေးမြူမယ်ဆိုရင် ရတနာအမျိုးမျိုး တိုးတက်ရုံမက ဆန့်ရေစပါးပေါများပြီး ချမ်းသာခြင်းအမျိုးမျိုးကို ပြည့်စုံနိုင်ကြောင်း ဆိုထားတယ်၊ ဆက်လက်ပြီး မမွေးအပ်တဲ့နွား (၁၅) မျိုးကို သိထားမယ်ဆိုရင် ဆရာတို့နှစ်ယောက် နွားပွဲစားတောင် လုပ်စားလို့ ရနေပြီပေါ့"

"ဟုတ်လားသူကြီး၊ 'ပို့မယ့်ပို့ ကတို့ဆီသာပို့' ဆိုသလို ရေချိုးသွား မဖြစ်တော့မယ့်အကူတူ ဆက်သာပြောပေတော့ဗျို့"

ကိုကျော်ဝင်းက စကားကို ခပ်ရွှဲ့ရွဲ့နှင့် ပြောလိုက်သည်။ မယားရှုးမောင်ကြွက်သိုးဖခင်ပီပီ နွားရှူးကြီးဖြစ်သူ ရွာသူကြီး ဦးဗကြည်မှာ သူ အလွန်ပြောချင်နေသော မမွေးအပ်တဲ့ နွား (၁၅) မျိုးကို အောက်ပါအတိုင်း ပြောပြန်လေတော့သည်။

(၁) အသားပွတဲ့နွား၊

(၂) တင်ပါးနိမ့်တဲ့နွား၊

(၃) ပေါင်စောင်းတဲ့နွား၊



www.burmeseclassic.com

www.burmeseclassic.com



(၄) မြင်းခေါင်းထူတဲ့နွား၊

(၅) ချိုတယ်လှူးပေါက်တဲ့နွား၊

(၆) သွားကြားရေယိုတဲ့နွား၊

(၇) မျက်ကွင်းကျတဲ့နွား၊

(၈) ခြေခွင်တဲ့နွား၊

(၉) မြေကြီးကပ်ပြီး ခြေခတ်တဲ့နွား၊

(၁၀) အမွေးရှည်တဲ့နွား၊

(၁၁) နံကျပ်တဲ့နွား၊

(၁၂) ခေါင်းတိုတဲ့နွား၊

(၁၃) လက်ရှည်တဲ့နွား၊

(၁၄) အမြီးရှည်တဲ့နွား၊

(၁၅) အမွေးကြမ်းတဲ့နွားတွေ ဖြစ်တယ်၊ မွေးသင့်တဲ့နွားမျိုးရဲ့ ကြန်းမင်လက္ခဏာတွေအပြင် မိမိနေ့နံသင့်တဲ့ နွားအရောင်ကိုလည်း ရွေးချယ်မွေးမှ အကျိုးရှိမယ့် လင်္ကာလေးကိုတော့ ဆရာကြီးမြစကြာက ဒီလိုသင်ပေးထားတယ်လေ၊ 'နေ့ခုနစ်ရက် နွားမွေးချက်၊ တစ်သက်မှတ်လေကွဲ့၊ တနင်္ဂနွေသား၊ မွေးသင့်





ဖြူ၊ နွားမှာဖြူနီတဲ့၊ တနင်္လာသား၊ မွေးဖို့ကား၊ နွားနီနွားပြောက်တဲ့၊ နွားနက်အင်္ဂါ၊ ဗုဒ္ဓါနေ့သား၊ နီကျားကျား၊ မွေးထားဘဲတောင်တဲ့၊ ကြာသပတေး၊ သောကြာ၊ စနေမှာ၊ ကြောင်ပြာအနဲ့မွေးလေ' တဲ့"

သူကြီးဦးဗကြည်မှာ စကားအရှည်ကြီးကို ပြောလိုက်ရသဖြင့် မောသွားပုံရသည်။ ခေါင်းတွင်ပေါင်းထားသော တဘက်ကိုဖြုတ်၍ ချွေးတွေသုတ်နေပြန်သည်။ ဤပုံစံအရ အဘိုးကြီးလေရှည်ဦးတော့မည်။

ကိုစန်းမြင့်က စကားပြတ်စေရန် ဆပ်ပြာခွက်ကို ကောက်ကိုင်လိုက်ပြီး

"နွားတစ်ကောင်ကို တစ်သောင်းခွဲဆိုတာ တန်ပါတယ်၊ သူကြီးရဲ့ အလိုဆန္ဒကိစ္စ ပြီးစီးသွားအောင် အမြန်ဆုံးသာ ဝယ်လိုက်ပေါ့"

ကိုစန်းမြင့်၏ အလောသုံးဆယ်စကားကြောင့် သူကြီးဦးဗကြည်လည်း ထွေးမည်ဟုပြင်ထားသော ကွမ်းသွေးများကို ကမန်းကတန်း မြိုချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ဟာ၊ တစ်ကောင်ကို တစ်သောင်းခွဲမဟုတ်ဘူး၊ တစ်ကောင်ကို သုံးသောင်း၊ တစ်ရှဉ်းဆိုတော့ ခြောက်သောင်းကျတယ်၊ ဟိုလူတွေက အရေးတကြီး ငွေလိုနေလို့သာ ရောင်းတာမို့ ကျုပ်နွားသာဆိုရင် ဒီလောက်ဈေးနဲ့ ဘယ်ရောင်းနိုင်လိမ့်မလဲ၊ ဆရာတို့နှစ်ယောက်က မြို့ပေါ်ကလူတွေဖြစ်နေတော့ နွားကို အမဲသားလောက်သာ သိကြတာ၊ ကဲ ဆရာတို့နှစ်ယောက်လည်း ဘွဲ့ရပညာတတ်တွေပဲ၊ ကျုပ်တို့မြန်မာနိုင်ငံမှာ နွားဘယ်နှစ်မျိုး ရှိတယ်ထင်သလဲ”

ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့မှာ ချောင်ပိတ်မိနေ၍ စကားပြတ်သွားစေရန်

“မသိပါဘူး သူကြီးရယ်၊ ကျွန်တော်တို့ ရေချိုးသွားလိုက်ဦးမယ်”

“နေကြစမ်းပါဦး ဆရာသမားနှစ်ယောက်ရဲ့၊ မသိတာကို သိအောင်မေးမြန်းတတ်ရတယ်၊ အဲဒါမှ ပညာရှိပီသတာ၊ တော်ကြာ သူများတွေကမေးလို့ မဖြေနိုင်ရင် ရှက်ဖို့အလွန်ကောင်းတယ်”





“ကဲပါဗျာ၊ သူကြီးက နွားဘယ်နှစ်မျိုးရှိသလဲဆိုတာ ရှင်းပြရမှ စိတ်ချမ်းသာမယ်ဆိုရင် ပြောသာပြောပါတော့ဗျာ”

ကိုကျော်ဝင်းက အရွဲ့တိုက်ပြောလိုက်သည်ကို နားပဲမလည်တာလား၊ သို့မဟုတ် ဂရုပဲမစိုက်တာလားမသိ၊ သူကြီးဦးဗကြည်၏ ‘ကျောပူတာထက်၊ နားပူတာခက်’ ဆိုသည့် ဒုက္ခလှလှကြီးကို ခံစားလိုက်ရပါတော့သည်။

“ကျုပ်သိရသလောက် ပြောရရင် ရွှေနီနွားမျိုး၊ ဘင်္ဂလားနွားများ၊ တောင်ပေါ်ဒေသတွေမှာရှိတဲ့နွားပုမျိုး၊ ကချင်ပြည်နယ်မှာရှိတဲ့နွားနောက်မျိုး၊ ပြီးတော့ . . . . . . . . . . ”

ထိုနေ့ ဟောလီးဒေးမနက်က SAE နှစ်ဦးမှာ ရေမချိုးဖြစ်လိုက်ကြပါ။ သူကြီး၏ နွားဋီကာတရားကို နားကြားလိုက်ရသည်မှာ မွန်းတည့်ခေါင်းလောင်းထိုးချိန် အထိပင် ဖြစ်ပေတော့သတည်း။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေမွမ်းမံ ကညာပျိုအလှငယ်တို့
အိမ်ခြေဝန်းရံ ရာဇဂြိုဟ်တမျှကဲ့သို့
ဝါဆိုလ ထုံးမပျက်စတမ်းသာပ
ပုန်းညက်ပန်း ဘုရားလှူချိန်မို့
နှစ်ပါးအတူ စကြံတွဲပါလို့
ပန်းဖွားအဖြူ ပယင်းတဖန်ဆွဲတဲ့
ပဒ္မင်းခံပွဲ သိမ်ရွှေကမ္မဝါနှင့်
တိမ်ဖွေငွေဝါ အထက်ဖြူပွှာသိကြားငယ်တို့
စိန္တေယျာ မြွတ်ကာကြားစဉ်က
မမ္မစကြာတရား ဗုဒ္ဓါပြန့်ခဲ့၍
ပြုဗွာသင့်အခြေကောင်းပါဘိ
နေမစောင်း တစောင်း မြန်မာပြည်အဝန်းက
အသရေကောင်းသည့် ဖြူပွှာပြည်ညွန်း၍
ရဏာစည်ရွှမ်းသံထင့် နှာခံစမ်း။

(ရှေးဆေတ်စာဆိုတစ်ဦး)





ဝါတွင်းသို့ရောက်ရန် ရက်ပိုင်းမျှသာလိုတော့သည့် တစ်ခုသောနေ့ခင်းပိုင်းတွင် ဆရာကြီးမြစကြာနှင့် တပည့်ဖြစ်သူကိုခင်မောင်ဦးဆိုသူတို့ မတောင့်မတာဘုရား (ယခု မတောင်းသာတောင်) ခြေလမ်းအတိုင်း လှည်းကြုံနှင့် လိုက်ပါလာခဲ့ပေ၏။

ထိုသတင်းကို နုတ်လွှဲရွာသူကြီး ဦးဗကြည်နှင့် သားဖြစ်သူမောင်ကြွက်သိုးတို့ ကြားလိုက်ရလျှင် 'ရေငတ်တုန်းရေတွင်းထဲကျ' ဆိုသလို ဝမ်းသာပီတိ ဂွမ်းဆီထိသကဲ့သို့ ဖြစ်နေကြသည်။

ထို့ကြောင့် ရွာသူကြီးဦးဗကြည်သည် ဆရာကြီးမြစကြာတည်းခိုနေသော အိမ်သို့သွားရောက်၍ ခရိုးဦးကိုပြု၏။ သာကြောင်းမာကြောင်းများ မေးမြန်းပြောဆိုပြီး-

"ဆရာကြီးမြစကြာခင်ဗျာ၊ ဒီနှစ် ဝါမဝင်ခင်မှာ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရာအမှန်ဖြစ်တဲ့ နိဗ္ဗာန်ကိုရည်သန်ဆုတောင်းအာရုံပြုပြီး ရင်နှစ်သည်းချာ မြေးရတနာများကို ရှစ်ပါးပရိက္ခရာစုံလင်စွာနဲ့ ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်တဲ့ သံဃပူဇနမင်္ဂလာအလှူပွဲကြီးကျင်းပဖို့ မင်္ဂလာအလှူရက် ရွေးပေးစေချင်ပါတယ် ဆရာကြီး" ဟု ဂါရဝတရားရှေ့



www.burmeseclassic.com

www.burmeseclassic.com



ထား၍ ပြောကြားလိုက်သည်။

ဆရာကြီးမြစကြာက

"အိမ်း သာဓု သာဓု သာဓု၊ မင်္ဂလာ (၁၂) ပါးအနက် ဗုဒ္ဓပူဇနမင်္ဂလာ၊ သံဃပူဇနမင်္ဂလာ၊ ပဗ္ဗဇ္ဇမင်္ဂလာတို့ဟာ မွန်မြတ်တဲ့ အလှူမင်္ဂလာတွေဖြစ်ပါတယ်၊ မင်္ဂလာဆိုတာ ကြီးပွားချမ်းသာခြင်း အကြောင်းဟူသမျှကိုလည်းကောင်း၊ မကောင်းအာရုံ၊ မကောင်းစကား၊ မကောင်းသောအပြုအမူ ဟူသမျှ ဖြတ်တောက်ပစ်ပယ်ခြင်းကို ခေါ်ဆိုတာပါ၊ သဗ္ဗညုတဗုဒ္ဓဘုရားရှင်လက်ထက်က သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်အတွင်းမှာ သိကြားမင်းကို မင်္ဂလာတရား (၃၈) ပါးကို ရှင်းလင်းဟောကြားခဲ့ဖူးပါတယ်၊ လောကုတ္တရာမင်္ဂလာတွေပေါ့"

"ဟုတ်ကဲ့ဆရာကြီး၊ မင်္ဂလာတရား (၃၈) ပါးကို ဘုန်းကြီးကျောင်းသားဘဝတုန်းက မင်္ဂလသုတ်ထဲမှာ ကျက်မှတ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ လောကီမင်္ဂလာ (၁၂) ပါးကို မမှတ်မိလို့ ရှင်းပြပေးစေချင်ပါတယ်"

"အိမ်း ဟုတ်ပါ့၊ ဟုတ်ပါ့၊ ယခုခေတ် လုပ်နေလေ့ရှိတဲ့





မင်္ဂလာတွေကတော့ . . .

(၁) ထိမ်းမြားခြင်းမင်္ဂလာ၊

(၂) ဦးခေါင်းဆေးကင်ပွန်းတပ်မင်္ဂလာ၊

(၃) နားထွင်းနားသမင်္ဂလာ၊

(၄) အိမ်သစ်တက်မင်္ဂလာ၊

(၅) အလှူတော်မင်္ဂလာတွေပေါ့ကွယ်၊ ရှေးတုန်းက ပြုလုပ်လေ့ရှိတဲ့ မင်္ဂလာ (၁၂) ပါးကတော့

(၁) ဘုရားကိုပူဇော်စေခြင်း–ဗုဒ္ဓပူဇနမင်္ဂလာ၊

(၂) သံဃာတော်မြတ်ကိုပူဇော်ခြင်း–သံဃပူဇနမင်္ဂလာ၊

(၃) နေလနက္ခတ်တို့ကိုပြခြင်း–ရဝိန္ဒုဒဿနမင်္ဂလာ၊

(၄) နတ်တို့အားတင်မြှောက်ပသခြင်း–ဒေဝပူဇာမင်္ဂလာ၊

(၅) ရှင်သာမဏေအဖြစ်သွတ်သွင်းခြင်း–ပဗ္ဗဇ္ဇမင်္ဂလာ၊

(၆) ထိမ်းမြားလက်ထပ်ခြင်း–အာဝါဟဝိဝါဟမင်္ဂလာ၊

(၇) ဆယင်ပုခက်တင်ခြင်း–ဒေါဠကရဏမင်္ဂလာ၊

(၈) နာမည်ပေးခြင်း–နာမကရဏမင်္ဂလာ၊

(၉) နားထွင်းနားသခြင်း–ကဏ္ဏဝိဇ္ဈနမင်္ဂလာ၊



www.burmeseclassic.com

www.burmeseclassic.com



(၁၀) ဆံပင်ကိုဖြတ်ခြင်း–ကေသစ္ဆေဒနမင်္ဂလာ၊

(၁၁) ထမင်းခွံ့ခြင်း–ဘတ္တာဟာရဏာမင်္ဂလာ၊

(၁၂) ဦးခေါင်းဆေးလျှော်ခြင်း–သကြ္ကန္တ မင်္ဂလာတွေပါပဲ၊ တစ်လက်စထဲ ပြောပြချင်တာကတော့ ဘုရားရှင်က တပည့်ရဟန်းတွေကို မင်္ဂလာအကြောင်း ဆုံးဖြတ်ပေးခဲ့ပုံလေးက ဒီလိုပါ”

အိုချစ်သားတို့ ရှေးအတိတ်ဘဝက ငါဘုရားရှင်ဟာ မဟာရက္ခိတအမည်နဲ့ ရသေ့ဖြစ်ခဲ့ဖူးတယ်၊ ငါ့မှာ တပည့်ရသေ့တစ်ဦးလည်း ရှိခဲ့တယ်၊ ထိုတပည့်က ငါဘုရားရှင်လက်ထက်မှာ ယခု ရှင်သာရိပုတ္တရာပင် ဖြစ်ပါတယ်။

တစ်နေ့မှာ ရှင်သာရိပုတ္တရာတပည့်က ငါ့ထံကိုချဉ်းကပ်ပြီး လောကမှာ မင်္ဂလာအမျိုးမျိုး ပေါ်ပေါက်နေပါတယ်။ ကြီးပွားချမ်းသာကြောင်း မင်္ဂလာဆိုတာ အဘယ်နည်းလဲဟု မေးမြန်းလျှောက်ထားပါတယ်။ ဒါကြောင့် ငါ ဘုရားရှင်ဟောကြားခဲ့တဲ့ မင်္ဂလာရှစ်မျိုးကတော့

(၁) သတ္တဝါခပ်သိမ်းတို့ကို မေတ္တာနဲ့ချဉ်းကပ်ပြီး အလုပ်အကျွေးပြုစုပါ။ ဤသို့ပြုခြင်းက မင်္ဂလာမည်ပါတယ်။





(၂) မိမိကိုယ်ကို နှိမ့်ချပါ။ မိမိကို ရင့်သီးစွာ ပြောဆိုတိုက်ခိုက်စေဦး သည်းခံချိုသာတဲ့စကားနဲ့ တုန့်ပြန်ပြောဆိုပါ။ ဤသို့ပြုရခင်းက မင်္ဂလာမည်ပါတယ်။

(၃) ပညာဂုဏ်၊ ဥစ္စာဂုဏ်၊ ဆွေဂုဏ်၊ မျိုးဂုဏ်တို့နဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မထေမဲ့မြင် မပြုသင့်ပါ။ ဤသို့ရှောင်ကြဉ်နိုင်ခြင်းက မင်္ဂလာမည်ပါတယ်။

(၄) မိတ်ဆွေတို့နှင့်ဖြစ်စေ၊ အခြားသူတို့နှင့်ဖြစ်စေ မည်သည့်အခါမှ ငြင်းခုံခြင်းမပြုသင့်ပါ။ ထိုသူတို့အား တတ်နိုင်သမျှကူညီစောင့်ရှောက်ပြီး နှီးနှောဝိုင်းပင်မှုကိုပြုပါ။ ဤသို့ပြုခြင်းက မင်္ဂလာမည်ပါတယ်။

(၅) အကြွင်သူအား သက်တူရွယ်တူ မှု မယား၊ စိတ်တူသဘောတူ မယား၊ လင်အလိုလိုက်၊ လင်အကြိုက်ကိုဆောင်သော မယား၊ သားသမီးထွန်းကားသော မယား၊ မျိုးကောင်းဆွေသန့် မယား၊ အကျင့်ကောင်းသော မယား၊ အဆင်းနှင့်အချင်းရှိသော မယားရှိအံ့ ထိုသူအဖို့ မင်္ဂလာမည်ပါပေတယ်။

(၆) အလုပ်သမားတို့ရဲ့ အရည်အချင်းကို သိတတ်အံ့



www.burmeseclassic.com

www.burmeseclassic.com



မင်း၊ အစိုးရ၊ လုပ်ငန်းပိုင်ရှင်၊ အကြီးအကဲတို့ထံ ခစားအလုပ်လုပ်ရခြင်းကလည်း မင်္ဂလာမည်ပါတယ်။

(၇) စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ ထမင်း၊ အဖျော်ယမကာ၊ ပန်းနံ့သာ စသည်တို့ကို မိမိစိတ်ကြိုက် လှူရခြင်းကလည်း မင်္ဂလာမည်ပါတယ်၊

(၈) အကျင့်သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်မြတ်တို့ရဲ့ အဆုံးအမသြဝါဒကိုခံယူပြီး အရိယာဓမ္မကို ကျင့်ကြံအားထုတ်ခြင်းကိုလည်း မင်္ဂလာမည်ပါတယ်လို့ 'ဒသနိပါတ် မဟာမင်္ဂလဇာတက' ထဲမှာ ဖော်ပြထားပါတယ်။ ဒါတွေဟာ ခုခေတ်ကာလထိ လိုက်နာကျင့်သုံးကြမယ်ဆိုရင် ကြီးပွားချမ်းသာရာအကြောင်းတွေ မဟုတ်လားကွဲ့"


"ဟုတ်ပါတယ်ဆရာကြီး၊ ခုခေတ်တက်ကျမ်းတွေနဲ့ မိတ္တဗလဒ္ဓိကာစာအုပ်တွေဟာ ဘုရားဟော မင်္ဂလာတရားထဲက သဘောမျိုးတွေကို ပြန်ရေးထားကြတာပါပဲ"

"ဒါကြောင့်လည်း 'ပစ္စုပ္ပန်၊ သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မပြတ်ချစ်ခင်၊ မိတ်ကျွမ်း





ဝင်၍၊ မြဲပင်စင်းလျှင်း ပေါင်းယှဉ်မင်း' ဆိုပြီး ပိဋကတ်ဗေဒင်ဘတ်ကျွမ်းတဲ့ ရခိုင်သူမြတ်က စပ်ဆိုခဲ့တာပေါ့၊ ကဲ ကဲ ရှင်ပြုရန်ကောင်းတဲ့ မင်္ဂလာရက်မြတ်ကို ရွေးချယ်ကြစို့" ဟုဆိုကာ နက္ခတ်နည်းဖြင့် တွက်ချက်လိုက်သော ကောဇာကို အောက်ပါအတိုင်း တွေ့ရှိရလေသည်။




"ဒီလအတွင်းမှာ မတာင်္ဂယုဂ်ရရှိစေတဲ့နေ့မို့ ဒီနေ့ကို အရှုကြီးရက်အဖြစ် သတ်မှတ်လိုက်ပါ ကိုဗကြည်"

"ဟုတ်ကဲ့ ဆရာကြီး၊ မတင်္ဂယုတ်ရဲ့ အဓိပ္ပာယ်လေးကို ဗဟုသုအဖြစ် သိပါရစေခင်ဗျ"



www.burmeseclassic.com

"မတင်္ဂယုဂ်ဆိုတာ 'လောကအကျိုး၊ ဆွေမျိုးအကျိုး၊ ဘာသာရေးအကျိုးတို့ကို ဆောင်ရွက်ရတဲ့ယုဂ်' ပေါ့၊ အဲဒီနေ့ဟာ မင်္ဂလာကိစ္စရပ်များအတွက် အထူးကောင်းမွန်တဲ့ရက်ဖြစ်တာမို့ အလှူအတန်းလုပ်တာမျိုး၊ မင်္ဂလာဆောင်ပွဲကျင်းပတာမျိုးကို ဒီလိုရက်မျိုးရွေးချယ်ရင် အထူးအောင်မြင်တာပေါ့၊ ဒီလိုရက်မျိုးမှာ ရေတွင်း၊ ရေကန်တူး၊ အိမ်ပန္နက်၊ တိုက်ပန္နက်ရိုက်၊ စပါးစိုက်ပျိုးရိတ်သိမ်း၊ ကျွဲသွင်း၊ ထီထိုးပါက အရှေ့အရပ်မျက်နှာမူပြီး ရတနာသုံးပါးကို ပူဇော်ကန်တော့ပါ၊ ငွေကြေးအရင်းအနှီး မြှုပ်နှံလုပ်ကိုင်ရတဲ့ လုပ်ငန်းမျိုး၊ လိုင်းကားထောင်တာမျိုး၊ အိမ်သစ်၊ တိုက်သစ်တက်တာမျိုးတွေပါ လုပ်မယ်ဆိုရင်လည်း ကောင်းမြတ်တဲ့ အခါရက်ကြီးပေါ့ဗျာ"

"ကောင်းပါပြီဆရာကြီး၊ ဒီရက်ပိုင်းအတွင်း ပရိက္ခရာပစ္စည်းတွေ မြို့ပေါ်ဝယ်ဖို့ အမြန်စီစဉ်ပါတော့မယ်၊ ဆရာကြီးကော ဒီတစ်ခေါက် ကြာကြာနေနိုင်ဦးမလား"

"အင်း ကျုပ်လည်း ဒီ ဝတ်လဲတောင်ပေါ်နဲ့ ခင်လယ်တောင် ရဟန္တာချောင်းက ဓာတ်တော်တွေယူပြီး ဒိုက်ဦးမြို့





အရှေ့ဘက်မှာရှိတဲ့ ဖအောင်ပဲရွာက ဦးအိန္ဒြာစရိယနဲ့ ချိန်းထားတဲ့ဆီကို ပြန်သွားရလိမ့်ဦးမယ် ဦးဗကြည်ရေ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒီလိုဆိုရင်ခွင့်ပြုပါဦး၊ နောက်နေ့တွေမှ ဆရာကြီးမြစကြာတို့ ဆရာတပည့်ကို ထမင်းဖိတ်ကျွေးဖို့ စီစဉ်ထားပါမယ်၊ ဆရာကြီးက သက်သတ်လွတ်ဟင်းဆိုတော့ အဆင်သင့် မဖြစ်သေးလို့ပါ"

"အို ရပါတယ် ကိုဗကြည်ရယ်၊ ကျုပ်အတွက် တကူးတက လုပ်မနေပါနဲ့"

သို့ဖြင့် နတ်လွဲရွာသူကြီး ဦးဗကြည်တစ်ယောက် ဆရာကြီးမြစကြာထံပါးမှ ပြန်လာခဲ့ပြီး မျက်နှာကြီးကို ပြုံးဖြီးဖြီးနှင့် ကျေနပ်ကြည်နူးနေသည်ကို တွေ့ရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် သူ့အလှူအဝင်နေ့ ရှင်လောင်းလှည့်ပွဲအတွက် ဈေးတည့်၍ဝယ်ထားပြီးပြီဖြစ်သည့် ခြေပြေနွားပြာကြီး တစ်ရှဉ်းကို ခြောက်စထောင်လှည်းယာဉ်ကျော့မှာ မောင်းရပေတော့မည် ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com



ရာဇာသဗ္ဗ၊ သျှိုသုံးဝဟု
ပိယအရာ၊ သိဒ္ဓိဖြာသား
ခရာဝဏ္ဏ၊ မြွတ်စာမကို
လေးဝစုံညီ၊ လေးလုံးစီဖြင့်
တာလိပတ္တ၊ ကာလမနား
ရွက်လွှာပါးဝယ်၊ ရေငြားတုံဘိ
အင်္ဂိရျာပန၊ ရှုရှည့်နှ
ပြာအစုကို၊ အနုပိယေ
သုံးကြစေဟု၊ ပေဝယ်ထင်ရှား
အမှတ်ထားသည်၊
လေးပါးတေတ်ရှင်စာမတည်း။

(ဝိဇ္ဇာသာရ)





သူကြီးဦးဗကြည် ပြန်သွားပြီးနောက် ကုတ်ချောင်းကုတ်ချောင်းနှင့် သားဖြစ်သူ ကြွက်သိုးတစ်ယောက် ရောက်လာ၏။ သို့သော် ဆရာကြီးမြစကြာဆီသို့ တန်းမသွားရဲသေး။ ဆရာကြီး၏ တပည့်ရင်းဖြစ်သူ ကိုခင်မောင်ဦးအနားသို့ သွားရောက်စုံစမ်းကြည့်ရသည်။

"အစ်ကိုကြီးခင်မောင်ဦး၊ ကျုပ်ကိုတစ်ဆိတ်လောက် အကူအညီပေးစမ်းပါဗျာ"

"ဘာ အကူအညီပေးရမှာလဲ မောင်ကြွက်သိုးရ၊ မင်းရဲ့ကားပလ္လင်ခံနေပုံက အဆန်းတော့ အဆန်းသားပဲဟေ့"

"အဟဲ ဒီလိုဗျ၊ ဟို ဟိုလေ၊ ကျုပ် ကျုပ် ဝါမဝင်ခင်မိန်းမလိုချင်လို့၊ အဲဒါ ဆရာကြီးမြစကြာကို အကူအညီပေးဖို့ပြောပေးစမ်းပါလို့"

"သြော် ဒီကိစ္စလား၊ ဂါထာမေးတေးဖြစ်ဆိုသလို အစီအရင်လုပ်ပေးလိုက်ရင် သစ္စာတရားစောင့်ထိန်းမှုနဲ့ ကံငါးပါးမစောင့်ထိန်းကြတဲ့သူတွေများလို့ ဒီလိုကိစ္စမျိုးမှန်သမျှကို ဆရာကြီးမြစကြာက ဘယ်သူမှ လုပ်ပေးတော့တာမဟုတ်ဘူး မောင်ကြွက်



www.burmeseclassic.com

www.burmeseclassic.com



သိုးရဲ့"

ခဲလေသမျှ သဲရေကျဆိုသလို ရောက်ရောက်ချင်းပင် ဆောက်နှင့်အထွင်းခံလိုက်ရသည်။ နေပူထဲမှ အမောတကော ပြေးလာသူကို နေရိပ်အောက်ရောက်မှ အကာန်ခံလိုက်ရသလိုလည်း ဖြစ်နေတော့သည်။

ထို့ကြောင့် မျက်နှာကို တတ်နိုင်သမျှ မျက်နှာချိုသွေးလိုက်ပြီး

"အိုဗျာ အစ်ကိုကြီးခင်မောင်ဦးကလည်း၊ ကျုပ်အကြောင်းကို သိရဲ့သားနဲ့၊ ဘယ်လိုမိန်းမမျိုးကိုပဲဖြစ်ဖြစ် ကျုပ်က မယားမှတ်မှတ်၊ သားမှတ်မှတ်အဖြစ်နဲ့ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းသွားမှာပါဗျာ၊ ပြောသာ ပြောပေးပါနော်"

"အင်း ခက်တော့နေပါပြီ၊ မင်းအဖေ သူကြီးဦးဗကြည် မျက်နှာကလည်း ရှိနေသေးတော့လည်း ဆရာကြီးမြစကြာကို အစ်ကို ဝတ္တရားအတိုင်း ပြောပေးမယ်၊ လုပ်ပေးမယ်၊ မလုပ်ပေးဘူးဆိုတာကတော့ ဆရာကြီးရဲ့ဆုံးဖြတ်မှုအပိုင်းမို့ အာမတော့ မခံဘူးနော်"





မျှော်လင့်ချက်ရောင်ခြည်ကလေးက မောင်ကြွက်သိုး၏ဘဝအမှောင်ထဲသို့ လင်းလက်လာသလိုပင် ဖြစ်သည်။

"ဟုတ်ပါပြီ အစ်ကိုခင်မောင်ဦးရယ်၊ ကျုပ်မှာ သံရွာဘက်က ကောင်မလေးတစ်ယောက်ကို ရည်စူးထားတာ ရှိနေပါတယ်၊ ဒါပေမဲ့ ကောင်မလေးဘက်က လူကြီးတွေက အင်တင်တင်လုပ်နေလို့၊ ကောင်မလေးက ကျုပ်ဘက် စိတ်တွေတိမ်းညွတ်ပြီး ဒိန်တလိန်းနတ်ဖမ်းသလို မနေနိုင်၊ မထိုင်နိုင်တဲ့ ပီယဆေးလေးများ ကိုင်ရင် ကောင်းမလားလို့ပါ"

"အေးပါ မောင်ကြွက်သိုးရာ၊ သိပ်အမွန်းတင်မနေပါနဲ့၊ မင်းကို ဘယ်ကောင်မလေးကမှ တန်းတန်းစွဲအကြိုက်မခံခဲ့ရဘူးဆိုတာ မင်းရဲ့ ဥပဓိရုပ်လက္ခဏာကိုကြည့်လိုက်ရင် သိနိုင်ပါတယ်၊ ဒါပေမဲ့ မိန်းမတစ်ယောက်ကို ကြိုက်နှစ်သက်လို့ လိုက်တော့မယ်ဆိုရင် တော်တော်တန်တန်ဖွဲ့မျိုးနဲ့ မရနိုင်ဘူးကွ၊ မင်းကသလို ကျောက်ပေါက်မာတွေနဲ့ အရုပ်ဆိုးတဲ့သူတောင် ခနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲလင်းတဲ့ ပပဝတီမင်းသမီးကိုတောင် ဖွဲ့ကောင်းလို့ ရယူနိုင်ခဲ့သေးတာ မဟုတ်လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒီ မင်းကုသဆိုတာ ဘုရားအလောင်းဗျ၊ အဲဒီ တုန်းက မင်းကုသကြီးလည်း အလွန်အစွမ်းထက်တဲ့ ပီယသိဒ္ဓိ ဆေးကို စီမံဆောင်ရွက်ခဲ့တယ်လို့ ကြားဖူးတာပဲဗျာ"

"ပေါက်ပေါက်ရှာရှာကွာ၊ မောင်ကြွက်သိုး မင်းစကား တွေက ကျမ်းဂန်နဲ့ မညီဘူးဖြစ်နေတယ်၊ ကျမ်းဂန်နဲ့မညီရင် ကျမ်းစူးတတ်တယ်နော်"

"အမယ်လေး အစ်ကိုခင်မောင်ဦးရာ၊ ကျုပ်မှာ မိန်းမမရ သေးလို့ ကျမ်းတော့ မစူးရပါစေနဲ့ဗျာ၊ မင်းကုသပီယဆေး ကိုင်တာ၊ မကိုင်တာထား၊ ကျုပ်တော့ ဝါမဝင်ခင် အမြန်ကိုင် မှ ဖြစ်တော့မှာမို့ ခင်ဗျားတို့ရဲ့ဆရာကြီးမြစကြာကို အမြန်ဆုံး ပြောပေးပါဦးဗျာ"

သို့ဖြင့် ကိုခင်မောင်ဦးလည်း သခွတ်ပင်က မီးတကျိုကျို ဖြစ်နေမှတော့ ဆရာကြီးမြစကြာအား ရှေ့မျက်နှာနောက်ထား ပြီး ပြောပြလိုက်ရ၏။ ထိုအခါ ဆရာကြီးမြစကြာကလည်း သူကြီးဦးဗကြည်၏ တစ်ဦးတည်းသောသားဖြစ်သူ မောင်ကြွက် သိုးအကြောင်းကို သိနေသဖြင့်





"ကဲ ကဲ မောင်ခင်မောင်ဦးရေ၊ မောင်ကြွက်သိုးကိုသာ အပေါ်ကိုလွှတ်လိုက်ပါကွယ်"

ပျဉ်ထောင်ကာ လေးပင်အိမ်ကြီးအောက်တွင် စောင့်နေ ရစ်သော မောင်ကြွက်သိုးအား ကိုခင်မောင်ဦးက ခေါ်ပေးသဖြင့် မကြာမီ ဆရာကြီးမြစကြာရှေ့သို့ ရောက်လာတော့သည်။

"မောင်ကြွက်သိုးလားဟေ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မောင်ရင်လေးက ပီယဆေးလိုချင်တယ်ဆိုရင် 'ပီယဝါ စာ' ဆိုတဲ့ ချစ်ဖွယ်သောစကားကို ပြောတတ်ရတယ်ကွဲ့၊ အဓိကကတော့ ကံငါးပါးစောင့်ထိန်းနိုင်မှ စွမ်းတယ်၊ စည်း ဖောက်ရင်လည်း ဒဏ်ပြန်ခံရတတ်တယ်နော်"

"ဆရာကြီးပြောတဲ့အတိုင်း လိုက်နာစောင့်ထိန်းပါ့မယ် ခင်ဗျ"

"အိမ်း ဒီလိုဆိုရင် ဗုဒ္ဓ၊ အထက်ဂိုဏ်းဆရာတွေကန် တော့၊ ၈ ပါးသီလခံယူပြီးမှ ဘုရားဂုဏ်တော်တွေဖြစ်တဲ့

(၁) ဣတိပိသောဘဂဝါ – အရဟံ၊



www.burmeseclassic.com

www.burmeseclassic.com



(၂) ဣတိပိသောဘဂဝါ – သမ္မာသမ္ဗုဒ္ဓေါ၊

(၃) ဣတိပိသောဘဂဝါ – ဝိဇ္ဇာစရဏသမ္ပန္နော၊

(၄) ဣတိပိသောဘဂဝါ – သုဂတော၊

(၅) ဣတိပိသောဘဂဝါ – လောကဝိဒူ၊

(၆) ဣတိပိသောဘဂဝါ – အနုတ္တရောပုရိသ ဒမ္မသာရထိ၊

(၇) ဣတိပိသောဘဂဝါ – သတ္ထာဒေဝမနုဿာနံ၊

(၈) ဣတိပိသောဘဂဝါ – ဗုဒ္ဓေါ၊

(၉) ဣတိပိသောဘဂဝါ – ဘဂဝါ၊

ဤအက္ခရာတွေကို အဖြတ်အတောက်မှန်ဖို့ ရွတ်ဆိုရမယ်၊ နောက် ဆက်လက်ပြီး သူ ရဿတိပိယဆေးဖော်နည်းကို ပြောပြမယ်၊ သေချာလိုက်မှတ်ထားနော်၊ မင်းမှာ ဘောလ်ပင်၊ စာရွက်တွေပါလား”

“မပါဘူးခင်ဗျ”

“အိမ်း ဟုတ်ပြီ၊ တို့မြန်မာလူမျိုးတွေဟာ ဆေးသာတောင်းချင်ကြတာ၊ ဆေးဘူး ဘယ်တော့မှ ယူမလာတတ်ကြသလိုပါပဲကွဲ့၊ ကဲ ကဲ ပို့မယ့်ပို့ ကူးတို့ထိပို့ဆိုတဲ့ မြန်မာစကားလည်း





ရှိနေလေတော့ ဆရာကြီးဆီကပဲ ဘောလ်ပင်၊ စာရွက်တွေယူပြီး သေချာလိုက်မှတ်ထားကွဲ့”

“ဟုတ်ကဲ့ဆရာကြီး”

“ပထမဆုံး နံ့သာဖြူတုံးကို သုံ့ရဿတိရုပ် ထုရမယ်၊ ထုလုပ်စဉ် ရွတ်ဆိုရမယ့် ဂါထာကတော့ ‘ဥုမ် မာတာဒေဝီစ သွရဿတီ၊ ဥခမဝ၊ ဧဌေဒေဝီစ၊ မာတာသွရဿတီ၊ ဝစဇေ၊ အမ္မောဇမဝမေ၊ မာတာသွရဿတီ၊ ကတဥသ၊ ဗေဟိအယျ၊ ပလိသဇမေသွရဿတီ၊ သုအာဟယျသွဟိ’၊ အနည်းဆုံး ၇ ခေါက်ရွတ်ပြီးထု၊ ကိုယ်မှာ အမြဲဆောင်ထား၊ အလိုရှိသော် အထက်က ဂါထာကိုရွတ်ပေါ့ကွယ်”

“ဟုတ်ကဲ့ခင်ဗျ”

“ဆက်လက်ပြီး ပြောပြချင်တာကတော့ ပီယသိဒ္ဓိစာမရုပ်ကို ပြောပြမယ်ကွဲ့၊ သူကတော့ လောကီသိဒ္ဓိသိုက်ကျမ်းထဲက ရသေ့ရှစ်သောင်း ဆရာအပေါင်းတို့ရဲ့ စာမအစီအရင်မို့ နောက်လူတွေအတွက် မှတ်သားလွယ်ရအောင် အလင်္ကာလေးပေါ့”

*‘ပီယောဒေဝမနုဿနံ၊ ဥုမ်မခံဘဲ*



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်လျှံကဲတင့်၊ မျက်နှာပွင့်လျက်
ကညာရာဇ၊ ဣတ္ထိယနှင့်
သဗ္ဗပီယော၊ သျှိုသဘောကို
လိုသောအလျောက်၊ ပြီးတုံမြောက်လိမ့်
ထွန်းပေါက်နှံ့သိ၊ စာမ,ရှိဖြင့်
သိဒ္ဓိအမျိုး၊ ဗျည်းအကျိုးလျှင်
မိုးယုံထက်ချာ၊ နတ်ကညာမှ
သက်လျှာနှိုးနွယ်၊ မေတ္တာလှယ်လိမ့်။
လှုဝယ်သဘော၊ အသို့ပြောဟု
အပေါအစ္ဆရိ၊ စွမ်းအရှိကို
ဣသိမိုးပျံ၊ ပညာဖန်သည်
ပီယံသိဒ္ဓိစာမတည်း။

(ဤနေရာတွင် ဝတ္ထု၏ဖြစ်စဉ်သဘောအရ ဇာတ်လေးသွားမည်စိုးရပါသဖြင့် သိဒ္ဓိအမျိုးမျိုးတို့ စီရင်ရသော နက္ခတ်အဝင်အထွက်ရွေးနည်းနှင့် အစွမ်းထက်သော ဝိဇ္ဇာသာရကျမ်းနည်းပညာများကို ဆရာကြီးမြစကြာမှ ကျွန်ုပ်အား သင်ကြား





ပြောပြခဲ့သော်လည်း ဆက်လက်ဖော်မပြတော့ပါ။ ပညာဗဟုသုတအလိုရှိတော်မူသော အမျိုးကောင်းသားသမီး စာဖတ်ပရိသတ်မည်သူမဆို စာရေးသူ 'အောင်ကျော်စွာ' ထံ အောက်ဖော်ပြပါလိပ်စာအတိုင်း (တံဆိပ်ခေါင်းအပိုထည့်၍) ဆက်သွယ်တောင်းယူပါက လိပ်စာအတိုင်း (အခမဲ့) ပို့ပေးမည်ဖြစ်ပါသဖြင့် ချန်လှပ်ထားခဲ့ရသည်ကို တောင်းပန်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
အောင်ကျော်စွာ
ရသမြားအနုပညာထုတ်လုပ်ရေး
အမှတ် (၂၅)၊ စိန်ချယ်လမ်း၊
(၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



သက်ဝေရအောင်၊ ကြိုးပမ်းဆောင်၍
လှခေါင်နတ်ဆင်း၊ စုလည်းကွင်းနှင့်
ညခင်းမြင်လစ်၊ ရွက်သစ်သစ်၏
ဆစ်ဆစ်ဌာန၊ မသိရသော်
သကျွေရွှေပွ၊ မြတ်နှစ်ဆုဝယ်
ကြည်ဖြူစိတ်ရွှင်း၊ တောင်းလျှောက်လင်းသည်
မယွင်းဆွေသူ၊ ကြင်ဆွေသူ။

(ရှင်သူရဲ)

ပန်းလောင်မြစ်တစ်လျှောက် ဘောင်ခတ်ရန် တိုင်းတာမှု ကို အလုပ်သမားများနှင့် ကွင်းဆင်းခဲ့ကြပြီး တည်းခိုရာ ဓမ္မာရုံ





သို့ ပြန်ရောက်ခဲ့သည်။ ကိုစန်းမြင့် ဦးဆောင်၍ ထမင်းဟင်းများ ချက်ပြုတ်နေကြောင်း တွေ့ရသည်။ ကိုကျော်ဝင်းတစ်ယောက် မှာ ကွင်းဆင်းအပြန်တွင် သူကြီးဦးဗကြည်မှ အလှူပွဲအစည်း အဝေးအတွက်ခေါ်သဖြင့် နောက်ကျပြီးမှ ပြန်လာခဲ့ရ၏။

"စန်းမြင့်ရေ၊ သူကြီးဦးဗကြည်ကပြောတယ်၊ သူ့အလှူ အတွက် လိုအပ်တဲ့ပစ္စည်းတွေနဲ့၊ ရှင်လောင်းတွေအတွက် မင်း ဝတ်တန်ဆာတို့၊ ကွမ်းတောင်၊ ပန်းတောင်ကိုင်တွေအတွက် ချိတ်လုံချည်၊ အင်္ကျီ၊ ပဝါတွေငှားဖို့အတွက် မြစ်သားမြို့ပေါ်ကို လိုက်ခဲ့ပါဦးတဲ့၊ အဲဒါ မင်းပဲလိုက်သွားကွာ"

"ခင်ဗျားကော ပြန်မလိုက်ဘူးလား ကိုကျော်ဝင်း"

"တို့အဖွဲ့က တစ်ယောက်လိုက်တယ်ဆိုရင် တော်ရော ပေါ့ကွာ၊ လက်ကျန်တိုင်းတာဖို့ မြင်းရှာကြီးဘက်ထိ ကျန်နေ သေးတာမို့ ပြီးပြတ်အောင် ကျန်တဲ့လေဘာအလုပ်သမားအဖွဲ့ နဲ့ ဆက်တိုင်းထားလိုက်မယ်ကွာ"

"အင်းလေ၊ ဒါကတော့ ကိုကျော်ဝင်းသဘောပေါ့၊ ဒီဘက် ကမ်းကလည်း (မထောင်းသာတောင်ခြေ) ကျော်တာနဲ့ ငှက်



www.burmeseclassic.com

www.burmeseclassic.com



ပျောစိုက်ခင်းတွေထဲဖြတ်ပြီး တိုင်းတာရမှာဆိုတော့ ခြံသမားတွေက စိုက်ခင်းအဖျက်ခံရမှာစိုးလို့ သိပ်ကျေနပ်ကြတာ မဟုတ်ဘူးဗျ"

"ဒါကတော့ ကင်းတားစီမံကိန်းရေးဆွဲပြီးသားကိစ္စကို ဆည်မြောင်းအဖွဲ့က ဆောင်ရွက်ရတာ၊ မိုးတွင်းရေကြီးရင် ရွာတွေ ရေတက်မယ့်အန္တရာယ်ကို ကြိုတင်ကာကွယ်ကြတာမို့ လူနည်းစုမျက်နှာကိုမကြည့်ဘဲ လူများစုအကျိုးကို ကြည့်ရမှာပဲလေ၊ ကဲ ကဲ စန်းမြင့်ရေ၊ အလုပ်ကိစ္စတွေ နောက်မှဆွေးနွေးကြတာပေါ့ကွာ၊ သူကြီးဦးဗကြည်ကလည်း သူ့သားကြွက်သိုးလိုပဲ လောတတ်တယ်"

တွေးထင်သည့်အတိုင်း ရွာလည်မှာရုံရှေ့မှ သူကြီးဦးဗကြည်၏အသံကိုကြားလိုက်ရသည်။

"ဆရာလေးတို့ရေ သွားကြရအောင်ဗျို့"

"ဟာ သူကြီးကလည်း စောပါသေးတယ်၊ ညနေမှ သွားကြမှာမဟုတ်လား"

"မြို့နယ် စိုက်/ဘဏ်အဖွဲ့တွေပြန်ဖို့ ရွာခိုင်ကြီး တိုက်





ယ်ရုံးထဲမှာ လော်လီကားကြီးတစ်စီး ရောက်နေတယ်လို့သတင်းထားတယ်၊ အဲဒီကားကြုံနဲ့ လိုက်သွားကြရအောင်လေ"

"ဒါဆိုလည်း သွားကြတာပေါ့၊ ကျွန်တော် ထမင်းစားလိုက်ဦးမယ်"

"စားမနေနဲ့တော့ ဆရာရေ၊ ကျုပ်တောင် ရွာခိုင်ကြီးရောက်ရင် 'ကိုမြင့်သိန်း+မကြည်ဝင်း လက်ဖက်ရည်ဆိုင်' မှာ ကိုမြင့်ဟန်လုပ်တဲ့ အီကြာကွေးကို စားလိုက်တယ်ဆိုရင် ဗိုက်ပြည့်သွားတာဗျ၊ ရွာခိုင်ကြီးရောက်မှ စားကြတာပေါ့"

သို့ဖြင့် သူကြီးဦးဗကြည်နှင့် ကိုစန်းမြင့်တို့နှစ်ဦးအပြင် ရွာထဲရှိ လူကြီးတချို့ပါ လိုက်ပါသွား၍ လှည်းတာဝန်ကျသော ကိုတင်ထွေလှည်းဖြင့် ထွက်ခွာသွားကြပြီးနောက် နေ့လည်စာကို စားရန် ပြင်ဆင်နေချိန်တွင် သူကြီးသားကြွက်သိုးက ရောက်လာပြန်သည်။

"ဆရာလေးကိုကျော်ဝင်းရေ၊ ဘာတွေလုပ်နေတာလဲဗျ"

"ထမင်းစားမလို့ဟော့၊ လာ [illegible]ည်းစားသွားကွာ"

"စားမနေပါနဲ့ဆရာရယ်၊ ကျုပ်နဲ့အမြန်လိုက်ခဲ့ပါဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ၊ ငါက ဘယ်ကိုလိုက်ရမှာလဲ၊ မင်းမှာကလည်း ရေး ကြီးသုတ်ပြာနဲ့၊ ဘာကိစ္စလဲကွ"

မောင်ကြွက်သိုးတစ်ယောက် ဓမ္မာရုံအတွင်းထဲသို့ ဝင်လာ ပြီး ရုက်ကိုးရက်ကန်းအမူအရာဖြင့်

"ဟဲ ဟဲ၊ ဝါဝင်ဖို့က နှစ်ပတ်လောက် လိုတော့တယ် ဆရာကျော်ဝင်းရဲ့၊ နောက်ပြီး ဒီနေ့က ပိယသိဒ္ဓိကိုစိရင်ရတဲ့ အဝင်နက္ခတ်နဲ့ ကြုံတဲ့ရက်ဆရာရဲ့၊ ဒါကြောင့် ဝါမဝင်ခင် မိန်းမသွားတောင်းမလို့၊ အဲဒါ ဟို ဟို"

"မင်းအဖေ သူကြီးဦးဗကြည်နဲ့ စန်းမြင့်ရယ်၊ လူကြီး တချို့ရယ် အစောကမှ ရွာခိုင်ကြီးကတစ်ဆင့် မြစ်သားမြို့ပေါ် ထွက်သွားကြတယ်ဟ၊ မင်းအဖေမရှိဘဲ ဘယ်လိုလုပ် မိန်းမသွား တောင်းမလဲကွ"

"ဟာဗျာ ကျုပ်အဖေက ကျုပ်ကို ဝါကျွတ်ပြီးမှ တောင်း ပေးမှာဗျ၊ ဒီဝါတွင်းလေးလကြီးကို ကျုပ်မစောင့်နိုင်တော့ဘူး၊ ပြီးတော့ ဒီနှစ်က ဝါထပ်တယ်ဗျ၊ အဲဒါကြောင့် အဖေလည်း မရှိတုန်းနဲ့ အဝင်နက္ခတ်ကြုံတဲ့ရက်မို့ တက်သုတ်ရိုက်ပြီး သွားရ





မှာလေ၊ အဲဒါ ဆရာကိုကျော်ဝင်းကို လာခေါ်တာ၊ ကျုပ်ကို ကူညီပါ ဆရာကျော်ဝင်းရယ်"

"မင်းရဲ့အုပ်ထိန်းသူမိဘမပါဘဲနဲ့ ဘယ်လိုလုပ်ပြီး တောင်း မှာလဲ၊ လူကြီးတွေကို ခေါ်ရအောင်လည်း တချို့လူကြီးတွေက မြစ်သားမြို့ပေါ်အထိ လိုက်သွားကြမယ်၊ တချို့လူကြီးတွေက ရွာခိုင်ကြီးတိုက်နယ်ရုံးကို သွားကြပြီမဟုတ်လား"

"အဲဒါကြောင့် ဆရာကျော်ဝင်းကို လူကြီးအရာထားပြီး ခေါ်နေရတာပေါ့ဗျ၊ ဟို ဝါးထင်းကန်ထရိုက်လုပ်တဲ့ ဆရာတို့ သူငယ်ချင်း ကိုဇော်ဦးကျော်ကလည်း ပြန်ရောက်မလာသေးလို့ ပေါ့ဗျာ၊ ကိုဇော်ဦးကျော်ပြန်ရောက်ပြီး ထွန်စက်ကြီးပါလာရင် လည်း အဲဒီထွန်စက်ကြီးနဲ့ သွားတောင်းပေးမယ်လို့ ကတိပေး သွားတယ်ဗျ"

"အခုလို မင်းအဖေ သူကြီးဦးဗကြည်မသိပဲနဲ့တော့ ငါ လိုက်ရဲဘူးကွာ"

"ဆရာကျော်ဝင်းကလည်းဗျာ၊ အဖေက ကျုပ်ကိစ္စကို သဘောမတူတာမှ မဟုတ်ဘဲနဲ့၊ အလှူကိစ္စနဲ့ရှုပ်နေလို့သာ၊ မအား



www.burmeseclassic.com

www.burmeseclassic.com



လို့ ဝါကျွတ်မှ စီစဉ်ခိုင်းတာဗျ၊ ဝါတွင်းမှာက မင်္ဂလာဆောင်တို့၊ ရေစပ်တာတို့၊ တောင်းရမ်းတာတို့ဆိုတာ မလုပ်ကောင်းဘူးလို့ ပြောကြတယ်မဟုတ်လား၊ ဒါပေမဲ့ ယူပြီးပေါင်းသင်းနေလို့က ရပါတယ်ဗျာ၊ ဆရာကျော်ဝင်းက အခုလိုက်ပြီး တောင်းပေးပါနော်၊ ကျုပ်က ကောင်မလေးကို ပိယသိဒ္ဓိအဆောင်နဲ့ ပိယဆေးကျွေးပြီး တစ်ခါတည်းခေါ်လာခဲ့မယ်၊ ဟော ဝါကျွတ်တော့ အဖေက မင်္ဂလာဆောင်ပေးမှာပဲ၊ အဖေ ကျုပ်ကို သားတစ်ယောက်တည်းပါတာဆိုတော့ အချစ်ဆုံးပါဗျ၊ အခုလက်ရှိ အခြေအနေအရတော့ အဖေ ကျုပ်ကိုစိတ်ခုနေလို့ပါဗျာ၊ ကဲပါ အခု ဆရာကျော်ဝင်းသာ လိုက်တောင်းပေးပါ၊ ဆရာကျော်ဝင်းကိုလည်း ကျုပ်အဖေကဆူမှာမဟုတ်ပါဘူး၊ သူ့ကိုယ်စား တောင်းရမ်းပေးလို့ အရမ်းကျေးဇူးတင်နေမှာပါဗျာ"

"ဟကောင် မောင်ကြွက်သိုးရဲ့၊ မိန်းမတစ်ယောက်တောင်းရတယ်ဆိုတာ လွယ်မယ်လို့ ထင်မှတ်နေသလား၊ ကာလသားကြေးက ထောင်ချီ၊ သောင်းချီပေးရမှာ၊ ပြီးတော့ ကန်တော့ပွဲတို့၊ ခန်းဝင်ပစ္စည်းတို့၊ ဘာတို့ညာတို့ကိုလည်း စီစဉ်ရဦးမှာမဟုတ်လား"





"အို အဲဒါတွေလား ဆရာကျော်ဝင်း၊ မပူနဲ့ အကုန်စီစဉ်ပြီးသားခင်ဗျ၊ အင်း အခုနေသာ သွားလေသူ အမေသာရှိခဲ့ရင် အရာရာ သူကိုယ်တိုင် စီစဉ်ပေးမှာ မြင်ယောင်မိသေးတယ်ဗျာ၊ အခုတော့ ကျုပ် မိန်းမတောင်းဖို့ကိုတောင် မစောင့်နိုင်တော့ဘဲ စောစောစီးစီး အသေစေရတယ်ဗျာ"

ငိုသံပါကြီးနှင့် ကြွက်သိုးက အိုက်တင်ပြလိုက်သဖြင့် ကိုကျော်ဝင်း အမှန်အကန် သနားသွားတော့သည်။

"ဟဲ့ကောင် ကြွက်သိုး၊ နင် ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့၊ အခု မိန်းမသွားတောင်းမယ့်ကိစ္စမှာ ဘယ်သူတွေပါသေးသလဲ"

"ရွာမြောက်ပိုင်းက နတ်ကတော် မဝင်းရယ်၊ ဆယ်အိမ်ခေါင်းသန်းလှိုင်နဲ့ ကာလသားခေါင်း ကိုကျော်ကွန့်ရယ်၊ ဆရာကျော်ဝင်းရယ်ဆိုရင် လေးယောက်၊ ကျုပ်နဲ့ဆိုရင် ငါးယောက်ပေါ့၊ ဒါနဲ့ ဆရာလေးကိုပြောရဦးမယ်၊ ဆရာကြီးမြစကြာရဲ့ တပည့် ကိုခင်မောင်ဦးက အခါပေးထားတယ်၊ ဒီနေ့ဟာ ဗြဟ္မာ့မြွခံပြီး အနန္တယုဂ် (အလုံးစုံကိစ္စပြီးမြောက်အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



စေတဲ့ယုဂ်) ဖြစ်တာကြောင့် ညနေ (၅) နာရီက (၈) နာ
အတွင်းမှာ အရောက်သွားပြီး တောင်းရမ်းရင် ကိုယ့်စကာ
အောင်မြင်မယ်တဲ့ဗျ”

“မင်းကို ဘယ်သူက ပြောသလဲ”

“ပြောကြတာမှ အများကြီးပဲ၊ ရွာခိုင်ကြီးတောင်ရွာက
ကိုအေးကျော်လို့ခေါ်တဲ့ စာရေးဆရာဆုမောင်ကလည်း အဲ
အချိန်မှာ ဝိသာခါနက္ခတ်ရယ်၊ အာသာဝတီနက္ခတ်နဲ့ ရေဝတ
နက္ခတ်တို့ကလည်း စန်းယှဉ်ပြီးနေတယ်ဆိုပဲ၊ နောက်ပြီး ကျ
တာရာနဲ့ ဗိုလ်တာရာတို့ဟာ အမည်းနဲ့အဖြူဖြစ်နေပြီး သစ္စ
မောင်နှံဖြစ်တဲ့ ဟသ်ာဇလုပ်မှာ ငါးတွေ့တယ်ဆိုလား မသိ
ဘူး၊ တော်တော်ကြီးကို ကောင်းတဲ့အချိန်တဲ့ ဆရာကျော်ဝင်းရဲ
အဲဒါတင်မကဘူး နတ်ကတော်မဝင်းကလည်း မနဲ့လေးကို
ပေးပြီး မေထားသေးတယ်၊ ဒီအချိန်ဟာ အလွန်ကောင်းတဲ
အချိန်၊ နောက်ကျသွားရင် ဝါကျွတ်မှပဲရတော့မယ်လို့ ပြောတယ
ဗျ၊ အဲဒါကြောင့် အချိန်မနှောင်းခင် အမြန်သွားကြရအော
ဆရာကျော်ဝင်းရေ”





ဆရာများသားသေဆိုသည့်အတိုင်း ကြွက်သိုးတစ်ယောက်
တော့ ဖြစ်နေချေပြီ။ ဘာမသိ၊ ညာမသိနှင့် နားမလည်သော
ယားရှူးကြွက်သိုးကိုကြည့်ရင်း စိတ်ပျက်စွာဖြင့်

“မင်း မိဘအုပ်ထိန်းသူမပါဘဲနဲ့ သွားတောင်းရင် ဖြစ်ပါ့
လား၊ တော်ကြာ သမီးရှင်မိဘတွေက ဘာပြောမလဲ”

“ဒီအတွက်လည်း ဘာမှမပူနဲ့ ဆရာကျော်ဝင်း၊ ကြွက်သိုး
စဉ်ပြီးသားပါ၊ အဖေက အသည်းအသန် ဖြစ်နေတာမို့ မိန်းမ
တောင်းတာ လိုက်မလာနိုင်ဘူးလို့ ပြောမှာပေါ့၊ ပြီးတော့
အဖေက သုံ့ခေါင်းမချင်၊ မျက်စိမမှိတ်ခင် ကျုပ် အိမ်ထောင်ရက်
သားကျသွားတာကို မြင်ချင်တယ်၊ အဲဒါကြောင့် ဟက်သုတ်
ရိုက်ပြီး စီစဉ်လိုက်ရတာပါလို့လည်း မိန်းကလေးရွာကို စာရေး
အကြောင်းကြားပြီးပြီ ခင်ဗျ”

ကိုကျော်ဝင်းတစ်ယောက် မျက်လုံးပြူးသွားသည်။

“ဟ မင်းအမေလင်ကြီးက ဒေါင်ဒေါင်မြည်ပြီး ကျန်းမာ
ရေးအထူးကောင်းမွန်နေတာ ဟိုဘက်ကသိသွားရင် ဘယ်လိုလုပ်
မလဲ၊ ပြီးတော့ အခုအကြောင်းတွေကိုသာ မင်းအဖေသူကြီ



www.burmeseclassic.com

www.burmeseclassic.com



ဦးဗကြည် သိသွားရင် မင်းဘယ်လိုလုပ်မလဲ"

"ဆရာကျော်ဝင်းကလည်း ကျုပ်ယူမယ့်မိန်းမက ဒီနတ်လွ ရွာနဲ့ တော်တော်ဝေးတဲ့ သံရွာကပဲဟာ၊ ကျုပ်အဖေနေကောင် တယ်၊ မကောင်းဘူးဆိုတာ ချက်ချင်းကြီး သူတို့မသိနိုင်ပါဘူ ခင်ဗျ၊ နောက်ပြီး ဒီအကြောင်းတွေကိုသိတာ ဆရာနဲ့ပါဆို လေးယောက်ပဲရှိတာ၊ သူတို့အားလုံးသာမပြောရင် အဖေလည် မသိနိုင်ပါဘူး၊ နောက်ဆုံး သူတို့တတွေအားလုံး သိသွားတဲ အချိန်မှာ ကျုပ်လည်း အိမ်ထောင်ကျနေပြီဆိုတော့ သမီးရှင်တွေ ကလည်း သမီးမျက်နှာနဲ့၊ သားရှင်ကလည်း သားမျက်နှာနဲ့ဆ တော့ ဘာမှဖြစ်ကြတော့မှာ မဟုတ်ပါဘူး ဆရာကျော်ဝင် ရယ်"

"ဟာကွာ ကြွက်သိုး၊ ဒီလိုဆိုရင် ငါမလိုက်ချင်ပါဘူ မင်းတို့ဟာမင်းတို့ သွားကြပါကွာ"

"မလုပ်ပါနဲ့ ဆရာကျော်ဝင်းရယ်၊ ကျုပ်မှာ အားကိုးရမယ လူဆိုလို့ ဆရာကျော်ဝင်းပဲရှိပါတယ်၊ ဒီလိုတော့ အပြတ်မငြင် လိုက်ပါနဲ့ဗျာ၊ ဒီနတ်လွှဲရွာနဲ့ ပတ်ဝန်းကျင်ရွာသူတွေက ကျု





ဟာ သူကြီးသားဆိုပေမယ့် အရူးအပေါဆိုပြီး ပြန်ကြိုက်မယ့် သူလည်း မရှိပါဘူး ဆရာကျော်ဝင်းရယ်၊ အခု ကောင်မလေး ဘောင် ကျုပ်အကြောင်းတွေ ကောင်းကောင်းမသိသေးလို့သာ ကျုပ်ကို ကြိုက်တာပါ၊ တစ်သက်မှာ တစ်ခါသာကြုံတောင့်ကြုံခဲ ကြုံရတဲ့ ရှားရှားပါးပါးလေးကို လက်လွှတ်တော့မခံပါရစေနဲ့ဗျာ၊ ါတွင်းလေးလကိုသာ စောင့်ရလို့ရှိရင်တော့ ကျုပ်ရဲ့ပေါကြောင် ကြောင်နိုင်တဲ့ အကြောင်းတွေကိုသိသွားပြီး ကျုပ်ကို ကောင်မ လေးက ယူမှာမဟုတ်တော့ပါဘူး ဆရာရဲ့ အီး ဟီး ဟီး ရှွတ်"

စိတ်ထိခိုက်ကြေကွဲဝမ်းနည်းစွာဖြင့် ချုံးပွဲချငိုကြွေးနေ သော မောင်ကြွက်သိုးအားကြည့်ရင်း ရယ်ချင်စိတ်များကို မနည်း ကြီးမြိုသိပ်၍

"ကဲပါကွာ ငိုမနေပါနဲ့ နားငြီးပါတယ်"

ကြွက်သိုးက မျက်ရည်နှင့် နှာရည်များကို ပုဆိုးအောက်စ ဖြင့်သုတ်ရင်း

"ဒီလိုဆိုရင် ဆရာကျော်ဝင်း လိုက်တော့မယ်ပေါ့၊ ကျုပ် ပှည်းသွားပြီး ကောက်လိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အခုမှ ရွာဦးကျောင်းက နေ့လည်ဆွမ်းစားခေါင်း လောင်းထိုးသွားတာ ဘာကြာသေးလို့လဲကွ"

"သွားရမယ့်ခရီးက (၁၅) မိုင်နီးပါးရှိတယ်၊ နောက်ပြီး လှည်းနဲ့သွားရမှာဆိုတော့ အခုအချိန်လောက်ထွက်မှ ညနေ (၄) နာရီပတ်ဝန်းကျင်ကို ရောက်မှာ၊ (၅) နာရီထိုးတာနဲ့ ကောင်မ လေးအိမ် သွားပြီးတောင်းရမ်းမယ်ဗျာ၊ ပြီးတော့မှ ထမင်းစား ကြဗျာပေါ့၊ ဟိုမှာမြင်လား၊ နတ်ကတော်မဝင်းတို့က လှည် တစ်စီး၊ ဆရာကျော်ဝင်းနဲ့ ကျုပ်က လှည်းတစ်စီး အသင့်ပြ ထားပြီးသားပါ"

ကိုကျော်ဝင်းတစ်ယောက် စိတ်ကိုဒုန်းဒုန်းချလိုက်ပြ တိုက်ပုံအင်္ကျီကို ကောက်စွပ်ကာ ရွာလယ်လမ်းထောင့်တွင် ရပ် ထားသော လှည်းဆီသို့ သွားလိုက်သည်။

"ဟ မောင်ကြွက်သိုး၊ ဒီနွားပြာတစ်ရှဉ်းက မင်းအဖေ တစ်နေ့ဆီကမှ ဝယ်ထားတဲ့ ခြေပြေးနွားတွေ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဖေက သူ့မြေးတွေ အလှူမင်္ဂလာလှည် ရာမှာသုံးဖို့ ဝယ်ထားတာ၊ အခု ကျုပ်မိန်းမတောင်းတာကလည်





'အာဝါဟဝိဝါဟ' မင်္ဂလာတစ်ပါးပဲလို့ ဆရာကြီးမြစကြာက ပြောထားဖူးတယ်၊ အဲဒါကြောင့် ဒီလှည်းနဲ့ ဒီနွားတွေ ကောက် လာခဲ့ရတာ ဆရာကျော်ဝင်းရေ"

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



*မောင်းစရာရယ်လို့များ*
*တပ်လိုက်မှဖြင့်*
*ခေါင်းတခါခါနှင့်*
*ဆတ်လှစွာသော၊*
*လှလှဖွေ့ဖွေ့ရယ်နဲ့*
*ဝဝပြည့်ပြည့်*
*နွားပြာတရှည်းကိုလ။*

*(သခင်ကိုယ်တော်မှိုင်း)*

ညနေစောင်း တိမ်တောက်ချိန်တွင် ပေတော၊ လွန်ကျော်ရွာကြီးများကို နွားလှည်းများ ဖြတ်သန်းခဲ့ပြီး စိုက်ကွင်းဌာန





ဝင်လိုက်သည်နှင့် ကျောက်ဆည်လယ်တွင်းကိုးခရိုင်ထဲ ရောက်ပြီဖြစ်သည်။

"မောင်ကြွက်သိုး ဖြည်းဖြည်းမောင်းပါဟ၊ နောက်က နတ်ကတော်မဝင်းတို့လှည်းတွေ ပြတ်ကျန်နေပြီကွ"

"ဆရာကျော်ဝင်းရေ ကျုပ်က ဖြည်းဖြည်းမောင်းနေတာပဲ၊ နွားတွေကိုက ခြေပြေးနွားတွေဆိုတော့ ခြေလှမ်းတွေက သွက်နေကြတာ၊ ဒီရွာကိုများ သူတို့ရွာမှတ်နေသလား မသိဘူး၊ အင်းလေ ဒီနောက်ဆိုရင် ဒီရွာဟာ သူ့ရွာဖြစ်မယ်ဆိုတာ ကြိုတင်သိနေလို့ နေမှာပေါ့၊ ဒါဟာ နိမိတ်ကောင်းပဲဗျ၊ ဟဲ ဟဲ ဟောဟိုက ကျုပ်ရဲ့အောင်သွယ်တော်ကြီး မိသန်းစိန်တောင် ရွာထိပ်မှာ လာစောင့်နေပါလား၊ ကျွတ် ကျွတ် ရှီ့ရှီ့၊ မိန်းမတော့ ဒီတစ်သက်ရချီသေးပေါ့ ဆရာကျော်ဝင်းရေ"

သံရွာဟူသော ရွာကြီး၏ ရွာအဝင်မန်ကျည်းပင်အောက်၌ ရပ်နေသည့် အသားညိုညိုနှင့် အပျိုဖော်ဝင်ခါစ မိန်းကလေးတစ်ဦး အနားတွင် နွားနဖားကြိုးကို အတင်းဆောင့်ဆွဲ၍ ဘရိတ်အုပ်ရပ်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိသန်းစိန်၊ ငါခိုင်းထားတာ အဆင်ပြေလား"

မိသန်းစိန်က မောင်ကြွက်သိုးစကားကိုလည်းမသိ၊ မောင်ကြွက်သိုးကိုလည်း မကြည့်။ တောင့်တင်းလှပ ရှန်းကန်နေသော နွားပြာကြီးတွေကိုကြည့်ရင်း

"တော့်နွားကြီးတွေကလည်း လှလိုက်တာတော်၊ ရွာအနောက်ပိုင်းက ကိုအောင်မောင်းရဲ့ နွားကြီးတွေနဲ့တူလိုက်တာ"

"အမယ်လေးဗျာ အရေးထဲမှ နွားငှိုကာချဲ့နေပြန်သေးတယ်၊ အဲဒါ အသာထားပါဦးဟာ၊ ငါပြောခိုင်းတဲ့ကိစ္စတွေကို အမြန်ပြောစမ်းပါ"

"အင်း၊ အဲ၊ ရှင့်ကောင်မလေး မနွယ်လှိုင် မိဘတွေက ရှင့်မိဘတွေမပါဘဲ လာတောင်းတာဆိုတော့ သိပ်ပြီး ဘဝင်မကျချင်ဘူး၊ ဒါပေမဲ့ ရှင့်အဖေကလည်း အသည်းအသန်ဖြစ်နေပြီး ဆေးဆရာကတောင် လက်လျှော့ထားရတာဆိုတော့ သူတို့ကလည်း ဘာမှမပြောပါဘူး၊ အဲ တော်ကြာမှ သူတို့သမီးလည်း ရှင်နဲ့ရရော ရှင့်အဘလည်း တစ်ခါထဲသေဆိုရင် မလွယ်ဘူးလို့ ပြောနေတာပဲ"





ကိုကျော်ဝင်းလည်း သူတို့ ပြောစကားတွေကြောင့် ကြက်သီးထသွားရင်း မောင်ကြွက်သိုးကို လှမ်းကြည့်လိုက်မိသည်။ မောင်ကြွက်သိုးကတော့ ဘာမှမဖြစ်သလို အပြုံးမပျက်ဘဲ

"ငါ့အဖေလည်း တော်တော် ထူထူထောင်ထောင်တော့ ဖြစ်လာပါပြီဟ၊ ဒါပေမဲ့ ဒီလောက်ဝေးတဲ့ ခရီးကြမ်းကြီးကို လိုက်လာဖို့ မသင့်သေးလို့ ထားခဲ့ရတာဟ၊ ဒါနဲ့ ငါခိုင်းထားတာတွေကိုရော အကုန်လုပ်ပြီးပြီလား"

"အင်း၊ ကာလသားကြေးလည်း ပေးထားပြီးပါပြီ၊ ခန်းဝင်ပစ္စည်းတွေနဲ့ ကန်တော့ပွဲကတော့ အိမ်မှာပဲရှိသေးတယ်၊ နောက်ပြီး ရှင်ပေးခိုင်းတဲ့ ကွမ်းယာတို့၊ ဆေးလက်ကိုင်ပဝါတို့ကိုတော့ ရှင့်ကောင်မလေး ပေးလိုက်ပြီးပြီ၊ ဒါနဲ့ ရှင်က သူ့အင်္ကျီအဝတ်ဟောင်းတစ်စုံကို ဘာလုပ်ဖို့ယူသွားတာလဲလို့ မေးနေသေးတယ်၊ ရှင်ပြောတဲ့အတိုင်း ချစ်သူကိုယ်စား သိမ်းထားချင်လို့ နေမှာပေါ့လို့ ပြောလိုက်ရတယ်တော့"

"ကဲ ကဲ ဒီလိုဆို ကန်တော့ပွဲတွေ သယ်ပို့ထားဖို့အတွက် နင်သွားနှင့်တော့၊ နောက်ကကျန်နေတဲ့ ငါတို့ရွာကလူညီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရင် ငါတို့ဘန်းပြီး လိုက်လာခဲ့မယ်၊ အရေးထဲမှ နတ်ကတော် မဝင်းတို့လည်းကလည်း လာခဲ့လိုက်တာ၊ အခု (၅) နာရီတောင် ထိုးကာနီးနေပြီ"

"အဲ ဒါနဲ့ ရွာခိုင်ကြီးမြောက်ရွာက ဦးပဥ္စင်းထွက်ခြိုတင် ကော ပါခဲ့ရဲ့လား၊ သူက ဒီသံရွာကျောင်းမှာ အဂ္ဂဦးပဥ္စင်း အဖြစ် ဝါဆိုသွားဖူးတာပေါ့"

"အေးဟာ၊ နင်ပြောမှ ရွာခိုင်ကြီးမြောက်ရွာက ကိုအေးကျော်နဲ့ ဦးပဥ္စင်းထွက်ခြိုတင်တို့ကို ဝင်ခေါ်ဖို့မေ့နေတယ်ဟာ၊ အင်းလေ ငါတို့လာတာကလည်း ထားဝယ်အင်းခြောက်ပေါက် ဘက်က မြောင်းဘောင်ကြီးအတိုင်း လှည်းတွေမောင်းလာရတာ ဆိုတော့ မေ့သွားတာပေါ့"

"ကဲ ကဲ၊ ဒီလိုဆိုရင် ကျွန်မတို့အိမ်ကိုသာ လာခဲ့ပေတော့၊ ကျွန်မသွားနှင့်မယ်"

မိသန်းစိန်ဆိုသော မိန်းကလေးထွက်သွားသွားချင်း မောင်ကြွက်သိုးတစ်ယောက် ရေဘူးထဲမှရေကိုယူ၍ မျက်နှာသစ်လိုက်ပြီး ပုဆိုးခါးပုံစဖြင့် မျက်နှာကိုသုတ်လိုက်သည်။ ထို့နောက်





'ဂ' ငယ်ဂိုရာလား၊ 'ဃ' ကြီးဂိုရာလား မသိနိုင်သော စနိုးကို လက်ညှိုးတစ်ကော်ကော်ပြီး မျက်နှာကိုဖြူဖွေးသွားအောင်အထိ ပွတ်လိမ်းလိုက်သည်။ ထို့နောက်စနိုးကိုထပ်ကော်ပြီး လက်နှစ်ဖက်နှင့် ခြေထောက်တွေကိုပါ ပွတ်သည်။

မျက်နှာက သစ်ပြီးသားဖြစ်၍ စနိုးလိမ်းလိုက်သောအခါ ဖြူဖြူဖွေးသွားသော်လည်း လက်နှင့်ခြေထောက်မှာ ဖုန်တလုံးလုံး ဖြစ်နေစဉ် လိမ်းလိုက်ရသောကြောင့် ချေး(ဂျီး) လက်လေးသစ် ဟု ပြောရမလား၊ မြွေပွေးကွက်ဟု ပြောရမလားမသိသော အဖြူနှင့်အမည်းများ အကွက်လိုက်၊ အလိပ်လိုက်ဖြစ်သွားသည်။

မောင်ကြွက်သိုးက ထပ်မံ၍ လက်ပေါ်တွင်တင်သွေး၍ လိမ်းရသော ရွှေဆွဲပြားပါသည်ဆိုလား၊တရွှေးသား ရွှေလက်စွပ်ပါ သည်ဆိုလား ပြောသံကြားဖူးသော ဋ္ဌခဲကို လက်ဝါးနှစ်ဖက်အပြည့် သွေး၍ ခြေဆုံးခေါင်းဆုံး လိမ်းပြန်ပါသည်။ ပြီးနောက် ရှားရှားပါးပါး ဘယ်ကရခဲ့သည်မသိသော မူလလက်ဟောင်း 'ပိုင်အို လက်' ပေါင်ဒါဘူးကို ထုတ်ယူ၏။ ထို့နောက် တို့ပတ်ပေါ် ပေါ်ပြူးကာ မျက်နှာပေါ်သို့ 'တဖုန်းဖုန်း' ရိုက်နေသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



သားကထိုင်နေသော ကိုကျော်ဝင်းပင် အသက်ရှုကျပ်လာသည်။ ထိုပေါင်ဒါကိုပင် ချိုင်းကြား၊ ပေါင်ကြားပါမကျန် ဘူးတစ်ဝက်ခန့် လောင်းချ၍ ပွတ်ပြန်ပါသည်။

ထို့နောက် ရှေးခေတ်ဟောင်းအောက်မေ့ဖွယ်ဟု ဆိုရမည့် ဒေါင်းတံဆိပ် ခေါင်းလိမ်းဆီမွှေးကို ခေါင်းပေါ်သို့ ရွှဲရွှဲစိုအောင် လိမ်းလိုက်ပြီးသကာလ ပယ်ပယ်နယ်နယ်ကြီး ခေါင်းဖြီးပါလေတော့သည်။ အချို့ခေါင်းလိမ်းဆီများက နားထင်မှတစ်ဆင့် ပါးပြင်ပေါ်သို့ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာပမာ စီးဆင်း၍ ကျလာသည်။ သို့ဖြင့် တို့ပတ်ပဝါထုတ်ယူ၍ ဒုတိယမ္ဘိမျက်နှာကို တဖုန်းဖုန်း ရိုက်ပြန်ပါသည်။

အားလုံးပြီးဆုံးသွားသည့်နောက် သူ့ဖင်အောက်တွင် စက္ကူပတ်၍ ခုထိုင်လာခဲ့သော အထုတ်ထဲမှ အနီရောင်ချိတ်လုံချည်ကို ထုတ်၍ဝတ်လိုက်သည်။ ပုဆိုးမှာ ယခုမှချုပ်လာခဲ့သော အသစ်ဖြစ်၍ ကော်တောင့်နေ၏။ ထို့ကြောင့် အသားတွင်ကပ်မနေဘဲ ဂါဝန်သဖွယ် ဖြစ်နေ၏။ ပန်းနုရောင်ရုပ်အင်္ကျီကို ထုတ်ယူ၍ သေသပ်စွာဝတ်ဆင်ပြီးနောက် အပေါ်မှ နံ့သာရောင်





တိုက်ပုံအင်္ကျီကို ကောက်စွပ်ကာ ကိုကျော်ဝင်းဘက်လှည့်၍ အစွမ်းကုန်ပြုံးရင်း

"ဟီး ဟီး၊ ကျုပ်လှရဲ့လားဆရာ" ဟု မေးလိုက်သဖြင့် ကိုကျော်ဝင်းမှာ သံဗုဒ္ဓေဂါထာတော်ကြီးကို အသက်အောင့်၍ ရွတ်လိုက်ရင်း သတို့သားလောင်း၏ မျက်နှာကို ကြည့်လိုက်မိသည်။

စန္ဒာငွေလမင်းကဲ့သို့ အဖုအထစ်အချိုင့်အဝှမ်းများလှသော သူ့မျက်နှာကြီးပေါ်တွင် ဓနိုးတစ်ထပ်၊ ချွဲ့ရေတစ်ထပ်၊ ဗိုင်အိုလက်ပေါင်ဒါတစ်ထပ်တို့သည် သူ့အလွှာနှင့်သူ တင့်တယ်စွာ ရှိနေကြ၍ မန္တလေးတောင်ပြုန်းဘုရားပွဲတွင် ရောင်းတတ်သော 'ကရေကရာ' မုန့်ကြီး မှိုတက်သကဲ့သို့ ဖြူဖွေးနေသော မျက်နှာကြားထဲမှ ဝင်းဝင်းတောက်နေသော ရွှေသွားကြီးနှစ်ချောင်း၊ ထို့နောက် တိုက်ပုံက နံ့သာရောင်အဝါ၊ အင်္ကျီပန်းနုရောင်၊ ပုဆိုးချိတ်နီရဲရဲဖြင့် လှချင်တိုင်းလှနေသော သတိုးသားအလောင်းအလျာ မောင်ကြွက်သိုးအား ညနေနေဝင်ရီးရီတွင် တစိမ့်စိမ့်ကြည့်ရင်း တစိမ့်စိမ့် ကြောက်လာသဖြင့်

"အေး အေး၊ လှပါတယ်၊ လှပါတယ်၊ ဟို ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြီး နတ်ကတော် မဝင်းတို့လှည်းကို လှမ်းမျှော်ကြည့်ပါဦး” ဟု တိုက်တွန်းလိုက်ရပါသည်။

'လှည်းလမ်းတစ်လျှောက် ဖုန်လုံးကြီးတွေ တလိမ့်လိမ့် တက်ကာ မြင်ယောင်သေးတော့သည် အညာဌာနီ' ဟူသော သီချင်းကဲ့သို့ ဖုန်လုံးကြီးကြားမှ နတ်ကတော်မဝင်းတို့လှည်း ပေါ်လာသည်။ သူတို့လှည်းပေါ်တွင် ပါလာသူသုံးဦးစလုံးသည် လည်း မောင်ကြွက်သိုးကဲ့သို့ လှပသေသပ်စွာ ဖြီးလိမ်းပြင်ဆင် ပြီး ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် 'ဒရက်ကူလာ' ခေါ် သွေးစုပ်ဖုတ်ကောင်မြို့စားကြီးနှင့် သူ၏တပည့် သွေးစုပ်ဖုတ် ကောင်ကြီးတစ်စုတို့ ရွာတွင်းသို့ သွေးစုပ်ရန်သွားကြသည့် ဗီဒီယိုဇာတ်လမ်းကြီးကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသကဲ့ သို့ ကိုကျော်ဝင်းမှာ ကြက်သီးမွေးညင်း ထနေမိပါသည်။

မောင်ကြွက်သိုးက

“ကြာလိုက်တာ မဝင်းရယ်၊ အခု ငါးနာရီထိုးတော့မယ်ဗျ”

“တစ်စိမ်းတစ်ရံရွာကို သွားရမှာဆိုတော့ လူမြင်တင့် တယ်အောင် ပြင်ရဆင်ရသေးတယ်ဟဲ့၊ အချိန်မီပါတယ် ကြွက်





သိုးရဲ့၊ ကဲသွားကြစို့”

ရွာထဲသို့ မောင်ကြွက်သိုးတို့အဖွဲ့ လှည်းနှစ်စီးဝင်လိုက် သည်နှင့် တစ်ရွာလုံးရှိ လူအပေါင်းကကြည့်၍ တီးတိုးတီးတိုး ပြောဆိုနေကြလေသည်။ မောင်ကြွက်သိုးနှင့် နတ်ကတော်မဝင်း တို့အဖွဲ့ကတော့ ပါးစပ်ကြီးများ နားရွက်ချိတ်လောက်အောင် ကိုပင် ပြုံး၍နေကြသည်။

ထိုစဉ် မောင်ကြွက်သိုးကိုယ်တိုင်မောင်း၍ ကိုကျော်ဝင်း လိုက်ပါလာသောလှည်းမှ နွားကြီးတစ်ရှဉ်းမှာ ရွာအရှေ့ပိုင်းသို့ မောင်း၍မရဘဲ ရွာအနောက်ပိုင်းဆီကိုသာ ဦးတည်ရုန်းကန်နေ ကြသည်။ မောင်ကြွက်သိုးခမျာမှာ ချွေးတဒီးဒီးကျလာအောင်ပင် ထိန်းမောင်းနေရ၏။ သို့ဖြင့် မကြာပါချေ နွားပြာကြီးနှစ်ကောင် သည် လှည်းကိုအတင်းရုန်း၍ ဒုန်းစိုင်းကာပင် ရွာအနောက်ပိုင်း သို့ အတင်းပြေးသွားပြီး အိမ်ဝိုင်းတစ်ခုထဲသို့ အတင်းဝင် သွားသည်။

ထိုအိမ်ဝိုင်းထဲတွင်ရှိသော ကောင်လေးတစ်ယောက် ပြေး လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ပြာကြီးနဲ့ပြာလေးတို့ ပြန်လာပြီအဘရေ" ဟု အော်ဟစ်လိုက်ရာ သူ၏အော်သံကြောင့် ထမင်းဝိုင်းစားနေကြသော လူလတ်ပိုင်းလူငယ်နှစ်ယောက်နှင့် အဘိုးကြီး၊ အဘွားကြီးတို့ ထွက်လာကြပြန်သည်။ ကြွက်သိုးက ထိုသူများကို ပြုံး၍ပြလိုက်ပြီး

"ဟဲ့ ကလေးရဲ့၊ ပြာကြီးနဲ့ပြာလေး မဟုတ်ပါဘူး၊ သတို့သားလောင်း ကြွက်သိုးနဲ့ ဆရာကျော်ဝင်းတို့ပါ၊ ကဲကဲ သွားဦးမယ်ဗျို့"

ပြုံးဖြီးဖြီးနှင့်ပြောကာ လှည်းကို ဝိုင်းအပြင်သို့ထွက်ရန် အတင်းပြန်ကွေ့သည်။ နွားပြာကြီးနှစ်ကောင်ကလည်း ပေကပ်ကပ်လုပ်နေရာ ကိုကျော်ဝင်းတို့လှည်းမှာ သူများအိမ်ဝိုင်းထဲ၌ ချာလပတ်လည်နေတော့သည်။

ထိုအခါမှ အုံအားသင့်ကာ ကြည့်နေကြသော လူငယ်နှစ်ယောက်သည် တုတ်၊ ဓားများကိုပြေးဆွဲပြီး

"နွားသူခိုးတွေမပြေးနဲ့၊ သေဗို့သာပြင်" ဟု အော်ဟစ်ကာ ပြေးလာသောကြောင့် အဘိုးကြီးနှင့် အဘွားကြီးတို့မှာ





…ပြာသဝဲနှင့် …သားနှစ်ယောက်ကို ဆွဲထားရင်း

"ဟဲ …တွေ လွှန်မယ်၊ လွှန်ကုန်မယ်၊ ဟိုလှည်း …ကကောင်လေး အောက်ကိုဆင်းခဲ့စမ်း၊ လာကြပါဦး အရပ် …တို့ရေ" ဟု ငယ်သံပါအောင် အော်ဟစ်လိုက်သောကြောင့် …ရတ်… …စုသွားပြီး ဘာစ်ရွာလုံးရှိ ကလေး၊ လူကြီးပါမကျန် …ပြေးလာ…သည်။

ကိုကျော်ဝင်းနှင့် မောင်ကြွက်သိုးတို့ နှစ်ယောက်သားမှာ သူများအိ…ထဲတွင် ချာချာလည်နေသော လှည်းကြီးပေါ် …မျက်စိသူငယ်၊ နားသူငယ်နှင့် ကြောင်တီကြောင်တောင် ဖြစ်နေကြသည်။ နတ်ကတော်မဝင်းနှင့် လှည်းတို့ကတော့ ဘယ်မှာ …ျန်နေမှန်း မသိချေ။

ခဏအကြာတွင် ထိုရွာရှိ ပြည်သူ့စစ်ဟု ထင်ရသော လူ…စ်စု ရောက်လာပြီး ကိုကျော်ဝင်းတို့အား လှည်းပေါ်မှဆင်း …ကာ …ကြိုးဖြင့်တုတ်ရန် ပြင်ကြသဖြင့် ကိုကျော်ဝင်းမှာ …ခေါင်းနားပန်းကြီးသွားပြီး

"ဟောလူတွေ မှားမယ်၊ မှားမယ်၊ ကျွန်တော်တို့မှာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိလို့လဲ"

ကိုကျော်ဝင်း၏ အမေးကို ဂရုမစိုက်ဘဲ မောင်ကြွက်သိုး လက်ကောက်ဝက်ကို နွားကန်ကြိုးဖြင့် ချည်နှောင်ရင်း

"ကိုယ့်အပြစ်ကို မသိဘူးလား ခွေးမသားတွေရဲ့၊ ဒီနွား တစ်ရှဉ်းဟာ တို့ရွာမှာရော၊ ဒီနယ်မှာပါ နာမည်အကြီးဆုံး လှည်း ပြိုင်ပွဲ၊ နွားပြိုင်ပွဲတိုင်းမှာ အနိုင်ရနေတဲ့ ပြာကြီးနဲ့ ပြာလေး တဲ့ နွားညီနောင်ဆိုတာ မင်းတို့က မသိချင်ယောင်ဆောင်ပြ ကြောင်တောင်နိုက်တာ၊ ဒါမျိုး ဘယ်ရလိမ့်မလဲ၊ ဟင်း ဟင်း ဒီနွားတွေ အခိုးခံရလို့ပျောက်နေတာ နှစ်လကျော်ပြီ၊ အခုတော့ လက်ပူးလက်ကြပ်မိပြီလေ၊ ဘာ မှန်လာဉ လုပ်ချင်သေးသတုန်း

ပြောရင်းဆိုရင်း ကိုကျော်ဝင်းကိုပါ ကြိုးဖြင့် ချည်နှော ရန် ကြိုးစားသဖြင့် လက်ကိုရုန်းရင်း

"မှားမယ်နောင်ကြီး၊ ကျွန်တော်က ဆည်မြောင်းဝန်ထမ်း တစ်ဦးပါ" ဟု ပြောလိုက်သော်လည်း

"ဘာပဲဖြစ်ဖြစ်ကွာ၊ အခု နွားခိုးပြီး ရွာလည်လာရဲတယ် ဆိုတော့ တော်တော် အတင့်ရဲတဲ့ကောင်တွေပဲ"





ကိုကျော်ဝင်းမှာ အလျှင်အမြန် ထပ်မံ၍ ရှင်းပြလိုက်ရ န်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော်တို့ ဒီ သံရွာကို း မလာတောင်းကြတာပါ"

"အမယ်လေး၊ နွားသူခိုးတွေကို ဘယ်သမီးရှင်ကများ သမက်တော်ချင်ရတာလဲ၊ အဲဒီ သမီးရှင်အိမ်ကို ခဲမိုးရွာပစ်မယ် ၊ ဟင်း အဆိပ်ပင်ရေလောင်းလို့ကွာ"

ပြောရင်း၊ ဆိုရင်း၊ ရုန်းရင်း၊ ကန့်ရင်းပင် ကိုကျော်ဝင်း မောင်ကြွက်သိုးတို့နှစ်ယောက်မှာ လက်ပြန်ကြိုးတုတ်ပြီး သွားသည်။ မောင်ကြွက်သိုးကတော့ ကြောက်လန့်ပြီး ငိုချ ကိရာ ဖြူဖွေးသော သူ့၏မျက်နှာကြီးပေါ်တွင် မည်းမည်း စီးကြောင်းကြီးများ ဖြစ်ကုန်သည်။

"အီး အီး၊ ကျုပ် နွားမခိုးရပါဘူးဗျ"

"အေး မင်းတို့ ခိုး၊ မခိုးဆိုတာ ရွာလူကြီးအိမ်ရောက်မှ ငပေတော့"

"အီး နေ နေပါဦး၊ ပြောပါရစေဦး၊ ဒီ ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မနေနဲ့ ရွာလူကြီးအိမ်ကိုသာကြွ၊ အဲဒီရောက်မှ ပြော"

"ကြွပါ့မယ်၊ ကြွပါ့မယ်၊ ဒါပေမဲ့ ကျုပ်အောက်ကပုဆိုး က ကျွတ်တော့မယ်ဗျ"

မောင်ကြွက်သိုး၏ ကော်တောင့်နေသော ချိုဘ်ပုဆိုးအ ကြီးမှာ ခါးပုံစပင် ပြေနေပေပြီ။ ပြည်သူ့စစ်ခေါင်းဆောင်ဖြ သူမှာ ပြာပြာသလဲဖြစ်သွားပြီး ကြွက်သိုး၏ခါးကို ကြိုးတ ချောင်းဖြင့်ချည်ပေးကာ ရွာလူကြီးအိမ်ရှိရာ ရွာလယ်ပိုင်းသ ခေါ်သွားလေတော့ရာ လမ်းတစ်လျှောက်လုံး ခြေချစရာမ အောင် ပွဲကြည့်ပရိသတ်များဖြင့် ပြည့်နေပါတော့သည်။

"ဟယ်၊ နွားသူခိုးခေါင်းဆောင်က ဟို ချိတ်အနီပုဆိ သစ်ကြီးဝတ်ထားတဲ့လူလေ၊ တော်တော်ဆိုးလို့နေမှာ၊ ခါးမှာလည် ကြိုး...ထားတယ်ဟေ့"

"တို့ရွာက အရင်ပျောက်သွားတဲ့ နွားတွေလည်း သူတ လက်ချက်ပဲ နေမှာပဲနော်"

"အစစ်ပေါ့အေ့၊ ဝတ်ထား...ကြည့်ပါလား၊ တစ်ကိုယ်





လုံး တောက်ပြောင်နေတာပဲလေ"

"ဒီ နွားသူခိုးတွေ တို့ရွာသူနဲ့ လက်ထပ်ချင်လို့တဲ့တော်"

"ဟော့တော့်၊ ဖြစ်မှဖြစ်ရလေ၊ ဒီလိုနွားသူခိုးနဲ့ ယူမယ့် ကောင်မမျိုး ကြုံတောင်မကြုံဘူးပေါ်"

"ဒီလို နွားသူခိုးများ ယူဝံ့တဲ့ရွာသူ ယူကြည့်၊ တစ်ရွာလုံး ဝိုင်းကျဉ်ထားလိုက်မယ်၊ ဘာမှတ်နေလဲ"

ကိုကျော်ဝင်းမှာ ခေါင်းငိုက်စိုက်ချ၍ ခပ်သုတ်သုတ်လျှောက် ရင်း မည်သည့်ဘဝကများ မည်ကဲ့သို့ပြုမိသဖြင့် ယခုကဲ့သို့ အရှက်တကွဲအကျိုးနည်း ဖြစ်ရချေသနည်းဟု စဉ်းစားရင်း စီးကျလာတော့မည့် မျက်ရည်စများကို ရှေ့မှ ဘောက်ဆတ်ဆတ် ဖြင့် ကြွမြန်းနေသော ခွေးမသားကြွက်သိုးကိုကြည့်ရင်း ၎င်း ကြောင့် ဖြစ်ရသည်ဟူသော ဒေါသစိတ်ဖြင့် မျက်ရည်စကို သိမ်းဆည်းရပါသည်။

ယခုကဲ့သို့ အချိန်ကိုက်ဖြစ်အောင် အခါပေးတော်မူသော ဆရာကြီးမြစကြာတပည့် ခင်မောင်ဦးနှင့် နတ်ဟောပေးသော နတ်ကတော် ...င်းတို့အား နွားကန်တုတ် ခပ်တုတ်တုတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်စပ်စပ်ရိုက်ရင်း ကဲဟာ ဟောဒါက ရေဝတီနက္ခတ်နဲ့ အာသာဝတီ၊ ဝိသာခါနက္ခတ်တို့ စန်းယှဉ်ဦး၊ ဒါက ကိုးတာရာနဲ့ ဗျိုင်းတာရာအတွက်၊ ရော့ ဒီဟာက ဟင်္သာတာရာအတွက်ဟုပြောရင်း နက္ခတ်ပေါင်းစုံကို ဂြိုဟ်ကြီးကိုးလုံးဖြင့်မြှောက်ပြီး ရသလောက် ကိန်းဂဏန်းအရေအတွက်အတိုင်း ရိုက်ပစ်ရုံမက အတွင်း သုံးဆယ့်ခုနစ်ချက်၊ အပြင်သုံးဆယ့်ခုနစ်ချက်ပါ အပိုဆုအဖြစ် အဆစ်ရိုက်ပစ်လိုက်ချင်ပါသည်။

လူကြီးအိမ်သို့ ရောက်သော်လည်း ဥက္ကဋ္ဌဖြစ်သူ လူကြီးမှာ ရွာခိုင်ကြီးတိုက်နယ်ရုံးသို့သွားနေ၍ ပြန်မရောက်သေးဟု ဆိုသောကြောင့် လောလောဆယ် လူကြီးအိမ်အောက်ရှိ ထိတ်တုံးတွင် ခတ်ထားမည်ဟု တစ်ယောက်ကပြောသည်။ ထိုစဉ်ပင် ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး

"ဟောဒီမှာလည်း နွားသူခိုးအဖွဲ့ကလူတွေ မိလာပြန်ပြီဟေ့" ဟု အော်ဟစ်သံနှင့်အတူ ဆယ်အိမ်ခေါင်းသန်းလှိုင်၊ ကာလသားခေါင်း ကိုကျော်ကွန့်နှင့်၊ နတ်ကတော်မဝင်းတို့အဖွဲ့လည်း ကြိုးများချည်ပြီးတုတ်ပြီးသားနှင့် ရောက်လာကြပြန်၏။





"အမယ်လေး မကာယ်နိုင်တော့ဘူးလား သရာရဲ့၊ အိး
ိး ဟီး" ဟူ၍ သူတို့သုံးဦးကလည်း အားကုန်တကြီးဖြင့်
ကိုကျော်ဝင်းအား တိုင်တည်ပြီး ငိုယိုသံကြောင့် ပြည်သူ့စစ်
ါင်းဆောင်က သူ့လူတွေဘက်သို့ လှည့်လိုက်ပြီး

"ဟော့ကောင်တွေ ဟို'ဆရာ'လို့အခေါ်ခံရတဲ့ အကောင်က
ါင်းဆောင်ဖြစ်မှာ သေချာတယ်၊ ဒီလိုဆို သူက သိပ်အရေး
ကြီးတဲ့ ရာဇဝတ်သားပဲ၊ ဒီတော့ သူ့ကိုပဲ ထိပ်တုံးခပ်ထားလိုက်
ာ၊ တို့ရွာက ထိပ်တုံးကလည်း နှစ်ယောက်ပဲခတ်လို့ရတာဆို
ာ့ သူ့ခြေထောက်ကို တစ်ပေါက်ကျော် ခတ်ထားလိုက်"

ပြည်သူ့စစ်ခေါင်းဆောင်၏ အမိန့်ပေးသံကြောင့် ကိုကျော်
ဝင်းမှာ ဒူးတာစပ်စပ်တုန်လာပြီး ချွေးစေးများရော၊ နှာရည်များပါ
ကျန် စီးကျလာသည်။

"အဲဒီလိုတော့ တစ်ပေါက်ကျော် ထိတ်တုံးမခတ်ပါနဲ့
အစ်ကိုကြီးတို့ရယ်၊ ကျွန်တော် ဘယ်ကိုမှမပြေးပါဘူးခင်ဗျာ၊
အစ်ကိုကြီးတို့ဥက္ကဋ္ဌလူကြီးသာ လာလို့ရှိရင် ကျွန်တော်ရှင်းပြ
တာကို လက်ခံ၊ မခံဆိုတာ စောင့်ပြီးနားထောင်ကြပါဦး၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ဥက္ကာဋ္ဌလူကြီးသဘောအတိုင်း ခတ်ဆိုလည်း ခတ်ကြပေါ့ဗျာ”

လေသံပျော့ပျော့ကလေးဖြင့် ကိုကျော်ဝင်းက အသနားခံ ဂ် ၇ ပြည်သူ့စစ်ခေါင်းဆောင်က နည်းနည်းစဉ်းစားပြီး

“ကောင်းပြီလေ၊ အခုတော့ မခတ်သေးပါဘူး၊ ဒါပေမဲ့ ည ရှစ်နာရီ၊ ကိုးနာရီထိုးလောက်မှ ဥက္ကဋ္ဌပြန်မလာသေးဘူး ဆိုရင်တော့ ခတ်ရမှာပဲ၊ ဥက္ကဋ္ဌက တစ်ခါတစ်လေ ညဥ့်နက် ရင် ဟိုမှာပဲအိပ်တတ်တယ်၊ ကဲ ဝင်းစိုးနဲ့အဖွဲ့ မင်းတို့ ဒီမှာ စောင့်နေကြဦး၊ ထွက်ပြေးဖို့ပြင်တယ်ဆိုရင်တော့ လက်မှနှေး စေနဲ့နော်၊ ငါ ထမင်းစားပြန်လိုက်ဦးမယ်”

ပြောပြောဆိုဆို အိမ်ပေါ်မှဆင်းသွားသည်။ ကိုကျော်ဝင်း မှာတော့ ဥက္ကဋ္ဌသာ ပြန်မရောက်ခဲ့ပါလျှင် ခြေထောက်နှစ် ချောင်းသည် တစ်ချောင်းနှင့်တစ်ချောင်း တစ်လံစီမျှကွာဝေးသော အပေါက်နှစ်ပေါက်တွင် အခတ်ခံရတော့မည့်အရေးကို တွေးရင်း ဥက္ကဋ္ဌတစ်ယောက် ဘေးကင်းရန်ရှင်း၍ ခလုတ်မထိ ဆူးမငြိဘဲ မြန်မြန်ပြန်လာပါစေဟုသာ ဆုတောင်းနေရပေတော့သတည်း။

✣ ✣ ✣





ပင်လယ်ခြားရာ
ခရီးကွာသို့
မှာလည်းမကြား
သွားလည်းမသင့်
ဖြစ်သဖြင့်လျှင်
ပွင့်ရှည်ရေး
ရှိချေသေး၏။

(လက်ဝဲသုန္ဒရအမတ်ကြီး)

ည (၈) နာရီလောက်တွင် ဥက္ကဋ္ဌပြန်လာပြီဟူသော အသံနှင့်အတူ တစ်ရွာလုံးရှိလူကုန် ဝိုင်းလာကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နွားသူခိုးတွေမိထားပြီ ဥက္ကဋ္ဌရေ" ဟု ဝိုင်းပန်း၍ တိုင်ကြားသံနှင့်အတူ

"အေး အေး၊ မိရင်လည်း ခဏထားလိုက်ဦး၊ ထမင်းစားပြီးမှ စစ်မယ်၊ ငါဆာလှပြီ" ဟူသော အသံနှင့်တစ်ပြိုင်နက် ဥက္ကဋ္ဌဆိုသူသည်ရောက်လာပြီး ကိုကျော်ဝင်းတို့ကို တစ်ချက်မျှ လှည့်ကြည့်ကာ အိမ်ပေါ်တက်၍ ထမင်းစားနေသည်။

ကိုကျော်ဝင်းစိတ်ထဲတွင်တော့ အကယ်၍ သူကရှင်းပြသည်ကို ဥက္ကဋ္ဌဖြစ်သူသည် မယုံခဲ့သော် သူသည် ထိပ်တုံးပေါက်များတွင် ကားယားကြီးနေရတော့မည်ပါတကားဟု တွေးမိရင်း ချွေးသီးများ စီးကျလာပြန်ပါသည်။ ရွာဦးကျောင်းဆရာတော်ဘုရား၏ မေတ္တာပို့နည်းများကိုလည်း အကြောင်းအမျိုးမျိုးကြောင့် လက်တွေ့မေတ္တာမပို့ဖြစ်ခဲ့သမျှ ယခုမှ အတိုးရော၊ အရင်းပါ ပေါင်း၍ မေတ္တာပို့မိပေတော့သည်။

ထမင်းစားသောက်ပြီးနောက် ရွာလူကြီးဖြစ်သူ ဥက္ကဋ္ဌသည် အိမ်အောက်သို့ ဆင်းလာသည်။ ဘတ္တရီဓာတ်မီးကို ထွန်းလိုက်ကာ အုပ်စုတစ်ဖွဲ့လုံးကို ကြည့်ရှုလိုက်သည်။





"ဟော့ ခင်းက ပန်ထမ်းမဟုတ်လား၊ မြို့ပေါ်က လခထုတ်ချိန်တွေမှာ ဘဏ်ရုံးရှေ့မှာ တွေ့နေတတ်သူပဲ"

"ဟုတ်ပါတယ် ခင်ဗျာ"

"အေးလေ ဘာပဲဖြစ်ဖြစ် နွားခိုးတာကတော့ ဘယ်ကောင်းမလဲကွ"

"ဟုတ်ပါဘူးခင်ဗျာ၊ တကယ်လို့သာ ဒီရွာကနွားကို ကျွန်တော်ခိုးခဲ့တယ်ဆိုရင် ဒီရွာကို ဒီနွားနဲ့ ပြန်လာရဲပါ့မလား ဗျာ၊ ဒီပြင်နွားကိုပြောင်းကောက်ပြီး မောင်းလာခဲ့မှာပေါ့"

"အေးပါ၊ ငါလည်း အဲဒါကို စဉ်းစားမိပါတယ်"

သို့ဖြင့် ကိုကျော်ဝင်းမှာ နည်းနည်းအသက်ရှူချောင်သွားစဉ် ဥက္ကဋ္ဌမိန်းမက ဝင်၍ပြောပြန်ပါသည်။

"ဒါကတော့ အဲဒီနွားတွေနဲ့အတူ ဒီရွာကို ရှင်တို့မလာဘဲ နေလို့မရအောင် ဆေးဖယောင်းတိုင် ထွန်းထားတယ်လေ၊ အဲဒီ ဆရာရဲ့ 'အင်း' ကတော့ တကယ်စွမ်းပါပေရဲ့တော်"

တိဗွီထဲတွင် ဓာတ်လမ်းကောင်းနေတုန်း မျက်မှန်ကြော်ငြာကြီးဝင်လာသကဲ့သို့ ဖြစ်သွားသဖြင့် ကိုကျော်ဝင်းမှာ အောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဖြစ်သွားသည်။ ထို့ကြောင့် ဓာတ်ရည်လည်စေရန်

"ဟောဟိုလူက နတ်လွှဲရွာက ရွာလူကြီး ဦးဗကြည်ရဲ့ သားပါ၊ သူ မိန်းမတောင်းရအောင် ဒီရွာကိုလာခဲ့ကြတာပါ ခင်ဗျာ၊ ဒီနွားတွေကလည်း ပြီးခဲ့တဲ့အပတ်ကမှ ရွာလူကြီးဦးဗကြည်ကိုယ်တိုင် ဝယ်ထားတာပါ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဟောဒီ ကျုပ်မင်္ဂလာဆောင်ရင် လက်ဖွဲ့ဖို့ဆိုပြီး အဖေဝယ်ထားတာပါ၊ ဒါကြောင့် ဒီနွားတွေကို ယူပြီး ဒီရွာကိုလာခဲ့တာပါ ခင်ဗျ"

မောင်ကြွက်သိုးကလည်း ဖြစ်ပျက်သမျှဓာတ်လမ်းစဉ်ကို ပြောလိုက်ရာ ဥက္ကဋ္ဌဖြစ်သူသည် တွေတွေကြီးဖြစ်သွားပြီး

"နတ်လွှဲရွာက ဦးဗကြည်ကို ငါသိတာပေါ့၊ ဒါနဲ့နေပါဦး မင်းက ဒီရွာက ဘယ်သူ့သမီးကို လာတောင်းတာလဲ"

မောင်ကြွက်သိုး၏ မျက်လုံးများသည် အရောင်တလက်လက် တောက်ပြောင်လာပြီး

"ဟို ဟို၊ ဒီရွာအရှေ့ပိုင်းက ဦးသိန်းမောင်၊ ဒေါ်သိန်းလွင်တို့ရဲ့သမီး မနွယ်လှိုင်ကို လာတောင်းတာပါ ခင်ဗျာ"





ဤတွင် ပွဲကြီးပွဲကောင်းကို ကြည့်ရတော့မည်ဟု ယူဆပြီး လာရောက်ကြည့်ရှုစနည်းနာနေကြသော လူအုပ်ကြီးထဲမှ ဦးသိန်းမောင်ဆိုသူထွက်လာပြီး ဟုတ်မှန်ကြောင်း ဝန်ခံသဖြင့် ကိုကျော်ဝင်းတို့အားလုံး အနှောင်အဖွဲ့မှ လွတ်ရလေတော့သည်။

ထို့နောက် ဥက္ကဋ္ဌက သူ့လူများ၏ ရှေ့လောတကြီးလုပ်ရပ်ကြောင့် အားနာကြောင်း၊ ခွင့်လွှတ်ပါရန်တောင်းပန်ပါကြောင်းပြောဆိုပြီး လက်ဖက်သုတ်များ၊ ရေနွေးကြမ်း၊ မုန့်မျိုးစုံတို့ဖြင့် ဧည့်ခံပါရစေဟုပြောဆို၍ မောင်ကြွက်သိုးတို့အားလုံးကို သူ့အိမ်ပေါ်သို့ခေါ်သွားကာ ကျွေးမွေးဧည့်ခံရင်း

"ဒါနဲ့ မောင်ကြွက်သိုးရဲ့၊ မိန်းမလာတောင်းရန်လာတဲ့ကိစ္စမှာ မင်းအဖေက ဘာလို့လိုက်မလာရတာလဲ"

"သူ့အဖေက အသည်းအသန်ဖြစ်နေလို့ လိုက်မလာနိုင်တာပါ"

ရွာလူကြီးဥက္ကဋ္ဌ၏အမေးကို ဦးသိန်းမောင်က ဝင်ဖြေလိုက်သဖြင့် မောင်ကြွက်သိုးလည်း အားတက်သွားကာ

"ဟုတ်ပါတယ်ခင်ဗျာ၊ အဘက ထတောင်မထနိုင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



တရှောင်ရှောင်ဖြစ်နေတာ ကြာပါပြီခင်ဗျာ၊ အဲ မထနိုင်တာက တော့ ကစ်လက်လော်ပဲ ရှိပါသေးတယ်၊ အဲဒါကြောင့် သူ မျက်မမှိတ်ဘဲ ကျုပ်ကို အိမ်ဆောင်ရက်သားကျသွားမှ သေပျော် မယ်လို့ တဖွဖွပြောပြီး ငါသားရယ် မင်းမင်္ဂလာဆောင်အတွက် အကာက ထိုက်ထိုက်တန်တန် လက်ဖွဲ့မယ်ဆိုပြီး ဟိုနွားတစ်ရှဉ်း ကို ပယ်ပေးလို့ ကျုပ်လည်း အဘစိတ်ချမ်းသာပါစေတော့ဆို ၊ ဒီကိုလာခဲ့တာပါ၊ အဖေသာပါခဲ့ရင် ကျုပ် ဒီလိုဖြစ်မှာ မဟုတ်ပါဘူးခင်ဗျာ၊ ရှုတ် ရှုတ်"

မျက်ရည်တလည်လည်ဖြင့် အပီအပြင်သရုပ်ဆောင်၍ ရှင်းလင်းပြသလိုက်ရာ အိမ်ပေါ်အိမ်အောက် ကြားကြားသမျှ ပရိသတ်အပေါင်းမှာ စုတ်တသပ်သပ်ဖြင့် မောင်ကြွက်သိုးအား သနားသွားကြသည်။ ဤတွင် ဥက္ကဋ္ဌက ခေါင်းကိုတွင်တွင်ကုတ် ရင်း

"ဟေ၊ နေ့လည်ကမှ ဦးဗကြည်ကို ရွာခိုင်ကြီးတိုက်နယ် ဘက်ကလူတွေနဲ့ လွန်ကျော်စိုက်ကွင်းကိုလာတာ တွေ့လိုက် ရသေးတယ်၊ ဘာတဲ့ သူ့မြေးတွေ ရှင်ပြုဖို့ဆိုလားပဲ၊ အဲဒါ





လိုအပ်တဲ့ ပစ္စည်းလေးတွေ မြို့ပေါ်သွားဝယ်မလို့ဆိုပြီး ပြော သွားပါသေးတယ်ဟ"

ဥက္ကဋ္ဌ၏စကားက SAE ကိုကျော်ဝင်းနားထဲသို့ မိုးကြိုး ပစ်လိုက်သကဲ့သို့ ဖြစ်သွားသည်။ သွားပြီ၊ ကျားကိုက်လို့ သစ် ပင်တက်ပြေးသောသူ အပင်ပေါ်မှ ဝက်ဝံ အကုတ်ခံရဆိုသလို ဖြစ်သွားပါပြီ။

မောင်ကြွက်သိုးကတော့ လုံးဝဟန်မပျက်ဘဲ ရေနွေးကြမ်း တစ်ခွက်ကိုသောက်ရင်း

"ကျုပ်အဖေကလေ တကယ်တော့ လူက မကျန်းမာပါ ဘူး၊ စိတ်ကဆောင်နေတာပါ၊ ကျုပ်မိန်းမတောင်းရအောင် သွားပါတော့မယ်ဆိုမှ တန်းပြီး ထူထူထောင်ထောင်ဖြစ်သွား တာပါပဲခင်ဗျာ၊ အဲဒါနဲ့ ငါ့မြေးတွေလည်း ရှင်ပြုမယ်၊ ငါ့သား ကိုလည်း မင်္ဂလာဆောင်ပေးမယ်၊ မြို့ကိုသွားပြီး လိုအပ်တဲ့ပစ္စည်း တွေဝယ်မယ်ဆိုပြီး ထသွားလို့ ကျန်တဲ့အမျိုးတွေကလည်း ဒီအဘိုးကြီး ဆေးကုရမှာကို သေမလောက်ကြောက်တာ၊ အခုမှ အဆင်ပြေပြီ မြို့ရောက်မှတစ်ခါတည်း ဆေးရုံတင်ပေးမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ညာပြီး ခေါ်သွားကြတာပါခင်ဗျာ၊ ဩော် အမေ အမေ ကျေးဇူးကြီးလှပါပေတယ် အမေရယ်၊ ရွတ် ရွတ်"

အပ်ကျသံပင် ကြားရလောက်အောင်ပင် အားလုံးတိတ်ဆိတ်နေသည်။ ဥက္ကဋ္ဌကတော့ ခေါင်းမွေးဖြူဖြူများ ကျွတ်ထွက်သွားရလောက်အောင်ကုတ်ႇင်း အပြင်းအထန် စဉ်းစားနေပါသည်။ ပြီးမှ

"ဟုတ်လား၊ ငါတော့ မင်းအမေကို တစ်ယောက်တည်းတွေ့တာပါ၊ ဟုတ်ပါတယ်၊ သူ့ဆွေတွေမျိုးတွေကိုလည်း မမြင်မိပါဘူး၊ မင်းအမေကလည်း ထူထူထောင်ထောင် စိုစိုပြေပြေနဲ့ပါဟ၊ ငါ့ကိုတောင် သူ့အလှူဖိတ်လိုက်သေးတယ်၊ ဝါဆိုလပြည့်နေ့တဲ့၊ ဆက်ဆက်လာခဲ့ပါတဲ့၊ သေသေချာချာပြောလိုက်တာပါ၊ အဲ ဒါပေမဲ့ မြို့ပေါ်မှာကျွမ်းတဲ့ မင်းတို့ရွာရောက်နေသူဝန်ထမ်းတစ်ယောက်ကို ခေါ်လာတာတော့ မြင်မိသားပဲ"

ကိုကျော်ဝင်း၏ ရင်ခုန်သံများ တဒိန်းဒိန်းမြည်နေသည်။ လက်ထဲတွင်ကိုင်ထားသော ရေနွေးကြမ်းပန်းကန်ကို လွတ်မကျစေရန် အတင်းဆုပ်ကိုင်ထားရသည်။ ဤနေရာ၊ ဤဒေသ၊





ဤရွာမှ ကောင်းမွန်စွာ ပြန်ခွင့်ရပါက ကြွက်သိုးအားသက်စေ့နောင့်ဖြင့်ပေါက်မည်ဟု သံမိဋ္ဌာန်ချလိုက်မိသည်။

မောင်ကြွက်သိုးကတော့ လုံးဝတုန်လှုပ်ပုံမရဘဲ မျက်ရည်စကိုသုတ်ရင်း ဘယ်လိုညဏ်နီညဏ်နက်တွေ ထုတ်နေပြန်သည် မသိ။

"ကဲ ဆရာကလည်း နှုတ်ဆိတ်လှချည်လား၊ စကားလေးဘာလေး ပြောပါဦး"

ကိုကျော်ဝင်းကိုယ်တိုင်းလည်း ဘာပြောရမှန်းမသိသဖြင့် ဥက္ကဋ္ဌအား မချိပြုံးပြုံးပြရင်း ပလိစိချောက်ချက်နိုင်ရဲလှသော 'ကြွက်သိုး' ကိုသာ မေးငေါ့ပြလိုက်ရပါသည်။ ဥက္ကဋ္ဌကတော့ သူ့လူတွေအများကြောင့် ကိုကျော်ဝင်း စကားပြောချင်စိတ်မရှိဘူးဟုထင်သွားပြီး အားနာသွားပုံရပါသည်။

"ကဲ ကိစ္စတစ်ခုတော့ ပြီးပါပြီ၊ ရွာလူကြီးဦးဗကြည်ကနွားတွေကိုခိုးလာမှန်းမသိလို့ ဝယ်မိတယ်ဆိုတာ ယုံပါတယ်၊ ဒါပေမဲ့ နွားရှင်တွေနဲ့ ကျုပ်နဲ့က ရဲစခန်းမှာ အမှုဖွင့်ထားတော့ နွားပြန်ရပြီဆိုတဲ့အကြောင်းကိုတော့ ရဲစခန်းကို သတင်းပို့



www.burmeseclassic.com

www.burmeseclassic.com



ရမှာမုပဲ၊ သူတို့ဆက်လုပ်စရာရှိတာတွေကို သူတို့ဆက်လုပ်ပါလိမ့်မယ်၊ အခုလောလောဆယ်တော့ ဒီနွားတွေကို ပိုင်ရှင်လက်ထဲ ပြန်အပ်ရမှာပဲ”

“ဗျာ”

ဦးဗကြည်တစ်ယောက် ငွေလည်းဆုံး၊ အမှုလည်းဖြစ်တော့မှာပါလားဟူ၍ မှုပင်သောကစိတ်ဖြင့် ယောင်ရမ်းကာ ထွက်သွားသော ကိုကျော်ဝင်း၏ အာမေဍိတ်အသံကြောင့် ဥက္ကဋ္ဌက လှည့်ကြည့်သည်။

မောင်ကြွက်သိုးကတော့ ဥက္ကဋ္ဌအိမ်နောက်ဖေးခန်းမှ ပြူတစ်ပြူတစ်လုပ်နေသော မိန်းကလေးများကိုသာ စိတ်ဝင်စားခြင်းမှတစ်ပါး အခြားမည်သည့်အရာကိုမျှ ဂရုစိုက်မိပုံမရပါ။

သို့သော် ကိုကျော်ဝင်း မယုံသင်္ကာဖြစ်မည်စိုး၍ထင်ပါသည် ဥက္ကဋ္ဌက နွားကိစ္စကို ရှင်းပြသည်။

“ဒီလိုလေ ဆရာလေးတို့ရဲ့၊ ဒီနွားတွေရဲ့ ပိုင်ရှင်အစစ်ဟာ ဘယ်သူဆိုတာ တစ်ရွာလုံးကလည်း သက်သေပြနိုင်ပါတယ်၊ ပြီးတော့ နွားတွေဟာ သူ့အိမ် သူမှတ်မိလို့ အတင်းရုန်း





ကန်ပြီး သူ့အိမ်သူ အရောက်ပြန်လာတာကို ဆရာလေးတို့သိတဲ့အတိုင်းပဲလေ၊ အဲဒီတော့ ဒီနွားနှစ်ကောင်ကို ပိုင်ရှင်လက်ထဲ ပြန်အပ်ပေးရမှာပေါ့၊ ဦးဗကြည်ကတော့ သူခိုးလက်ခံဖြစ်နေတဲ့အတွက် နောက်ပိုင်းကျရင် ရဲဌာနမှာ ရှင်းရမှာပဲ၊ အခုလောလောဆယ်တော့ သူ့ရဲ့သားကြီး မိန်းမတောင်းတဲ့ကိစ္စမှာချုပ်ကပဲ ရွာလူကြီးအနေနဲ့ သူ့မိဘကိုယ်စား တောင်းပေးပါ့မယ်”

မောင်ကြွက်သိုး၏ မျက်နှာသည် လင်ပုပ်ဖမ်းခြင်းမှ ခင်းလွတ်သွားသောလက်ခဲ့သို့ ဝင်းထိန်သွားသည်။ အိပ်ကပ်ထဲရှိ ဝိုင်အိုလက်ပေါင်ဒါနှံ့သင်းနေသော တို့ပတ်ပဝါကိုထုတ်၍ မျက်နှာကို လေးငါးခြောက်ချက်ရိုက်ကာ ပွတ်လိုက်ရင်း အစွမ်းကုန်ပြုံးဖြီးကြီး လုပ်နေတော့၏။

“ကဲ ဦးသိန်းမောင်၊ ခင်ဗျားရဲ့သမီး မနွယ်လှိုင်ကို တော်လှဲရွာကလူကြီးဦးဗကြည်ရဲ့သား မောင်ကြွက်သိုးနဲ့အဖွဲ့ကလူကြီးအနေနဲ့ ဟောဒီက SAE ဆရာကိုကျော်ဝင်းကို ခေါ်လာပြီးတော့ မိသားဖသားပီပီ လာရောက်တောင်းရမ်းနေကြပါပြီ၊ အဲဒါကို ခင်ဗျားတို့ဘက်က သဘောထား သိပါရစေခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ၏စကားအဆုံးတွင် ဦးသိန်းမောင်သည် ကုန်းကုန်းကွကွဖြစ်သွားပြီး

"အဟာမ်း၊ အင်း အဲ ဒါ ဒါကတော့ လောလောဆယ်မှာ မဖြစ်နိုင်သေးပါဘူး ဥက္ကဋ္ဌရဲ့၊ ဘာလို့လည်းဆိုတော့ ဦးဗကြည်က မြို့ပေါ်ကို ဈေးဝယ်ဆိုလား၊ ဆေးကုဆိုလား သွားတာကအပြန်မှာ ထူထူထောင်ထောင်နဲ့မှ ပြန်လာနိုင်မလားဆိုတာရယ်၊ သူမသိလို့ ဝယ်ထားလိုက်မိတဲ့နွားတွေကြောင့် သူခိုးလက်ခံဖြစ်နေတာရယ်ကြောင့် ဟို ဟို တော်ကြာဗျာ 'နွေးတောက်မြစ်ယှက် စိုက်ရောဖက်က သရက်ပင်မင်း သီးချိုကောင်း' ဆိုသလို ကျုပ်သမီးကို သူတို့လက်ထဲထည့်ပြီးမှ ဖွဲဟဲ့ လွှဲပါစေ၊ ဖယ်ပါစေ အသုဘကိစ္စတွေ၊ အမှုတွေနဲ့ရှုပ်နေရင် အိမ်ရှေ့ပူ၊ အိမ်နောက်မချမ်းသာမို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ၊ အားတော့နာပါရဲ့၊ ဒါကြောင့် သားရေး၊ သမီးရေးကိစ္စကို ဝါကျွတ်မှပဲ စဉ်းစားပါရစေလို့ ဆရာကျော်ဝင်းကတစ်ဆင့် ဦးဗကြည်ကို ပြောပေးပါခင်ဗျာ"

"ဗျာ၊ ဝါကျွတ်ပြီးတော့မှ စီစဉ်ပေးမယ် ဟုတ်လား၊





ကျွန်တော် ကာလသားကြေးရော၊ ခဲဖိုးကြေးရော ပေးထားပြီးပါပြီခင်ဗျ"

ပျာပျာသလဲနှင့် မောင်ကြွက်သိုးက ဝင်ပြောလိုက်ရာ ဦးသိန်းမောင်က မတ်တပ်ရပ်ရင်း

"မင်းတို့လူငယ်ချင်း သင့်မြတ်နေကြပြီပဲကွာ၊ ဖူးစာရှိရင် ရမှာပေါ့၊ ဝါကျွတ်တဲ့အထိတော့ စောင့်ပါဦး"

ပြောပြောဆိုဆို ဥက္ကဋ္ဌဆိုသူလူကြီးလည်း အိမ်ပေါ်မှဆင်းသွားတော့မည်အပြု မောင်ကြွက်သိုးတစ်ယောက်မှာတော့ ခြောက်သောင်းကျော် နွားပြာကြီးတစ်ရှဉ်းလုံး ဆုံးလိုက်ရသည့်အပြင် သူ့အဖေလည်း သူခိုးလက်ခံအဖြစ်နှင့် အမှုကိုရင်ဆိုင်ရဦးမည်ဆိုတုန်းက စိတ်ထိခိုက်မှုဝေဒနာ ခံစားမိဖို့နေနေသာသာ စဉ်းစားမိဖော်ပင် မရခဲ့။ ယခု သူ့ကိစ္စတွင်တော့ ပျာပျာသလဲ အရှုးမီးဝိုင်းသလို ဖြစ်သွားကာ ဥက္ကဋ္ဌအနားသို့ တိုးသွား၍

"ဥက္ကဋ္ဌရယ် ကျုပ်တို့ချစ်ခြင်းကို မခွဲပါနဲ့လားခင်ဗျာ၊ ကျုပ်တို့နှစ်ယောက်ဟာလေ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်ကြသလဲဆိုရင် ကိန္နရီ၊ ကိန္နရာမောင်နှံမှ ချေငင်း



www.burmeseclassic.com

www.burmeseclassic.com



ခြားပြီး တစ်ညတာကွဲကွာသွားမှ လွမ်းလို့ငိုတာပါ၊ ကျုပ်တို့နှစ်ယောက်မှာတော့ ထမင်းစားရင်း ဟင်းဖတ်ခတ်တော့ ဇွန်းနဲ့ကွယ်ပြီး တစ်ယောက်ကိုတစ်ယောက် မမြင်လိုက်ရရင်တောင်မှ လွမ်းလို့ငိုရပါတယ် ခင်ဗျာ"

ရွာအရပ်ပြဇာတ်ထဲမှာ သရုပ်ဆောင်နေသကဲ့သို့ သနားစဖွယ် ချွဲချွဲပျစ်ပျစ်တုန်တုန်ယင်ယင်ဖြင့် လုပ်ပြနေရာ ကိုကျော်ဝင်းကတော့ နားကြားပြင်းကပ်၍ လူတောထဲ ဖြစ်နေခြင်းကြောင့်သာ ဒေါသလို မျိုသိပ်ထားလိုက်ရသည်။

ထို့ကြောင့် ကြာကြာနေလျှင် အရှက်ကွဲသထက်ကွဲတော့မည်ကို သဘောပေါက်၍

"ကဲ ဥက္ကဋ္ဌရေ၊ အခုလို ဥက္ကဋ္ဌတတ်နိုင်သလောက် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"ဟာ ဆရာကိုကျော်ဝင်းကလည်း ညဥ့်နက်နေပြီ၊ မနက်လင်းမှပဲ ပြန်ပါဗျာ၊ ခင်ဗျားတို့အားလုံးအတွက် ထမင်းတောင် ချက်ခိုင်းထားပြီးပြီဗျ၊ စားသောက်ပြီး ညအိပ်နေပါဦးဗျာ"





"ကျေးဇူးအထူးတင်ပါတယ် ဥက္ကဋ္ဌရယ်၊ ကျွန်တော်လည်း အခုညရွာပြန်ရောက်မှ မနက်မြို့ပေါ်ကိုလိုက်ပြီး သူကြီးဗကြည်ကိစ္စတွေ အကူအညီပေးချင်လို့ ခွင့်ပြုပါခင်ဗျာ"

မောင်ကြွက်သိုးတစ်ယောက် စကားမရှည်စေရန် ကိုကျော်ဝင်းက ပိတ်ပြောလိုက်ပြီး ပြန်ရန်ပြင်သည်။ သံရွာထဲမှ ရွာသူရွာသားပရိသတ်ကလည်း ထင်သလိုမဖြစ်တော့၍ အလျှိုအလျှိုနှင့် ပြန်သွားကြလေတော့သည်။

သံရွာဥက္ကဋ္ဌက ထမင်းများကိုထုပ်၍ ထည့်ပေးသည်။ လမ်းတစ်ဝက်အထိ လိုက်ပို့ပေးမည်ဟု ပြောသည်ကိုပင် တားမြစ်ခဲ့ပြီးနောက် အိမ်ပေါ်မှဆင်းလာခဲ့သည်။

သို့ဖြင့် အိမ်အောက်သို့ရောက်လျှင်ရောက်ချင်းပင် မောင်ကြွက်သိုး၏ နားရင်းအားအုပ်ထည့်လိုက်ပြီး

"ကဲ ငါပြောမယ်၊ မင်းတို့အားလုံး နားထောင်ကြစမ်း၊ အခုတို့မှာ လှည်းနှစ်စီးနဲ့ နွားနှစ်ကောင်ပဲရှိတော့တယ်၊ ဒီတော့ နွားမရှိတဲ့ လှည်းရဲ့ထမ်းပိုးကို နွားရှိတဲ့လှည်းရဲ့နောက် လှည်းရဲ့ ကိုင်မှာချိတ်ပြီး နှစ်စီးတွဲမောင်းမှရမယ်၊ ငါရယ်၊ နတ်ကကျော်

www.burmeseclassic.com



မဝင်းရယ် မောင်းသွားမယ်၊ မင်းတို့ကတော့ ခြေကျင်လျှောက်ပြီး လိုက်ခဲ့ပေတော့၊ အထူးသဖြင့် မောင်ကြွက်သိုး၊ မင်းကတော့ နေချင်တဲ့နေရာမှာနေ၊ သေချင်တဲ့နေရာမှာ လဲသေပေတော့၊ ငါတော့ပြန်သွားပြီဟေ့"

ပြောပြောဆိုဆို လှည်းနှစ်စီးကိုဆက်လိုက်ပြီး မောင်းလာသည်။ မောင်ကြွက်သိုးနှင့် အပေါင်းပါတို့ကား (၁၅) မိုင် နီးပါးခရီးကို ညတွင်းချင်းပင် ခြေလျင်တီးခဲ့ရလေတော့သတည်း။

✣ ✣ ✣





အကုသိုလ်မွဲ
ကံဆွဲလာလျှင်
လမ်းဆိုးပယ်ဖျောက်
လမ်းကောက်ကိုပင်
တန်ခိုးတောက်လို့
ကျိုးရောက်မည်မထင်
အမြင်လွဲ ဆင်ဘဲမဆင်ခြင်။

(ရှစ်လုံးဘွဲ့)

ညဥ့်လွှာရုံမှောင်ရီဖွေး၍ လင်းအရုဏ်ရောင်နီတို့ ဆော်ပြီးခဲ့လေပြီ။ ရဝိန်ဒေါင်းယာဥ်၏ ရှေ့တော်ပြေးရောင်ခြည်တို့



www.burmeseclassic.com

www.burmeseclassic.com



သည်ကား ကွန့်မြူးဝေစည်လျက် ရှိသည်။

လျှမ်းလျှမ်းတောက်နီရဲနေသော ပတ္တမြားလုံးသည် အရှေ့ဘက်တောတန်းပေါ်သို့ ခုန်ကြွပေါ်ထွက်လာသည်။

ထိုအချိန်တွင် မြစ်သားမြို့နယ် အရှေ့တောင်ဘက်ရှိ တောခေါင်ခေါင် ချောင်ကျလှသော နတ်လွဲရွာအပြင်တောစပ်မှ တဂျုံးဂျုံးတဒိုင်းဒိုင်း အသံကြီး ပေါ်ထွက်လာ၍ တစ်ရွာလုံး ထိုအသံကြီးကို နားစွင့်နေကြစဉ် ရွာအပြင်ဘက်ဆီမှ (၁၀) နှစ်သား ကလေးငယ်တစ်ယောက် အော်ဟစ်ငိုယိုရင်းပြေးလာပြီး

"အဘရေ ဟိုရွာအပြင်ဘက် လယ်ကွက်ထဲမှာ တဂျုံးဂျုံး တဒိုင်းဒိုင်းအသံကြီးမြည်ပြီး ဖုန်တစ်လုံးလုံးနဲ့ ကျုပ်တို့ရွာဘက်ကို ပြေးလာနေတာ ဘာကောင်ကြီးမှန်းလည်း မသိဘူး"

ထိုအသံကြောင့် တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဟဲကောင်လေးတွေ အိမ်ပေါ်တက်နေကြစမ်း၊ ဟဲ့ ဟိုကောင်လှသိန်း ရွာတံခါးကင်းတဲမှာ ချိတ်ဆွဲထားတဲ့ သံချောင်း မြွေ့ချီပါလားဟဲ့၊ ရွာရှိ ယောကျ်ားမှန်သမျှ တုတ်၊ ဓား၊ လက်





နက် ရရာကိုဆွဲပြီး ရွာတံခါးထိပ်မှာ အမြန်စုကြ"

အော်ဟစ်သံ၊ ပြေးလွှားသံ၊ သံချောင်းမြွေ့သံများကြောင့် ရွာထဲရှိ နွားများ၊ ဝက်များ၊ ကျွဲများ လန့်ပြီးကြိုးပြတ်ကာ ဟိုပြေးဒီပြေး၊ ဟိုတိုးသည်တိုးဖြင့် ကမ္ဘာပျက်သလို ဖြစ်သွားတော့သည်။ SAE ကိုကျော်ဝင်းနှင့် ဆည်မြောင်းနေ့စား အလုပ်သမားများသည် ထမင်းချက်ရန် မွေးထားသောမီးများကို အမြန်ငြိမ်းသတ်လိုက်ကြပြီး ရွာတံခါးဆီသို့ ပြေးလာခဲ့ကြသည်။

ရွာထိပ်တံခါးနားတွင်တော့ ရွာရှိလူကုန် ရရာလက်နက်၊ တုတ်၊ ဓား၊ ဒူးလေး၊ လှံများကိုကိုင်ဆွဲ၍ အသင့်အနေအထားမှာ ရှိနေတော့သည်။

ရွာတံခါးကိုလည်း ပိတ်ထားလိုက်ကြပြီး တံခါးအနီးရှိကင်းတဲမျှော်စင်ပေါ်မှာတော့ (သူ့သမီးလင်နောက်လိုက်သွားသည့်ကိစ္စကလွဲ၍) တစ်ရွာလုံးအပ်ကျတာကအစသိသော၊ ဤရွာ၌ သူ့လောက် လူရည်လည်သူတစ်ယောက်မှမရှိဟု မိမိကိုယ်မိမိ အထင်တကြီးဖြစ်နေသော ဘိုအေါင်းသည် တောက်ပရစ်ဝါးဆို



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲတော်မှ ဝယ်ယူခဲ့သော ပလပ်စတစ်ဖြင့် ပြုလုပ်ထားသည့် 'ဒီဗွစကျွ' မှန်ပြောင်းကြီးဖြင့် အသံလာရာသို့ ကြည့်လိုက်သည်၊ ကြည့်ပြီးနောက် ကင်းတဲမျှော်စင်ပေါ်မှနေ၍ ကင်းတဲအောက်ရှိ ရွာသားများကို ကြည့်လိုက်ပြီး

"အင်း၊ မင်းတို့ဟာလေ ဘာမှအသိဉာဏ်မရှိတဲ့ တောသူတောင်သား ရိုးရိုးအအကြီးတွေပါလား၊ ဘယ်ကိစ္စမဆို ဘာမှ စူးစမ်းဆင်ခြင်ဖော် မရကြဘူး၊ ကြောက်ဖို့လန့်ဖို့လောက်ပဲ သိကြတာပါကလား၊ အိမ်း အိမ်း အခုအသံမြည်ပြီး ဒီရွာကို လာနေတဲ့ဟာကြီးကို ကြားနေရတာတောင်မှ ဘာကြီးမှန်း မသိလောက်အောင်ကို အဝိဇ္ဇာအမှောင်တွေ ဖုံးလွှမ်းနေတာကိုးကွ"

ဘိုဒေါင်းစကားကြောင့် နတ်လွှဲရွာလူကြီးတစ်ဦးဖြစ်သူ ဦးအေးမောင်ကြီးမှာ ဒေါကန်သွားပြီး

"ဒီမယ် ကင်းတဲမျှော်စင်ပေါ် မှန်ပြောင်းနဲ့တက်ကြည့်တာ ခင်ဗျား ဘာမြင်ရသလဲဆိုတာ အမြန်ပြောစမ်းပါ၊ ကျုပ်တို့က ရွာတံခါးကြီးပိတ်ထားတော့ အပြင်ကိုမမြင်ရဘူး၊ ဒါကိုပဲ အဝိဇ္ဇာအမှောင်တွေ၊ ဖုံးလွှမ်းနေတာတို့၊ ကြောက်ဖို့လန့်ဖို့လောက်





သိတဲ့လူတွေတို့ ဆိုတာတွေ လျှောက်ပြောမနေနဲ့၊ ဒီမှာ ဒူးလေးနဲ့ ပစ်လိုက်မယ်၊ ဟင်း"

အင်္ဂရိတ်ဆရာကြီး ဘိုဒေါင်းသည် ကင်းတဲပေါ်တွင် ပြားပြားဝပ် မှောက်ချလိုက်ပြီး

"ခင်ဗျားဒူးလေးကြီးနဲ့ အရမ်းမချိန်နဲ့၊ တော်ကြာ မြားထွက်ပြီးမှန်ပါ့မယ်"

သည်တော့မှ အောက်တွင်စုရုံးစွာ ရောက်ရှိနေသော ရွာသားများသည် ဦးအေးမောင်ကြီးလက်တွင် ကိုင်ထားသော ပစ္စည်းနှင့် ဘိုဒေါင်းဖြစ်နေပုံကိုကြည့်ပြီး ဝိုင်းရယ်နေကြသည်။

"ဟား ဟား ဘိုဒေါင်းရဲ့၊ ခင်ဗျားလက်ထဲကိုင်ထားတဲ့ မှန်ပြောင်းကြီးနဲ့ သေချာလဲကြည့်ပါဦးဗျ၊ ဦးအေးမောင်ရဲ့ လက်ထဲက ဟာကြီးက တံမြက်စည်းကြီးဗျ ဟား ဟား ဟား"

ထိုအခါတွင်တော့ ဘိုဒေါင်းတစ်ယောက် ရှက်ရှက်ဖြင့် ထလိုက်ရင်း

"အိမ်း အိမ်း၊ ပညာရှိသတိဖြစ်ခဲ့ဆိုတဲ့စကားများ တယ်မှန်ပါကလား၊ မင်းတို့ကလည်း နောက်စရာမရှိ ကြံဖန်နောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာကိုးကွဲ၊ ကဲ့ကဲ ရွာတံခါးသာ ဖွင့်ပေးလိုက်ကြဟေ့၊ အခု လာနေတာက တို့ရွာသူကြီး ဦးဗကြည်တို့အဖွဲ့ပဲ၊ ခွဲဆိုတဲ့ ထွန်စက်ကြီးကို နောက်မှာအပိုတွဲတပ်ပြီး မောင်းလာတော့ ဖုန်တလုံးလုံးထပြီး တဂျုံးဂျုံး တဒိုင်းဒိုင်းနဲ့ အသံစုံမြည်နေတဲ့အပြင် ဖုန်မှုန့်တွေ လုံးထနေတာပေါ့ကွ"

ထို့ကြောင့် ရွာတံခါးဖွင့်ပြီး ရွာရှိယောကျ်ား၊ မိန်းမ လူကုန်ထွက်၍ ကြိုဆိုကြသည်။ 'ခွဲ' ခေါ် လယ်ထွန်စက်ကြီးကို မောင်းလာသူက ကိုစန်းမြင့်နှင့် ကိုကျော်ဝင်းတို့ရဲ့သူငယ်ချင်း ကိုဇော်ဦးကျော်ဖြစ်ပြီး ထွန်ဆက်ဘီးအဖုံးတစ်ဖက်စီတွင်တော့ သူကြီးဦးဗကြည်နှင့် ကိုစန်းမြင့်တို့က လိုက်ပါလာကြ၏။ နောက်တွဲယာဉ်ပေါ်တွင် အလှူပွဲအတွက် လိုအပ်သောပစ္စည်းများကို တောင်းကြီး၊ တောင်းငယ်အပြည့်အစုံတင်ထားပြီး လူကြီးသုံးယောက် လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။

ထို့နောက် ကိုကျော်ဝင်း၊ ကိုစန်းမြင့်နှင့် ကိုဇော်ဦးကျော်တို့လည်း ရေမိုးချိုးကာ မြစ်သားမြို့ပေါ်မှဝယ်လာသော အာမိရန်ကို စတင်ဝိုင်းဖွဲ့သောက်နေကြသည်။ ထိုဝိုင်းတွင်မှ ကိုကျော်





ဝင်းက သူနှင့် မောင်ကြွက်သိုးတို့၏ ရာဇဝင်မှာ ဂန္ထဝင်တင်ရလောက်သော မိန်းမတောင်းပွဲကြီးမှ အဖြစ်အပျက်များ၊ သည်းထိတ်ရင်ဖိုများကို ပြန်လည်ပြောပြရင်း တဝါးဝါး၊ တဟားဟားဖြင့် ပွဲကျနေစဉ် 'ဝုန်းဒိုင်း' အသံများဖြင့် ရွာသူကြီးဦးဗကြည်တစ်ယောက် ဓမ္မာရုံပေါ် တက်လာလေသည်။

"ဆရာကျော်ဝင်း၊ ဆရာစန်းမြင့်တို့ ဟိုခွေးမသား ဘယ်ရောက်သွားလည်း ပြောစမ်းပါ"

ဦးဗကြည်တစ်ယောက် ရောက်လျှင်ရောက်ချင်း ဖြစ်ကြောင်းကုန်စင်ကို သိလာပုံရသည်။ အင်းလေ သူ့သားကြွက်သိုးကလည်း ယောက်ျားရဖို့အရေးသာ တစ်နေ့ တစ်နေ့ တွေးနေသလို၊ သူကြီးဦးဗကြည်မှာလည်း သူဝယ်ထားသည့် ပြိုင်နွားပြာကြီးတစ်ရှဉ်းကို တစိမ့်စိမ့်ကြည့်ပြီး တွေးနေပေလိမ့်မည်။

သူတို့သားအဖနှစ်ယောက်ကြားထဲ ကိုကျော်ဝင်း ကြားညှပ်ခံနိုင်သဖြင့်

"ရေအေးဆိပ်က ဝါးခုတ်တဲ့တွေဆီသွားပြီး ရှောင်နေမှာပေါ့၊ ရွာထဲမှာတော့ မမြင်မိဘူး၊ နောက်ပြီးတော့ ဒီကိစ္စအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်က ကျွန်တော်နဲ့မဆိုင်ဘူးနော်၊ ကြွက်သိုးက အတင်
ညာခေါ်လို့ သူကြီးရဲ့မျက်နှာကိုထောက်ပြီး ပါသွားရတာ”

သူကြီးဦးဗကြည်က တောက်တစ်ချက်ပြင်းပြင်း ခေါက်
လိုက်ရင်း

“ဆရာကျော်ဝင်းကို အပြစ်မတင်ပါဘူးဗျာ၊ ကာလသာ
ခေါင်း ကျော်ကွန့်ပြောပြလို့ အကုန်သိပြီးပါပြီ၊ အဲဒီခွေးမသာ
လေး ကြွက်သိုးကိုသာ အသေသတ်ချင်တာပဲ၊ နောက်အပ
ဆိုရင် အလှူကစတော့မယ်၊ ကျုပ်မြေးတွေကို အလှူရှင်လော
လှည့်ဖို့၊ နတ်စင်ပြဖို့ကိစ္စတွေမှာသုံးမယ့် ကျုပ်ဝယ်ထားတဲ့နွား
တွေ မရှိတော့ဘူးဗျ၊ ဒုက္ခပါပဲဗျာ၊ ကျုပ်ကလည်း ဒီနတ်လှဲ့
တစ်ကြောမှာရှိတဲ့ ပြည်လုံးအေး၊ ပြည်လုံးအုံ့၊ မြနန္ဒီ၊ ခိုင်
နွားကူးရွာတွေကို ကြွားချင်လို့၊ ဒီမှာကြည့်ပါဦးဗျာ နွားတွေ
ခြုံပြီး အလှူမှာလှည့်ဖို့အတွက်ဝယ်ထားတဲ့ ကော်ဇောကြီးနှစ်
တစ်ခုကို သုံးထောင်တောင်ပေးခဲ့ရတာ၊ ဒါတွေ ဘယ်မှာသွား
သုံးရတော့မှာလဲ၊ တောက်”

ဝါးထင်းပွဲစား ဖော်ဦးကျော်က သူကြီးဦးဗကြည် စိတ်





ပါစေတော့ဟု ရည်သန်၍ စကားလမ်းကြောင်း ပြောင်းလိုက်
သည်။

“ကောင်းလိုက်တဲ့ တရုတ်ကော်ဇောကြီးတွေဗျာ အကြီး
ကြီးပဲ၊ နွားမပြောနဲ့ ဆင်တောင်ခြုံထားလို့ရတယ်”

“ဘာမဆို ကျုပ်လုပ်တာမှန်သမျှဟာ သူများ [illegible]
ထူးမှ ကျုပ်ကကြိုက်တာ၊ တတ်နိုင်ရင် ရတနာတစ် [illegible]
ဆင်နဲ့လှည့်ချင်တာပေါ့၊ ဆင်ငှားရဖို့မလွယ်လို့သာ [illegible]
နွားလှပြိုင်နွားတွေဝယ်ပြီး အလှူလှည့်ဖို့ လုပ်ရတာ၊ အခုတော့
ဟိုခွေးမသားကြောင့် ဟင်း၊ ခင်း ကြွက်သိုးတော့ လာပါစေ
ဦးပေါ့ကွာ၊ ဗကြည်အကြောင်း သိစေရမယ်”

ဗိုတိုဂရေးမျက်မှန်ကိုပင့်၍ ကိုစန်းမြင့်တစ်ယောက် ‘အာ
မီရမ်’ အရက်ကိုမော့ပြီး ခွက်ကို စားပွဲပေါ်ဆောင့်ချလိုက်ကာ

“ဆင်ရမယ်ဆိုရင် သူကြီး တကယ်ပဲဆင်နဲ့လှည့်မလား”

သူကြီးဦးဗကြည်နှင့်တကွ ကိုကျော်ဝင်းတို့သည် ကိုစန်း
မြင့်ကို အံ့သြစွာဖြင့် ငေးကြည့်လိုက်မိ၏။

“ကျွန်တော် မူးနေတယ်လို့များ ထင်နေသလားသူကြီး၊



www.burmeseclassic.com

www.burmeseclassic.com



အခုမှ တစ်ခွက်၊ နှစ်ခွက်ပဲ သောက်ရပါသေးတယ်၊ မမူးပါဘူးဗျ၊ ကျွန်တော် အတည်ပြောနေတာ 'ဆင်' နဲ့လှည့်မလား"

"ကြိုက်ပြီ၊ ဒါမျိုးမှ ဗကြည်တို့ကကြိုက်တာ၊ ဆင်နဲ့သာ လှည့်ရမယ်ဆိုရင် ကျုပ်ရဲ့ လယ်တစ်ဧကကို ခွဲပြီးရောင်းလိုက်မယ်"

အာဂသူကြီး ဦးဗကြည်နှင့် 'ပေါက်ဆရာ' စန်းမြင့်တို့ နှစ်ဦးအားကြည့်ရင်း ကိုကျော်ဝင်းနှင့် ဖော်ဦးကျော်တို့ အံ့ဩနေကြသည်။ ကိုစန်းမြင့်က သူ့ခွက်ထဲသို့ အရက်များငှဲ့၍ တစ်ရှိန်ထိုးမော့ချလိုက်ပြီး

"လယ်ရောင်းစရာ မလိုပါဘူး၊ ငွေသုံးထောင်လောက်ပဲ ကုန်မယ်၊ ဆင်တစ်ကောင်နဲ့ ပန်းရထားတစ်စီးရမယ်"

"ဗျာ ငွေသုံးထောင်ထဲနဲ့ ဆင်ရော၊ ပန်းရထားရော ရမယ်ဟုတ်လား၊ ဘယ်သစ်တောဌာနက ဆင်ကိုရမှာလဲ၊ အနီးအနားမှာ ဆပ်ကပ်အဖွဲ့ထဲက ဆင်လည်းမရှိပါဘူး၊ ကင်းတားစီမံကိန်းနယ်ထဲက 'မင်းမလောင်ဆုံကြီး' တောကွက်ဆင်တွေကတော့ လုံးဝငှားလို့မရဘူးနော်၊ ကျုပ်အမျိုးမျိုး ကြိုးစားပြီးပြီဗျာ"





ထိုအခါမှာ တံတားဦးသား ကိုစန်းမြင့်က ပခုံးကိုတွန့်လိုက်ရင်း

"ဒီမယ်သူကြီးဦးဗကြည်၊ ခင်ဗျားမြေး ရှင်လောင်းတွေကို အလှည့်တင်သွားဖို့အတွက် သုံးချင်တဲ့ ဆင်ကြီးကျိန်းသေ ရစေရမယ်"

ကိုစန်းမြင့်၏ ရဲရဲကြီးပြောနေသော အာမခံစကားကြောင့် သူကြီးဦးဗကြည်မှာ ချေးပါရမလို၊ ဆီးသွားရမလိုလို ဖြစ်သွားပြီး ကတုန်ကရင်ဖြင့်

"တ တကယ်ပြောနေတာလား ဆရာလေး၊ ဆရာလေးကို ကျုပ်လုံးဝယုံတယ်၊ ရမယ်ဆိုရင် တကယ်လိုချင်တယ်၊ နောက်အပတ် သောကြာနေ့မနက် ခြောက်နာရီခွဲကို ကျုပ်အိမ်ရှေ့အရောက်ပို့ပေးနိုင်ရင် သုံးထောင်မဟုတ်ဘူး လေးထောင်ပေးနိုင်တယ်၊ ဆရာစန်းမြင့်သာ အရောက်ပို့ပေးပေတော့"

"ကဲ ဒါဆို ဆင်တစ်ကောင်နဲ့ ဆင်ဆွဲမယ့် ပန်းရထားတစ်စီးကို ကျွန်တော်တာဝန်ယူမယ်၊ ဆင်ကိုမောင်းမယ့် ဆင်ဦးစီးကိုတော့ သူကြီးကိုယ်တိုင်ပြောပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဆရာစန်းမြင့်ရ၊ ဆင်ဌားကတည်းက ဆင်ဦးစီး ပါမလာဘူးလား"

ကိုစန်းမြင့်က ပုလင်းကိုကောက်ကိုင်၍ သူ့ခွက်ထဲထည့်ရန် ပြင်နေသောကြောင့် ကိုကျော်ဝင်းက ပုလင်းကိုလုယူလိုက်ရင်း

"ဒီမယ်စန်းမြင့်၊ ဒါ ကလေးကစားနေတာ မဟုတ်ဘူး၊ လူကြီးအလုပ် လုပ်နေတဲ့ ဘာသာရေးကိစ္စကွ၊ သေသေချာချာ ပြောပါ၊ ပေါ့တီးပေါ့ဆ မပြောပါနဲ့"

ကိုစန်းမြင့်ကတော့ အမြည်းတစ်ဖက်ကို ကောက်ဝါးရင်း

"ငါ့တာဝန်က လာမည့်သောကြာနေ့ မနက် ၆ နာရီခွဲ အရောက် သူကြီးဦးဗကြည်အိမ်ရှေ့ကို ဆင်နဲ့ပန်းရထားတစ်စီး ပို့ပေးမယ်၊ အဲဒီကိစ္စအတွက် သုံးထောင်ပဲကျမယ်၊ ဒါ ငါ့ကဏ္ဍ၊ အဲဒီဆင်ကို မောင်းပေးမယ့် ဆင်ဦးစီးအတွက်က တစ်ဈေးကွ၊ အဲဒါကိုတော့ သူကြီးဦးဗကြည်ကိုယ်တိုင် ညှိရမှာ"

သူကြီးဦးဗကြည်လည်း အမြည်းတစ်ဖက်ကို ကောက်ဝါးရင်း

"ကဲပါ၊ အဲဒီဆင်ဦးစီးက ဘယ်သူလဲဆိုတာသာပြော၊





ကြည် ဘယ်လောက်ပဲပေးရ၊ ပေးရ ညှိပြီးပေးမယ်"

ကိုစန်းမြင့်က ဖော်ဦးကျော်၏ပခုံးကိုပုတ်လိုက်ပြီး

"ရှည်ရှည်ဝေးဝေး သွားခေါ်စရာမှ မလိုဘဲ၊ ဆင်ဦးစီးက သူပဲ" ဟု အနီးရှိ ဖော်ဦးကျော်ကို လက်ညှိုးထိုးပြသည်။

ဝါးထင်းပွဲစား ဖော်ဦးကျော်က ခုန်ထလိုက်ရင်း

"ဘာကွ ငါကဆင်ဦးစီး၊ ဆင်မောင်းရမယ့်သူ ဟုတ်လား၊ ဒီမယ်ကိုစန်းမြင့်၊ ခင်ဗျား ရူးနေပြီမဟုတ်လား၊ ကျွန်တော်တို့ကို အားမနာရင်နေ၊ ဦးလေးဗကြည်ကိုတော့ အားနာဖို့ကောင်းပါတယ်၊ ခင်ဗျားရဲ့ ကလေးကလားစကားတွေကို အမြန်ဆုံး ရုတ်သိမ်းပေးပါ၊ ပြန်ပြီးမရုတ်သိမ်းဘူးဆိုရင် ကျွန်တော် ဒီပုလင်းကို ပြန်ပြီးရုတ်သိမ်းပြီး ပြန်တော့မယ်"

ပြောပြောဆိုဆို ဖော်ဦးကျော်က ပုလင်းကိုဆွဲယူလိုက်သဖြင့် ကိုကျော်ဝင်းက ပုလင်းကို လုယူလိုက်ရသည်။ ကိုကျော်ဝင်းမျက်စိထဲတွင် အထက်တန်းကျောင်းသားဘဝက မြစ်သားတန်ဆောင်တိုင်ပွဲတော်နှင့် မန္တလေးမဟာသင်္ကြန်မှ အလှပြယာဉ်ကားကြီးများကို မြင်ယောင်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



“ဟား ဟား ဟား၊ ဒီမယ် ဇော်ဦးကျော်၊ ဒီဆင်ကို မင်းကိုယ်တိုင်တက်ပြီး မောင်းကိုမောင်းရမယ်”

ကိုကျော်ဝင်းစကားကြောင့် ဝါးထင်းပွဲစားဖြစ်သူ ဇော်ဦးကျော်တစ်ယောက် မျက်လုံးပြူးစွာဖြင့် ကြောင်ပြီးကြည့်နေတော့သည်။

“ဒီလိုလေကွာ တို့ မြစ်သားတန်ဆောင်တိုင်မှာ မန်းသင်္ကြန်အခါတွေမှာ ကားဘော်ဒီကို ဝါးတွေနဲ့ယက်ပြီး သတင်းစာစက္ကူတွေကပ်၊ အရုပ်ဆေးတွေချယ်တာကို ‘ရေကန်ထည်’ လို့ ခေါ်တယ်မဟုတ်လား၊ အခု မင်းငှားထားတဲ့ ထွန်စက်နောက်တွဲယာဉ်ကိုလည်း အဲဒီလိုလုပ်မယ်လို့ စန်းမြင့်က ရည်ရွယ်ပြီး ပြောနေတာဟေ့”

“ဪ သိပြီ သိပြီ၊ ဒီလိုဆိုရင် ဦးလေးဗကြည်ရေ ဆင်မောင်းခ တစ်ပြားမှပေးစရာမလိုပါဘူး၊ အလှူဒါနပြုပါတယ်၊ ဒါပေမယ့် ဆင်ကိုတိုက်ရမယ့် ဒီဇယ်ကိုသာ သုံးလေးဂါလံလောက်သာ ရှာထားပေတော့”

သို့သော် သူကြီးဦးဗကြည်ခမျာမှာတော့ သဘောမပေါက်





သေး၍ သုံးဦးစလုံး အပမှီကုန်ပြီဟု လုံးဝယုံကြည်သွားပြီး သူ့ကော်ဇောနှစ်ခုကို ပြန်လိပ်လိုက်ရင်း

“ဆင်ကိုတိုက်ဖို့ ဒီဇယ်လိုတယ်ဆိုတော့ အဲဒီဆင်က ဒီဇယ်သောက်လို့ပေါ့နော်၊ နေပါစေ ဆရာတို့ရယ်၊ ဒီဇယ်သောက်တဲ့ဆင်ကိုတော့ မလိုချင်ပါဘူး၊ ကဲ ကဲ ကျုပ်လည်း အလုပ်တွေရှိလို့ ပြန်ဦးမယ်”

ကိုစန်းမြင့်က သူကြီးဦးဗကြည်လက်ထဲမှ ကော်ဇောနှစ်ချပ်ကို ဆွဲယူလိုက်ပြီး

“သူကြီး ဒီကော်ဇောတွေက ဆင်မှာသုံးရမှာဗျ၊ ထားခဲ့”

သူကြီးဦးဗကြည်သည် ပါးစပ်မှ ပွစိ၊ ပွစိဖြင့် ဂုဏ်တော်များကို အသံတိတ်ရွတ်နေပုံရသည်။

ကြက်သီးတဖြန်းဖြန်းထရင်း ကိုကျော်ဝင်းတို့ သူငယ်ချင်းသုံးယောက်၏ မျက်နှာများကို တစ်ယောက်စီ လိုက်ကြည့်နေသည်။

ကိုကျော်ဝင်းမှာလည်း သူကြီးဦးဗကြည်၏ နွားပြာပြိုင်နွားကြီးတစ်ရှဉ်းကိုစွဲ၍ ကိုယ့်ပယောဂမကင်းဟု ယူဆသောကြောင့် စိတ်မကောင်းဖြစ်နေရာမှ ကိုစန်းမြင့်၏ လျှပ်တစ်ပြက်



www.burmeseclassic.com

www.burmeseclassic.com



အကြဲကြောင့် အပြစ်လွတ်ပြီဟုတွေးမိပြီး ဝမ်းသာစွာဖြင့်

"ကဲ သူကြီးဦးဗကြည် ပြန်ထိုင်ပါဦး၊ ကျွန်တော်ပြောမယ့်စကားကို အပြင်လူတွေ သိလို့မဖြစ်ဘူး"

သူကြီးဦးဗကြည်မှာ ထိုင်သာထိုင်လိုက်ရသော်လည်း လက်နှစ်ဖက်ဖြင့် ပုဆိုးစအား မထားသည်။ အခြေအနေမဟန်လျှင် တစ်ကြိုးတည်းထပြေးနိုင်ရန် အသင့်ဖြစ်နေပုံရသည်။

ကိုကျော်ဝင်းလည်း ဖော်ဦးကျော်ငှဲ့ပေးသမျှကို တစ်ကြိုက်တည်း အပြတ်ရှင်းလိုက်ပြီး

"ဒီလို သူကြီးဦးဗကြည်ရဲ့၊ ဒီနယ်တစ်ဝိုက်နဲ့ ဒီနတ်လွှဲရွာက လူတချို့ကပါ သူကြီးဦးဗကြည် ရှင်ပြုပွဲမှာ ရှင်လောင်းတင်ပြီး လှည့်စရာနွားတစ်ရှဥ်း မရှိတော့ဘူးဆိုကာ ဝမ်းသာနေကြတာဗျ၊ အဲဒီလိုအချိန်မျိုးမှာ သူကြီးဦးဗကြည်က ဆင်ဆွဲတဲ့လှည်းကြီးနဲ့သာ မြေးတွေကိုတင်ပြီး ရှင်လောင်း လှည့်လိုက်ရတာမြင်ရရင် မနာလိုဖြစ်နေကြသူတွေ သေတောင်ကုန်နိုင်တယ်"

"အိုဗျာ ကျုပ်မြေးတွေကို ဆင်နဲ့လှည့်တာကို မနာလိုလို့အလောင်းချင်းထပ်အောင် သေကြပါစေ၊ ဆင်ရရင် ဆင်နဲ့





လှည့်မယ်၊ ဒါပေမဲ့ တကယ်ကောရမှာလားဟင်၊ သေသေချာချာပြောကြပါဦး"

ထိုသောအခါ ကိုစန်းမြင့်က အသံကိုနှိမ့်၍ သူကြီးဦးဗကြည် နားလည်သဘောပေါက်စေရန် ထပ်မံရှင်းပြရလေတော့သည်။

"ဒီလိုလေ ဦးလေးဗကြည်ရဲ့၊ အခု ဖော်ဦးကျော် မြစ်သား ပုဂ္ဂလိက တစ်ဦးစီက ငှားလာတဲ့ထွန်စက်ကြီးကို ဝါးတွေ၊ ကျူတွေနဲ့ ဆင်ရုပ်ကြီးလုပ်ပြီး ကပ်ထားမယ်ဗျာ၊ ဟိုဗျာ မြို့ပွဲပေါ်မှာ ဘုရားထီးလှည့်တုန်းက မြင်ခဲ့ရတဲ့ ကရဝိတ်ဖောင်တော်ပုံစံမျိုး မော်တော်ကားကြီးလိုလေ"

သည်တော့မှ သူကြီးဦးဗကြည်သည် ထိုင်ရာမှ 'ဂုန်း'ခနဲ ထလိုက်ပြီး ပုဆိုးကို ခါးတောင်းမြှောင်အောင်ကြိုက် သက်ခမောင်း တဖြောင်းဖြောင်းခတ်ကာ

"စေတနာမှန်တဲ့ ကံတရားဆိုသလို သိကြားမင်းက ကျုပ်ရဲ့အလှူကို ဟောဒီလို ငါကူညီမယ်ဆိုပြီး ဆင်တစ်စီးနဲ့ ပန်းရထားကြီးကို ဟောဒီကဆရာလေးတို့ အိမ်ရှေ့အရောက် ပို့လိုက်တာပဲဗျ၊ ဟောဒီ နတ်လွှဲ၊ မြနဒီ၊ ဒိုင်း၊ နွားကူး၊ ခန္တော ရွာတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဗကြည်ရဲ့ အလှူသတင်းကို ဟိုးဟိုးကျော်သွားစေရမယ် ဆရာတို့ရေ ပြောနေတာကြာတယ်၊ ပြောမနေ မကြာဘူး ဘယ်လောက်ကုန်ကုန်လုပ်၊ ဆရာတို့ဆင်ရဲ့ ဗိုက်ဆန့်သလောက် ဒီဖယ်သောက်စေဗျား"

သူကြီးဦးဗကြည်မှာ ပြန်ထိုင်လိုက်ပြီး တပြုံးပြုံးဖြင့်

"ဆရာကျော်ဝင်း၊ ဆရာစန်းမြင့်နဲ့ မောင်ဇော်ဦးကျော် တို့ကို အားကိုးပါတယ်ကွယ်၊ ဟဲ ဟဲ၊ ဟောဗျာ ဆရာတို့အရက် ကုန်သွားပြီ ဟုတ်လား၊ ကိစ္စမရှိဘူး၊ ဒီလိုအရက်မျိုး ရှာမြောက် ပိုင်းက နတ်ကတော်မိဝင်းအိမ်မှာ ပွဲတင်ထားတာ မြင်တယ် ကျုပ်ကိုယ်တိုင် သွားယူပေးမယ်ဗျို့"

ပြောပြောဆိုဆို သူကြီးဦးဗကြည်တစ်ယောက် စိတ်အား တက်ကြွစွာဖြင့် အောက်သို့ ပြေးဆင်းသွားပါလေတော့သတည်း။

✣ ✣ ✣



*ပုံနှုန်းဆွယ်ပြကာထားလိုက်ပါ*
*ဘုံသုံးဆယ် တဝသားမှာလ*
*နွားကတဲ့ ချားပမာ*
*နာရာပ အလွန်ရှား။*

(ရှေးသံချို)

"သူကြီးဦးဗကြည်တော့ တော်တော်ပျော်သွားပြီကွ"

ကိုစန်းမြင့်က ဆေးလိပ်မီးညှိရင်း ပြောလိုက်သည်။

"အဲဒါထားပါဦး၊ မင်းက ဆင်ရုပ်ကော ချုံးတတ်လို့လား"

"အနည်းဆုံး မျက်မမြင်ပုဏ္ဏားခြောက်ယောက် စမ်းကြည့် တဲ့ ဆင်လောက်တော့ ဖြစ်ပါတယ်ကွ"

www.burmeseclassic.com



ဝါးထင်းပွဲစား ဖော်ဦးကျော်က ကိုစန်းမြင့်ထံမှ ဆေးလိပ်ကို ယူဖွာလိုက်ရင်း

"ငါ့ထွန်စက်ကို ဆင်ရုပ်ကြီးကပ်ပြီး နောက်တွဲကို ပန်းရထားဆင်ရမယ်ဆိုတော့ ဒီတစ်ပတ်လုံးလုံး ထွန်စက်ကို အနားပေးထားရမှာလား၊ ကြည့်လုပ်ကြဦးနော်၊ ငါ့မှာ အကြွေးတွေက ဝိုင်းနေလို့၊ အကြွေးပူဆပ်နိုင်အောင် ရသမျှဝါးတွေကို သယ်နိုင်သမျှ သယ်မှ အလုပ်ဖြစ်မှာ"

ထိုအခါ ကိုစန်းမြင့်တစ်ယောက် ခေါင်းကိုတဖျင်းဖျင်းကုတ်ကာ စဉ်းစားလိုက်ပြီး

"ဒီလိုလုပ်မယ်ကွာ၊ မင်းထွန်စက်ရဲ့ နောက်တွဲရဲ့အတိုင်းအတာကိုယူထားမယ်၊ အဲဒီအတိုင်းမှန်းပြီး ဆင်ရုပ်ချိုးမယ်၊ စက္ကူကပ် ဆေးခြယ်ထားမယ်ကွာ၊ ပန်းရထားအတွက်လည်း တစ်ခါတည်းလုပ်မယ်၊ သောကြာနေ့ ဦးလေးဗကြည်အိမ်အရောက်ဆိုတော့ ဗုဒ္ဓဟူးနေ့ ညနေပိုင်းလောက်မှ မင်းရဲ့ထွန်စက်ပေါ်တင်ပြီး အသေတပ်မယ်၊ ငါတို့က ဆင်ရုပ်နဲ့ပန်းရထားကို မင်းတို့ဝါးခုတ်တဲ့ တောထဲမှာပဲ လုပ်မယ်ကွာ၊ အဲဒါဆိုရင်





မင်းထွန်စက်ကို ဗုဒ္ဓဟူးနေ့ညနေအထိ မင်းရဲ့လုပ်ငန်းမှာ သုံးထားလို့ရပါတယ်ကွ"

ထိုစဉ် သူကြီးဗကြည်တစ်ယောက် မမောနိုင် မပန်းနိုင်ပြေးတက်လာပြီး

"ပေဘဟဲ၊ ပေဘဟဲ၊ ရော့ ရော့ ဆရာတို့ရေ၊ ကိုကြီးကျော်ပွဲမှာမရှိလို့ ကိုယ်တော်လေးနှစ်ပါးဖြစ်တဲ့ မင်းကြီး၊ မင်းလေးဆီက မှုလာခဲ့ရတယ်၊ ဒီလိုနဲ့ ကျုပ်မှာလည်း လူကြီးတန်မဲ့နဲ့ အရက်ပုလင်းကို ပုဆိုးနဲ့ဝှက်ထားပြီး ဆရာကြီးမြစကြာတည်းခိုနေတဲ့ အိမ်ကိုဝင်လိုက်သေးတယ်၊ ဆရာကြီးက ရွာဦးဘုန်းတော်ကြီးကျောင်း · သွားမယ်ဆိုပြန်တာနဲ့ 'ရေကန်အသင့်၊ ကြာအသင့်' ဆိုသလို ဆရာကြီးမြစကြာနဲ့ ရွာဦးဆရာတော်ကိုပါ တစ်လက်စတည်း လျှောက်ခဲ့တယ်၊ ဆရာတော်ကလည်း သဘောကျလွန်းလို့ ရှင်လောင်းတွေကို ကိုရင်ဝတ်ပေးပြီးရင် သူကိုယ်တိုင် ကိုရင်တွေနဲ့ ခြံရံပြီး ရွာထဲကို တစ်ပတ်လှည့်ဦးမယ်တဲ့ဗျား၊ ဟောဒီမှာ ဆရာကြီးမြစကြာကတော့ ရေးဟောင်းပုရပိုက်ကြီး ပေးလိုက်တယ်၊ လုပ်ရမယ့် ဆင်အမျိုးအစားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြန်အင်လက္ခဏာတွေတဲ့ဗျာ"

ကိုကျော်ဝင်းက ပုလင်းကိုချိတ်ခွာပြီးဖွင့်ရင်း

"ဟောဗျာ၊ ဦးလေးဇကြည်ကို ဘယ်သူမှ မပေါက်ကြားစေနဲ့လို့ ဆိုလိုက်ကာမှ ပြောခဲ့ပြီလား၊ ကျွန်တော်တို့က ဘယ်သူမှမသိအောင် ဝါးခုတ်လုပ်ငန်းလုပ်တဲ့ဖော်ဦးကျော် တဲစခန်းထဲမှာ ဒီဆင်ရုပ်ကြီးကိုသွားလုပ်ပြီး သောကြာနေ့မနက်မှ ဦးဇကြည်ရဲ့ အိမ်ရှေ့ကို ဖြုန်းခနဲ ဆင်ဆွဲတဲ့ပန်းရထားကြီး လာပို့လိုက်ရင် တစ်နယ်လုံး ပြောမဆုံးပေါင်၊ တောသုံးထောင် ဖြစ်သွားပြီး သူကြီးဇကြည်ရဲ့ ဂုဏ်သတင်းဟာ ကုတ်နဲ့ကော်တင်လိုက်သလို မိုးပေါ်ကို မြောက်တက်သွားမှာပေါ့ဗျ"

"ဟာ ဟုတ်ပါရဲ့၊ ကျုပ် နောက်ကို ဒီဆင်အကြောင်း ဘယ်သူ့ကိုမှ ထပ်မပြောတော့ပါဘူး" ဟု ကတိပေးကာ ပြုံးပြုံးကြီး ခေါင်းညိတ်ရင်း

"ဪ ဒါနဲ့၊ ဆရာကြီးမြစကြာပေးလိုက်တဲ့ ရှေးဟောင်း ပုရပိုက်ကျမ်းကြီးကို ဖတ်ကြည့်ပါဦး၊ ဘယ်လိုဆင်အမျိုးအစားကို လုပ်ရမယ်ဆိုတာ သိအောင်လို့ပါ"





ထို့ကြောင့် ကိုကျော်ဝင်းက ပုရပိုက်ကိုဖွင့်၍ ဖတ်လိုက်သည်။

ဆင်များကို အစွယ်ပေါက်ပုံကိုလိုက်၍

(၁) အစွယ်လုံးဝမရှိသော ဟိုင်းမျိုး၊

(၂) အစွယ်တစ်ချောင်းသာရှိသော တည်မျိုး၊

(၃) သေးသောအစွယ်၊ တိုသောအစွယ်ရှိသည့် ဟံမျိုး၊

(၄) အစွယ် (၂) ချောင်းစုံရှိသော တံမျိုးဟူ၍ လေးပါးရှိသည်။ ထို့အပြင် ဇလအားခြားနားပုံကို လိုက်၍လည်း (၁၀) မျိုးခွဲခြားခေါ်ဝေါ်ပြန်သည်။ ယင်းတို့မှာ အစဉ်အတိုင်း တစ်မျိုးဆက်တစ်မျိုး ဆယ်ဆအားရှိလေရာ

(၁) လူ (၁၀) ယောက်အားရှိ၍ ညင်းညင်းအော်မြည်တတ်သော ဆင်မည်းမျိုးဖြစ်သည့် အာဋ္ဌာဝကဆင်၊

(၂) ဂင်္ဂါမြစ်ပတ်ဝန်းကျင်တစ်ဝိုက်၌ ရှိကြသော ဂင်္ဂေယျဆင်၊

(၃) ဝါဖျော့ဖျော့အရောင်ရှိသော ပဏ္ဍာရဆင်၊

(၄) ကြေးနီရောင်အဆင်းရှိသော တမ္ဗဆင်၊



www.burmeseclassic.com

www.burmeseclassic.com



(၅) ကြောင်သောအဆင်းရှိသည့် ပိင်္ဂလဆင်၊

(၆) အနံ့မွှေးသော ဂန္ဓဆင်၊

(၇) တင့်တယ်စွာသွားတတ်သော မင်္ဂလဆင်၊

(၈) ရွှေရောင်အဆင်းရှိသော ဟေမဆင်၊

(၉) ဖြူသောအဆင်းရှိ၍ နှာမောင်း၊ အမြီး လုပရှည်သွယ်ပြီး ကောင်းကင်၌ ကျက်စားတတ်သော ဥပေါသထဆင်၊

(၁၀) ဘော်ငွေအဆင်းရှိပြီး ညီညွတ်သော အစွယ်နှစ်ချောင်းမှ ရောင်ခြည်ခြောက်မျိုးထွက်ကာ အမြီး၊ ဦးခေါင်း ရှည်သွယ်၍ အလုံးစုံကြန်အင်လက္ခဏာနှင့် ပြည့်စုံလျက် ကောင်းကင်၌ပျံသန်းသွားနိုင်သည့် ဆဒ္ဒန်ဆင်ဟူ၍ ဖြစ်ပေသည်တဲ့၊ ဦးလေးဗကြည်က ဘယ်လိုဆင်အမျိုးအစားကို လုပ်စေချင်လို့လဲ"

အာခြောက်သွား၍ ကိုကျော်ဝင်းက အာမီရမ်တစ်ခွက် ကောက်မော့လိုက်ရာ၊ အရင်းမရှိ၊ အဖျားမရှိနှင့် သူကြီးဦးဗကြည်မေးလိုက်ပုံမှာ

"ဆရာတို့ထွန်စက်က ဘယ်နှစ်ကောင်အားရှိလဲ"

ထင်းပွဲစား ဖော်ဦးကျော်သည်လည်း ပြုံးတိပြုံးကြောင်





ဖြစ်သွားပြီး

"မြင်းကောင်ရေ ငါးဆယ်အားရှိတယ် သူကြီးရဲ့၊ ဘာဖြစ်လို့လဲ"

သူကြီးဦးဗကြည်က ကွမ်းတစ်ရာကိုငုံလိုက်ရင်း ကိုကျော်ဝင်း၊ ကိုစန်းမြင့်နှင့် ဝါးထင်းပွဲစား ဖော်ဦးကျော်တို့ဘက်လှည့်ကာ

"ဆရာလေးတို့ မြင်းတစ်ကောင်ရဲ့အားဟာ လူဘယ်နှစ်ယောက်နဲ့ညီသလဲ"

ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်ဟူသော ဆည်မြောင်းဌာနမှ SAE နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း

"အဲ မြင်းတစ်ကောင်ရဲ့အားဟာ ဘယ်လောက်ဆိုတာ ကျောင်းတုန်းက ရူပဗေဒဘာသာရပ်မှာ သင်ဖူးပါတယ်၊ ဒါပေမဲ့ လူတစ်ယောက်ရဲ့အားဟာ ဘယ်လောက်ရှိတယ်ဆိုတာတော့ သင်ဖူးဘူးခင်ဗျ"

"သင်ဖူးတယ်၊ မသင်ဘူးတယ်ဆိုတာကို မေးနေတာ မဟုတ်ပါဘူး၊ မြင်းတစ်ကောင်ရဲ့အားဟာ လူဘယ်နှစ်ယောက် နဲ့ ညီမလဲလို့မေးတာ၊ ဥပမာဗျာ ဆင်တစ်ကောင်ကို ကြိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချည်ပြီး လူ (၁၀) ယောက်နဲ့ လွန်ဆွဲသလိုဆွဲရင် လူလည်း မဆွဲနိုင်၊ ဆင်လည်းမဆွဲနိုင် အဲသလို 'သရေ' ဖြစ်နေရင် အဲဒါ ဟာ အာဠဝကဆင်မျိုးလေ၊ အဲဒါဗျာ ထင်းပွဲစားဆရာလေးရဲ့ ထွန်စက်က မြင်းကောင်ရေငါးဆယ်အားရှိတော့ လူဘယ်နှစ် ယောက်အားနဲ့ညီမလဲ၊ အဲဒီ ညီတဲ့လူအင်အားကိုတွက်ပြီး ဘာဆင် လုပ်မလဲ သိချင်လို့ပါ၊ ဆရာကြီးမြစကာပေးလိုက်တဲ့ ရှေးဟောင်း ကျမ်းဂန် ပုရပိုက်နဲ့အညီပေါ့ဗျာ"

အာဂသူကြီး ဦးဗကြည်ကိုကြည့်ရင်း ကိုကျော်ဝင်းတို့ သုံးယောက်သား ပါးစပ်များ အဟောင်းသားနှင့် ဖြစ်နေကြသည်။ ထင်းပွဲစား ဖော်ဦးကျော်ကတော့ လွန်စွာစိတ်ရှုပ်သွားဟန်ဖြင့်

"မြင်းကောင်ရေနဲ့ လူကောင်ရေ ဘယ်လိုညှိရမလဲတော့ မသိဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သိချင်ရင် ကျွန်တော့် ထွန်စက်နောက်မှာ ကြိုးချည်ပေးမယ်၊ ရွာထဲကလူတွေနဲ့ ဆွဲကြည့် နိုင်းလေ၊ ထွန်စက်မရုန်းနိုင်တဲ့အချိန်မှာ ဆွဲထားတဲ့လူအင်အား ကိုကြည့်ပြီး မြင်းကောင်ရေ ၅၀ ဟာ လူဘယ်နှစ်ယောက်အား နဲ့ ညီသလဲဆိုတာ လက်တွေ့သိရမှာပေါ့"





သူကြီးဦးဗကြည်က ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း

"ကောင်းသားပဲ စမ်းကြည့်ရအောင်လေ၊ လူစုဖို့ သံချောင်း ခေါက်နိုင်းလိုက်မယ်"

သို့သော် ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့က ပြာပြာသလဲ ငြင်းလိုက်ရတော့သည်။

ဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်၊ တော်ကြာ ဘာကိစ္စ နဲ့ လူတွေက ထွန်စက်ကြီးနဲ့ ပြိုင်ဆွဲနေရသလဲဆိုတဲ့အကြောင်း သိသွားရင် ကျွန်တော်တို့ ဆင်ရုပ်လုပ်မှန်း သိသွားမှာပေါ့"

"မလုပ်ပါနဲ့ သူကြီးရယ်၊ တော်ကြာလူတွေ လွန်ဆွဲလို့ မိုးချုပ်ရင် အလှူမှာ လူမစည်ဘဲ ဖြစ်သွားမှာပေါ့"

"မိုးအတွက်ကတော့ စိတ်ချပါ၊ ဆရာကြီးမြစကြာတစ် ယောက်လုံး ဒီရွာမှာရှိနေသေးတာပဲ၊ ငါးရဲ့မင်းပရိတ်တွေရွတ်ပြီး မိုးတားတဲ့ အစီအရင်တွေ လုပ်နိုင်းထားရမှာပေါ့၊ ကဲပါ မြင်း တစ်ကောင်ကို လူဘယ်နှစ်ယောက်ဆွဲရင် ရမလဲဆိုတာသာ စဉ်းစားပါ"

သူကြီးဦးဗကြည်သည် ဖွတ်ခနဲ ကွမ်းသွေးထွေးလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်နှစ်သားရှိတဲ့ ကျုပ်မြေးဖိုးသားက ဧက်ကြိုးကိုဆွဲရင်တောင် မြင်းကမရုန်းနိုင်ဘဲ ပါလာသေးတာပဲ"

ဝါးထင်းပွဲစား ဖော်ဦးကျော်က မျက်နှာကိုရှုံ့ရင်း

"ဇက်ကြိုးဆွဲမှတော့ဗျာ မြင်းတစ်ကောင်မဟုတ်ဘူး ဆယ်ကောင်ဆွဲရင်တောင်မှ မရုန်းနိုင်ဘဲ ပါလာမှာပေါ့"

"ဟော့ ငါမှတ်မိပြီ၊ မနှစ်က နတ်လွှဲအနောက်ရွာက မြင်းသိုးကြီး လွတ်ပြေးတုန်းက ကိုတင်ငွေတို့ညီအစ်ကို ကြိုးကွင်းပစ်ပြီး ဖမ်းဆွဲတာ မရုန်းနိုင်ဘဲ ပါလာတယ်မဟုတ်လား၊ ကိုတင်ငွေတို့ ညီအစ်ကိုကလည်း ကျားကျားလျားလျား ဗလကြီးတွေနဲ့ စံထားလောက်တယ်၊ အဲဒီတော့ မြင်းတစ်ကောင်ရဲ့အားဟာ လူနှစ်ယောက်နဲ့ညီတယ်လို့ သတ်မှတ်နိုင်တာပေါ့"

ကိုကျော်ဝင်းက သူ့ခွက်ထဲက အာမီရမ်အရက်ကိုငှဲ့ရင်း

"ကဲပါ၊ လူနှစ်ယောက်ဟာ မြင်းတစ်ကောင်ရဲ့အားပဲထားပါ၊ ထွန်စက်က မြင်းကောင်ရေ ငါးဆယ်ရှိတယ်ကွာ အဲဒီတော့ ဘယ်လိုဆင်အမျိုးအစားကို လုပ်မလဲ"

ကိုစန်းမြင့်က ပုရပိုက်ကို ကောက်ကိုင်လိုက်ရာ ကိုကျော်





ဝင်းက ဆွဲလုလိုက်ရင်း

"ဒီမယ်၊ အခုတို့တတွေ လုပ်ကြမယ့်ဆင့်က ရှင်ပြုအလှူတော်မင်္ဂလာအတွက် လုပ်ရမှာမဟုတ်လား၊ ဆရာကြီးမြစကြာပေးလိုက်တဲ့ ကျန်းဂန်အတိုင်းသာ လုပ်ရမယ်ဆိုရင် အမြီးအင်္ဂါကဘယ်လို၊ အစွယ်ကဘယ်ပုံ၊ နှာမောင်းက ဘယ်ညာနဲ့ဆိုရင်တော့ တစ်ပတ်ဆိုတဲ့ အချိန်အတောအတွင်းမှာ ဘယ်လိုမှလုပ်လို့ ပြီးနိုင်မှာမဟုတ်တော့ဘူး၊ ဒီတော့ ရိုးရိုးသားသား အပြစ်လွတ်တဲ့ ဆင်တစ်စီးပဲ လုပ်ကြတာပေါ့ကွာ"

အားလုံးငြိမ်သွားသည်။ သူကြီးဦးဗကြည်က ခေါင်းညိတ်ရင်း

"အင်းလေ၊ အပြစ်လွတ်တဲ့ ဆင်ဖြစ်ပေမယ့် အလှူပြီးလို့ ဗျာခေါက်ပြီးချိန်မှာ ကိုရင်တွေနဲ့ ရွာဦးကျောင်းဆရာတော်ကို ပါတင်ပြီး ရွာထဲလှည့်မှာဆိုတော့ အခုပဲဆရာတော်ကို လျှောက်လိုက်တော့မယ်၊ ကဲ မနက်ဖြန်အတွက် သွားပြီးစီစဉ်လိုက်ဦးမယ် ဆရာတို့ရေ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေယဉ်ငယ်
သွင်သွင်လျှောကျ
တောဝနပြောမကုန်
ခေါင်ရွှေ (ဖိုး) ငယ်နှင့်
ငှက် (မျိုး) သာစုံတော့
ရဂုံကြော့သည်မြိုင်ငှမှာ
တက်တက်တူရွှေခါပြောက်တွေက
ဖော်အစုံ ပင်မြို့အောက်မှာ
ကိုင်းလျှောက်တယ်လေး။

(ရှေးစာဆို)

တောထဲရှိ ဝါးထင်းပွဲစား ဖော်ဦးကျော်၏ ဝါးခုတ်စခန်းတွင် ကိုစန်းမြင့်၊ ကိုကျော်ဝင်းတို့အဖွဲ့သည် ထွန်စက်ကြီး၏





အတိုင်းအထွာကိုယူ၍ ဝါးလုံးများကိုခွဲစိတ်ကာ အချောသတ်ပြီး ဆင်ရုပ်ကြီး၏ပုံကြမ်းကို ဖော်ယူကြသည်။

ထိုအပေါ်မှ ဖျာကြမ်းများအား ဓားဖြင့်လှီးဖြတ်ကာ အုပ်၍ ကြိုးဖြင့်ချည်နှောင်သည်။ ထိုအပေါ်မှ စက္ကူကြမ်းများကို ကော်သုတ်၍ ကပ်ခြင်း၊ ချောမွေ့စေရန် ပုလင်းခွဲဖြင့် ဖိ၍ပွတ်ခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်တို့ကို လုပ်ဆောင်နေကြသည်။

သူကြီးဦးဗကြည်၏သား မောင်ကြွက်သိုးမှာလည်း သူ့ဖခင်၏ အမျက်တော်ပြေစေခြင်းငှာ အားကြိုးမာန်တက် ဝင်ရောက်လုပ်ကိုင်ပေးနေသဖြင့် ကိုစန်းမြင့်မှာ များစွာအထောက်အကူ ရရှိနေလေသည်။

ဤလုပ်ငန်း အဆင့်ဆင့်ကို ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် သတင်းအမှောင်ချကာ လုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြသော်လည်း ထိပ်ပိုင်းမှ သတင်းတာဝန်ရှိလူကြီးများဖြစ်သော သူကြီးဦးဗကြည်နှင့် ရွာဦးကျောင်းဆရာတော်၏ ကောင်းမှုတို့ကြောင့် ရွာသားများတဖွဲဖွဲ လာရောက်ကြည့်ရှုကြသည်။

မပြီးခင် မြန်မာမမြင်စေနှင့်ဟူသော စကားပုံမှာ မှန်ကန်



www.burmeseclassic.com

www.burmeseclassic.com



လုပေသည်။ လာရောက်ကြည့်ရှုကြသော သူများသည်လည်း မြန်မာလူမျိုးပီပီ ကူညီရိုင်းပင်းလိုစိတ်အပြည့်ဖြင့် နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းတို့ကြောင့် ကိုကျော်ဝင်း၊ ကိုစန်းမြင့်တို့ ဆင်လုပ်သားတစ်စု တော်တော်ဒုက္ခရောက်ကြရသည်။

ယခုလည်း အထက်နွားကူးရွာမှ ကိုကြည်ဝင်းဆိုသူ တစ်ယောက် ရောက်ရှိလာကာ

"ဟေ့ ကြွက်သိုး၊ မင်းတို့အလှူအတွက် အလုပ်တွေရှုပ်နေလို့ ကူရအောင်လာခဲ့တာဟေ့၊ ငါအရင်က ရန်မင်းပလောင်သစ်စခန်းမှာ နေ့စားလုပ်ခဲ့ဖူးတာမို့ ဆင်တွေအကြောင်းတော့ နောကျေနေအောင် သိထားတော့ ပိုပြီးအဆင်ပြေတာပေါ့၊ ဘယ်မှာလဲ မင်းတို့ဆင်ကြီး"

ကြွက်သိုးက ကိုကြည်ဝင်းကို ပြေးဖက်လိုက်ပြီး

"ဟာ ကြည်ဝင်း၊ သူငယ်ချင်း၊ မင်းလာတာ ဝမ်းသာတယ်ဟေ့၊ ဘာမှကူစရာမလိုဘူး၊ ငြိမ်ငြိမ်လေးသာထိုင်နေ"

ကိုကြည်ဝင်းဆိုသူက ကြွက်သိုးကိုဂရုမစိုက်ဘဲ ဆင်ရုပ်ကြီးကိုကြည့်ကာ ကိုစန်းမြင့်ဘက်လှည့်ပြီး





"ဟာ ဆရာတို့ဆင်ရဲ့နှားရွက်ကလည်း ဘယ်လိုကြီးလဲ၊ ဘုန်းကြီးယပ်တောင်ကြီးတွေအတိုင်း ဝိုင်းဝိုင်းကြီးတွေပါလား၊ တကယ့်ဆင်ရဲ့ နားရွက်က အဲဒီလိုမဟုတ်ဘူး၊ ကျုပ်လုပ်ပြမယ် ကြည့်နေ၊ ပေဘာဒီလိုပုံမျိုးဗျ"

ပြောပြောဆိုဆို ကတ်ကျေးဖြင့် ဆင်နားရွက်ကြီးအား ကိုက်ချလိုက်ရာ တားချိန်ပင်မရပါ။ ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦးမှာ ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်ကာ မှင်သက်နေစဉ် ကြွက်သိုးက ဝါးရင်းတုတ်ကို ပြေးဆွဲသဖြင့် ကိုစန်းမြင့်က ကြွက်သိုးကိုပြေးဖက်လိုက်ပြီး ကိုကျော်ဝင်းက ဝါးရင်းတုတ်ကို ဆွဲယူထားလိုက်သည်။

ဤတွင် နွားကူးရွာသား ကိုကြည်ဝင်းမှာ သူ့ရဲ့လုပ်ရပ်မှန်ကန်သဖြင့် ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ယောက်က ကြွက်သိုးအား ဝင်ရောက်တားမြစ်သည်ဟု ထင်သွားကာ

"ဒီမယ်ကြွက်သိုး၊ ငါက မင်းတို့ဆင်ကို လှပါစေ၊ သဘာဝယုတ္တိရှိပါစေတော့ဆိုပြီး စေတနာနဲ့ လုပ်ပေးတာကွ၊ မင်း ငါ့စေတနာကို မစော်ကားနဲ့၊ ငါ့စေတနာကို ဒီဆရာတွေ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ ငါလုပ်တာကို ပြီးအောင်ကြည့်ဦး”

ပြောပြောဆိုဆိုဖြင့် နောက်ထပ်နားရွက်တစ်ဖက်အား လျှပ်တစ်ပြက် ကောက်ကာလှီးဖြတ်လိုက်ရာ ဆင်ကြီးမှာ ကြည့်ရင်းကြည့်ရင်း ဝက်ကြီးနှင့်တူသွားလေတော့သည်။

“ကဲ မြင်လား၊ ဘယ်လောက် ကျက်သရေရှိသွားသလဲ ကြည့်စမ်း၊ ဒါမှ နတ်လွဲရွာဦးကျောင်းထဲက အောင်ခြင်းရှစ်ပါး ပန်းချီကားထဲမှာပါတဲ့ နာဠာဂိရိဆင်ကြီးနဲ့ တူသွားတယ်၊ မြင်လား”

ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့မှာ အံ့အားသင့်ခြင်းများစွာဖြင့် ကြွက်သိုးအား လှမ်းပေးလိုက်မိသည်။ ကြွက်သိုးက

“မြင်တယ်၊ မြင်တယ်၊ ရှင်မဟာမောဂ္ဂလန်ကိုယ်တော်ကြီး ဝင့်ကြွေးဆပ်တုန်းက ခိုးသားဓားပြတွေက ဘယ်လိုရိုက်နက်ခဲ့တယ်ဆိုတဲ့ ပုံကိုရော သိတယ်မဟုတ်လား၊ အဲဒီအတိုင်း တူစေရမယ်၊ ကဲဟာ၊ ကဲဟာ”

ပြောပြောဆိုဆို ဝါးရင်းတုတ်ဖြင့် လိုက်ရိုက်လေရာ ကိုကြည်ဝင်းဆိုသူလည်း ပြေးလေတော့သည်။





ထို့ကြောင့် ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦးမှာ အံ့တော်စိတ်မတော်ကျသွားသည်။ ဤဆင်ရုပ်ကြီးမျိုးအား လက်တွေ့ တစ်ခါမျှမလုပ်ဘူးပဲ မှန်းသန်း၍ အင်္ဂါစုံသောဆင်တစ်ကောင်ဖြင့် အင် လုပ်ရသည်မှာ မလွယ်ကူသည့်အထဲတွင် နားရွက်နှင့်အစွယ်မှာ အခက်ခဲဆုံးဖြစ်သည်ဟု ဆိုရပါမည်။

သေသေချာချာချည်နှောင်ပြီး တပ်လိုက်၊ ပြုတ်ကျလိုက်ဖြင့် ခေါင်းမူးအောင်၊ စိတ်ညစ်အောင် အသည်းအသန်ကြိုးစား၍ တပ်ထားရသော နားရွက်နှင့် အစွယ်များကို ပြန်လည်ပြင်ဆင် ရပေတော့မည်။

နားရွက်အသစ်ကို လုပ်ပြီးချိန်တွင်တော့ ညနေစောင်းသွားပေပြီ။ တိမ်တောက်ချိန်တွင် ရုပ်ဆိုးသူကိုတောင်မှ လှသည်ဟုဆိုရိုးရှိသော်လည်း ဖြော်င့်တန်းသောနှာမောင်း၊ ရှည်လျားသောအစွယ်နှင့် သေးငယ်သော ငုံးတိတ်နားရွက်ရှိနေသည့် ဆင်မင်းခမျာတော့ ဘယ်လိုမှမတင့်တယ်နိုင်ပါ။ အချိန်မရှိတော့သဖြင့် နားရွက်အသစ်ကို မနက်ဖြန်မှတပ်ပေးတော့မည်ဟု ဆုံးဖြတ်ကာ သိမ်းလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးထင်းပွဲစားလေး ဖော်ဦးကျော်၏ အလုပ်သမားများ သုတ်ကိုင်းထောင်၍ ရလာသောကျီသားများကို နုပ်၍တစ်မျိုး၊ ကြော်၍တစ်ဖုံ စပါယ်ရှယ်လုပ်ထားသောဟင်းနှင့် မီးတောက် အရက် နှစ်လုံးကြောင့် ထမင်းမှာ ပို၍စားလို့မြိန်စေသည်။

ထိုစဉ် မောင်ကြွက်သိုး၏ တစ်ရွာတည်းသား သူငယ်ချင်းဖြစ်သူ အောင်ပုဆိုသူ ရောက်ရှိလာပြန်ပါသည်။

"ကိုအောင်ပုလာဗျာ၊ တစ်ခွက်တစ်ဖလားလောက်ချရင်း ထမင်းစားသွားပါဦး"

အောင်ပုက ဆင်ကြီးကိုသေသေချာချာကြည့်ရင်း ခေါင်းခါပြသည်။

"မသောက်ချင်ရင်လည်း ခေါင်းခါပြမနေပါနဲ့ အောင်ပုရာ၊ ဒီမှာ ကျီသားဟင်းနဲ့ ထမင်းစားသွားကွ"

အောင်ပုက ဖောင်းကားနေသော သူ့ပါးကြီးနှစ်ဖက်ကို အထက်တက်သွားအောင်မဲ့ရင်း

"ခေါင်းခါပြတာက ထမင်းမစား၊ အရက်မသောက်ဘူးလို့ ပြောတာမဟုတ်ဘူး၊ အရက်လည်းသောက်မယ်၊ ထမင်းလည်းစားမှာပဲ၊ ခေါင်းခါပြရတဲ့အကြောင်းက ဒီဆင်ကြီးရဲ့ နားရွက်





နဲ့အစွယ်၊ ဒီအစွယ်ကြီးနဲ့ ဟောဒီနားရွက် ဘယ်လိုမှမလိုက်ဘူး၊ ဒီဆင်စွယ်ကြီးဟာ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဇာတ်တော်ထဲကလို 'ခြောက်ပါးရောင်ဟုံ' စွယ်တော်စုံကဲ့သို့သော ဆင်စွယ်ကြီးပါပဲ၊ တော်တော် လက်ရာမြောက်ပါပေတယ်၊ ဒါပေမဲ့ ဆင်နားရွက်နဲ့က လုံးဝမလိုက်ဘူး၊ အစွယ်က အုန်းသီးကြွက်မြီးလောက်ရှိနေပြီး၊ နားရွက်က အုန်းသီးပေါ် ယင်နားတာလောက်ပဲ ရှိနေတော့ ဘယ်လိုမှကြည့်မကောင်းဘူး၊ ဒါပေမဲ့ မပူပါနဲ့၊ ခင်ဗျားတို့စားလက်စ စားနှင့်ကြ၊ ဒီဆင်စွယ်ကို ကျုပ်ပဲပြင်ပေးလိုက်မယ်"

ပြောပြောဆိုဆိုဖြင့် အနီးအနားရှိလွှဖြင့် ဆင်စွယ်ကြီး၏ အဖျားမှနေ၍ တိုက်ချလိုက်ရာ အားလုံးမှာ တဲကွပ်ပျစ်ပေါ် ရောက်နေသဖြင့် တားချိန်ပင် မရလိုက်တော့ချေ။

'မုဆိုးညစ်ထေး ငမိုက်ခွေးလဲ လေးစွန်တောင်နှင့် အာခေါင်ကိုလှန်၊ ဒိုင်းထောက်ကန်ပြီးလျှင်၊ ထက်သန်မြမြ၊ ကြောက်ဖွယ်လွှကြီးနှင့် အာစကိုဖြတ်၊ ဦးနှောက်ကိုခိုက်လုအောင် လျားလိုက်ထိုးသွင်း၊ စွယ်တော်ရင်းကို ပွတ်သည်တွင်' ဟု



www.burmeseclassic.com

www.burmeseclassic.com



သော ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲမှ သောနုတ္တိုရ်မုဆိုးကဲ့သို့ အောင်ပုက အရမ်းကာရောပြုလုပ်လိုက်လျှင် ဝါးနီးကိုဖြာ၍ယက်လုပ်ပြီး အပေါ်မှစက္ကူကို ကော်သုတ်၍ကပ်ထားသော ဆင်စွယ်ကြီးကြီးမှာ 'တိခနဲ' ပြတ်ကျသွားသလို လွှ၏တုန်ခါမှု၊ လက်ဖြင့် အတွင်းအားစိုက်၍ ဆွဲမှုတို့ကြောင့် ဆင်စွယ်ကြီးမှာ အရင်းမှ ပြုတ်ထွက်ကျသွားပုံမှာလည်း 'စွယ်တော်မြတ်အစုံသည် နီတုံရောင်စို၊ ရွှေတောင်ကြီးပြိုသကဲ့သို့ ပြတ်တိုတုံး၍ ဖုန်းဖုန်းမြေသို့ကျလေ၏' ဆိုသကဲ့သို့ပင် ဖြစ်ပါသည်။ ဆင်ကန်ထရိုက်တော်မင်း ကိုစန်းမြင့်မှာ စားလက်စထမင်း လည်ပင်းနင်သွားသလို ကျန်လူများဖြစ်ကြသော ကိုကျော်ဝင်း၊ ကြွက်သိုး၊ ဖော်ဦးကျော်တို့မှာလည်း အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနှင့် ဖြစ်ကုန်ကြသည်။

အောင်ပုကတော့ ပြုတ်ကျသွားသော ဆင်စွယ်ကို ကောက်ကိုင်၍ အံ့ဩသလိုကြည့်လိုက်ပြီး မူလဆင်စွယ်တပ်ထားသော အပေါက်ထဲသို့ ပြန်ထိုးသွင်းလိုက်သည်။ ထွက်ပြီးသားဆင်စွယ် ဝင်တယ်လို့မရှိဟူသောစကားပုံမှာ ရာနှုန်းပြည့်မှန်ကန်ကြောင်း





သက်သေပြလိုက်သည့်အလား ဆင်စွယ်အုံအရင်းမှာ ပြုထွက်သွားပြီး နှာမောင်းတစ်ဖက်မှာလည်း ပဲ့ထွက်သွားလေတော့သည်။

ဒေါသကြောင့် ဖြောင်လက်စူးရဲနေသော လူအုပ်စု၏ မျက်လုံးအစုံများကြောင့် ခေဝါသစ်သောနုတ္တိုရ်အောင်ပုမှာ ဒူးတုန်၍နေပေပြီ။ သူ၏ ကြောက်ရွံ့အားငယ်နေသော ပုံသဏ္ဍာန်မှာလည်း 'အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေနိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်သုံးယောက်သားအနက်မှ ကံကွက်ကျား မုဆိုးမိုက်သား၊ နင်ချည်းသေပေတော့ဟု သတ်လျှင်လည်း မလွတ်နိုင်ရာ၊ သေရပါတော့မည်' ဟု တောင်းပန်နေသယောင်ပင်။

သို့သော် ကြွက်သိုးကတော့ လက်ကိုပင်မဆေး၊ သူ၏လက်သုံးတော် ဝါးရင်းတုတ်ကို ကောက်ကိုင်လိုက်သောကြောင့်

"ဟဲ့ ကြွက်သိုး၊ လွှန်မယ်၊ လွှန်မယ်၊ ဆဒ္ဒန်ဆင်မင်းဘောင်မှ သူ့အသက်ကိုသတ်ပြီး အစွယ်ကိုဖြတ်တဲ့ သေနုတ္တိုရ်ကို ခွင့်လွှတ်နိုင်သေးတာပဲ၊ အောင်ပုဆိုတာ မင်းရဲ့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးပဲ၊ မလုပ်ပါနဲ့ကွာ၊ ခွင့်လွှတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေ လိုက်ပါသော်လည်း ကြွက်သိုးက

"မရဘူး၊ မရဘူး၊ ဆဒ္ဒန်ဆင်မင်းက ဘုရားအလောင်းမို့ လို့ ခွင့်လွှတ်နိုင်တာ၊ ကျုပ်က သတို့သားလောင်းဗျ၊ လုံးဝကို ခွင့်မလွှတ်နိုင်ဘူး၊ ဒီဆင်ရုပ်ကြီးပြီးမှ ကျုပ်အဖေက ကျုပ်ကို အမျက်ပြေပြီး မိန်းမတောင်းပေးမှာဗျ၊ ကျုပ်ကို လုပ်သွားရင် တောင် ကျုပ်ခံနိုင်ပါတယ်၊ ဒီဆင်ကြီးလုပ်တာကိုတော့ လုံးဝ မခံနိုင်ဘူး၊ ဒီကောင်တွေ ကျုပ်မိန်းမရမှာကို မနာလိုလို့ ဖျက် လိုဖျက်ဆီး လုပ်တဲ့ကောင်တွေကို သူငယ်ချင်းရော၊ ဘာရော နားမလည်ဘူး၊ တွေ့မယ်"

သောနုတ္တိုရ်မှုဆိုးသည် ဆဒ္ဒန်ဆင်မင်းကိုသတ်၍ အစွယ် ကို ယူရန်အတွက် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်သွားခဲ့ရသော ခရီးကို အပြန်တွင် အဘယ်ကြောင့် ခုနစ်ရက်ထဲနှင့် ပြန်နိုင်ခဲ့ သနည်းဟု ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ဤအသက် အရွယ်အထိ မရှင်းခဲ့သော ပုစ္ဆာ၏အဖြေသည် ယခုအခါ၌ အထင်အရှား ပေါ်လွင်လာခဲ့ပေတော့သည်။





ခေတ်သစ် သောနုတ္တိုရ်အောင်ပုသည် သူ့ခန္ဓာကိုယ် တ္တဘောကြီးနှင့် မလိုက်အောင် ပြေးလိုက်ပုံမှာ နောက်မှ က်သော ကြွက်သိုးတစ်ယောက်ပင် မျက်ခြေပြတ်သွားပါသည်။

ဤကဲ့သို့သော ဖြစ်ကြောင်းရယ်ကုန်စင်ကို ရွာဦးကျောင်း ရာတော်နှင့် သူကြီးဦးဗကြည်တို့ သိသွားပြီးနောက် ဆင်ရုပ် ပ်သည့် ဝါးခုတ်စခန်းနေရာသို့ ရွာသူ၊ ရွာသားများ ဖြတ်သန်း သွားလာခွင့်ကို ပိတ်ပင်ပစ်လိုက်ပါသည်။

ထို ဝါးခုတ်စခန်းနေရာသို့ သွားသော လမ်းခွဲတွင်ရှိသည့် န်းဒဟာတ်ပင်ကြီး၌ ဖျာကြမ်းကြီးကိုကပ်ထားပြီး ထုံးဖြူဖြူနှင့် အောက်ပါအတိုင်း ရေးသားထားသည်ကို အဝေးကပင် မြင်တွေ့ င်ပါသည်။

သတိ

မည်သူမဆို မည်သည့်ကိစ္စကြောင့်မှ ဤနေရာသို့ ဖြတ် သန်းသွားလာခြင်းကို ခွင့်မပြု။ တွေ့ရှိပါက ရွာဦးကျောင်းတွင် ဒဏ်တစ်ထောင်၊ သဲဒဏ်တစ်ထောင် ဒဏ်ခံရမည်။

ပုံ–ဆရာတော်၊ နတ်လွဲကျေးရွာ။

www.burmeseclassic.com



ဤဆိုင်းဘုတ်ကြီးတင်ပြီးမှ ဆင်ရုပ်လုပ်သည့်လူများ စိတ်အေးချမ်းသာစွာဖြင့် ဆဒ္ဒန်ဆင်မင်းကို အသက်သွင်းနိုင်ပါလေတော့သတည်း။

✣ ✣ ✣



BURMESE CLASSIC .com



မဆိတ်လေဟန်
ပဋိသန္ဓိစံကာနေက
ခံပစေ စရာငြိပါလို့
ဗျာမိရယ် မရဏံပါ
အရပ်ရှင်ပင် ယောခဲ့တယ်
စောတော့တရား။

(ရှေးသံချို)

ယနေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် ဆင်ရုပ်ကြီးအား ထွန်ခက်ပေါ်တွင် တပ်ဆင်ရမည့်နေ့ ဖြစ်သည်။

"စန်းမြင့်ရေ၊ ဖော်ဦးကျော်ရဲ့ထွန်စက်ကို ဒီနေ့ညနေ



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုအရောက်လာခဲ့ပါလို့ ပြောပြီးပြီလား"

"ပြောပြီးပါပြီကွာ၊ ဝါးထင်းတိုက်ပြီးအပြန် နတ်လွဲရွာထဲ ဝင်လိမ့်မယ်၊ ဦးလေးဗကြည်ဆီက ဒီဇယ်ဝင်ထည့်လိမ့်မယ် တစ်လက်စတည်း တို့အတွက်ပါ တောအရက်ပါ ဝင်ဝယ်ခဲ့မယ်တဲ့"

ဆင်ရုပ်ကြီးအား အပြီးသပ်အချောကိုင် ဆေးသုတ်၍ သူကြီးဦးဗကြည်ဝယ်လာသော ကော်ဖောနှစ်ချပ်အား ကျောပေါ်တင်ကာ ပြုတ်မကျစေရန် ကြိုးဖြင့်ခိုင်ခိုင်ချည်နေစဉ် ဖော်ဦးကျော်တစ်ယောက် မောကြီးပန်းကြီးဖြင့် ရောက်လာပြီး ဆင်ရုပ်ကြီးအားကြည့်ကာ ညစ်ညစ်ပတ်ပတ်တွေ ဆဲရေးတိုင်းတာယုံမျှမက တုတ်ဖြင့်ရိုက်မည် လုပ်နေသဖြင့် ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်က ပြေး၍ ဆွဲတားရင်း

"ဟ ဘယ်လိုဖြစ်လာတာလဲ သူငယ်ချင်းရ၊ ဒီဆင်ကြီးက မင်းအပေါ်ကို ခါချဉ်တွေပါတဲ့ အင်ကြင်းပန်းကို ကြဲချလိုက်လို့လား"

"ခါချဉ်အကိုက်ခံရတာထက်ဆိုးတယ်၊ ဘယ့်နှယ့်ကွာ





စ်နေ့က ငါ့ဆီကို နို့ဆီရုံကလူတွေ ဝါးထင်းဝယ်ရအောင် ာတယ်၊ သူတို့က အကုန်လုံးကို ပုတ်ပြတ်နဲ့ဝယ်ချင်လို့ လာ ာတဲ့၊ ဈေးတည့်ရင် ငွေအကြေချေမယ်ဆိုပြီး လိုက်လာကြ ာ၊ အခုတော့ကွာ လမ်းခွဲသန်းဒဟက်ပင်ကြီးက ဆိုင်းဘုတ် ို မြင်သွားပြီး ပြန်သွားကြပြီတဲ့ကွ၊ ဟင်း"

"ဒါလေးများကွာ ဖြစ်နေလိုက်တာ၊ နောက်နေ့မှ မင်းကိုယ် ိုင်လိုက်သွားပြီး ပြောလိုက်ပေါ့ကွ"

"မရတော့ဘူး အဲဒီ နို့ဆီရုံပိုင်ရှင်က ဟိုဘက်က ဝါးတော ာက်က ကောင်တွေဆီမှာ ဈေးတဲ့သွားလို့ ငွေချေပြီးပြီတဲ့၊ ငါ့မှာ ာ့ ဝါးထင်းခုတ်ဖို့ လိုင်စင်လိုက်တော့လည်း မိဘဆီကငွေ၊ ါးခုတ်အလုပ်သမားတွေ ရှင်းရတော့လည်း မိဘရဲ့ငွေ၊ ဘာ ကြေးညာကြေးပေးရတော့လည်း မိဘငွေ၊ မိဘတွေလည်း ငွေပေး လွှန်းလို့ ငါ မြစ်သားအိမ်ကိုပြန်လာမှာ ကြောက်နေပြီ၊ အခု ီဆင်ကြီးကြောင့် ငွေဝင်ရမှာ မဝင်ဘူးဖြစ်သွားပြီလေ"

ပြောပြောဆိုဆို ဖော်ဦးကျော်တစ်ယောက် သက်ပြင်းရှည် ကြီးကိုချရင်း တဲထဲသို့ဝင်သွားသည်။ ဒီလိုဆိုပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦး ဇော်ဦးကျော်ကို သနားသွားကြသည်။

မကြာခင်မှာပင် ဇော်ဦးကျော်၏ ဒရိုင်ဘာအဖြစ် ခေါ်ထားသော တင်ကိုကိုနှင့် လှသိန်းတို့နှစ်ယောက် ထွန်စက်ကြီးဖြင့် ဆိုက်ရောက်လာသည်။ ထွန်စက်ကို ဆင်ရုပ်ကြီးနားကပ်၍ ရပ်လိုက်ပြီး

"ဗျို့ ကိုစန်းမြင့်၊ ကိုဇော်ဦးကျော် ရောက်ပြီလား"

"အေး ရောက်ပြီ၊ ဟိုတဲထဲမှာ၊ ဒါနဲ့ မင်းကော အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ်ဗျာ၊ သူကြီးဇကြည်က ဒီဇယ်လေးဂါလံခွဲ ထည့်ပေးလိုက်တယ် ရော့၊ ဒီမှာ တောအရက်ပုံး"

ဇော်ဦးကျော်က တဲအတွင်းမှထွက်လာကာ အရက်ပုံးထဲမှ ခွက်ထဲသို့ ငှဲ့ထည့်လိုက်ကာ တစ်ကြိုက်မော့သောက်ရင်း လက်ကျန် ယုန်သားခြောက်အမြည်းကို စားနေသည်။ ဒရိုင်ဘာ တင်ကိုကိုက

"ဟော ဆရာနေဦး၊ ဒါ ရေမရောရသေးတဲ့ တောအရက်





ဦးရည်တွေဗျ၊ မူးနေဦးမယ်နော်"

ဇော်ဦးကျော် ဂွတ်ခနဲ မော့သောက်လိုက်ပြီး တစ်ဆက်တည်း မရပ်မနား ဆက်သောက်ကာ ဗိုက်ထဲအဆာမရှိ၍ကြောင့်လားမသိ အမူးလွန်သွားသည်မှာ ဇက်ကျိုးကျသည်အထိပင်။

ထို့ကြောင့် စိတ်ပူးက်လက်ပျက်နှင့် နွားငတ်ရေကျသောက်သဖြင့် ဇော်ဦးကျော်ကို တဲအတွင်းမှ သိပ်ထားလိုက်ရတော့သည်။ ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦးကမူ ဆင်ရုပ်ကြီးကို ထွန်စက်ပေါ်သို့ တင်ခဲ့ကြရာ ပြီးစီးသွားသည်။ ထို့နောက် ဒရိုင်ဘာ တင်ကိုကိုအား ဆင်ရုပ်ဗိုက်ထဲ (သို့မဟုတ်) ထွန်စက်မောင်းရာနေရာသို့ ဝင်စေ၍ အစမ်းမောင်းခိုင်းကြည့်ရာ

"အဟွတ် အဟွတ်၊ သေပါပြီဆရာတို့ရဲ့၊ အဟွတ်၊ အဟွတ်၊ လုပ်ကြပါဦး" ဟူသောအသံကြီးက ထွန်စက်သံကိုကျော်လွှန်ပြီး ထွက်ပေါ်လာသဖြင့် ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦး အပြေးအလွှား ဆင်ရုပ်နားသို့ သွားလိုက်စဉ်တွင် ဆင်ရုပ်ကြီး၏ ဝမ်းဗိုက်မှာ 'တဗြိဗြိ' ပြိသွားပြီး အတွင်းမှ တင်ကိုကိုတစ်ယောက် ချောင်းတဟွတ်ဟွတ်ဆိုးရင်း ခုန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး လေး၊ ကံကောင်းလို့ အသက်ရှုကျပ်ပြီး သေတော့မလို့၊ ဆရာတို့က ဆင်ရုပ်ကြီးကို အလုံပိတ်ပြီး ထွန်စက်ပေါ်အုပ်တင်ထားတော့ ကျွန်တော့်လည်း စက်နှိုးလိုက်ရော မီးခိုးခေါင်းတိုင်ကထွက်လာတဲ့ မီးခိုးတွေက ထွက်ပေါက်မရှိဘဲ ဆင်ရုပ်ကြီးထဲမှာ တန်းပြည့်သွားလို့ ကျွန်တော့်မှာ မနည်းအသက်ရှုရတယ်၊ ယွှက်ပေါက်ကိုလည်း မမြင်ရတော့ဘဲ မျက်စိတွေစပ်ပြီး မျက်ရည်တွေထွက်လာလို့ ဆင်ရုပ်ရဲ့ ဗိုက်ကြီးကိုဖြဲပြီး ထွက်လာရတာပါ ဆရာရယ်၊ အဟွတ် ဟွတ်"

ကိုကျော်ဝင်းကတော့ ဗိုက်ပြဲနေသော ဆင်ရုပ်ကြီးအား ကြည့်ပြီး

"မင်းကလဲကွာ စက်ရပ်လိုက်ရင် ပြီးရောပေါ့ကွ၊ အခုတော့ ဆင်ဗိုက်ကြီးကို ပြန်လုပ်ရဦးမယ်"

"ဆရာက ပြောတော့လွယ်လိုက်တာ၊ ထွန်စက်က စက်နှိုးနှိုးချင်း ထွက်လာတဲ့မီးခိုးတွေက မီးပုံးပျံသာဆိုရင် ဟိုးတိမ်တိုက်တွေအထိရောက်အောင် တက်သွားနိုင်တယ်၊ ပြီးတော့ ဆင်ရုပ်ကြီးကို အလုံပိတ်ထားတော့ ဘယ်အပေါက်ကနေ ကြည့်





ပြီး ကျွန်တော်မောင်းရမှာလဲ၊ ရှေ့မှာ အပေါက်ဖောက်ပေးပါဦး"

ဟုတ်ပါသည်။ အတွေ့အကြုံမရှိသောကြောင့် မီးခိုးထွက်ရန်အပေါက်နှင့် ရှေ့ကိုကြည့်ပြီး မောင်းနှင်ရန်အတွက် ချောင်းကြည့်ပေါက်များ မဖောက်မိဘဲ သည်အတိုင်း အလုံပိတ်ကြီးလုပ်ကာ ထွန်စက်ပေါ်တက်၍ နှိုးခိုင်းလိုက်သည့်အတွက် ဒရိုင်ဘာတင်ကိုကိုတစ်ယောက် အလူးအလဲ ခံလိုက်ရတော့သည်။

မီးခိုးများကုန်မှ ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦး ထွန်စက်ထဲသို့ဝင်ကြည့်ကြသည်။ ကိုစန်းမြင့်က

"ထွန်စက် ဦးခေါင်းတိုင်ကို အဆစ်ဖောက်ထားတဲ့ ဝါးပိုးဝါး စွပ်မယ်ကွာ၊ အဲဒီဝါးပိုးဝါးရဲ့ ထိပ်တည့်တည့်မှာ ဆင်ဦးကင်းတော့ အဲဒီနေရာကို အပေါက်ဖောက်လိုက်၊ ဝါးပိုးဝါးရဲ့ ထွန်း လက်လေးဆစ်လောက်ကို ဆင်ဦးကင်းမှာရှိတဲ့ အပေါက်ပေါ်မှာ ထုတ်ထားလိုက်ရင် မီးခိုးကိစ္စ အိုကေသွားပြီ၊ ဆင်ရဲ့ ခေါင်းအောက် ရင်ဘတ်နေရာမှာ အပေါက်ဖောက်လိုက်ရင် ကိုမြင်ရမှာပဲ၊ ဒါဆိုရင် ကြည့်စရာအပေါက်လည်း ရသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် နှစ်ယောက်သား ထွန်စက်ထဲမှ ပြန်ထွက်လာပြီးနောက် ဝါးပိုးဝါးကြီးကိုခုတ်၍ အဆစ်ထုတ်သူက ထုတ်၊ ချောင်းကြည့်ပေါ ကို ဖောက်သူကဖောက်နှင်၊ ဆင်မိုက်ပြကြီးအား ပြန်ပြင်သူကပြင်ဖြင့် အလုပ်ရှုပ်သွားကြသည်။

သို့ဖြင့် အားလုံးပြုပြင်ပြီးစီးသွားသော ဆင်ရုပ်ကြီးကို ဒရိုင်ဘာတင်ကိုကိုအား အစမ်းပြန်မောင်းနိုင်းကြည့်ရာ အဆင်ပြေသွားသည်။ အားလုံးပြီးဆုံးချိန်တွင် ညနေစောင်းသွားပြီဖြစ်သဖြင့် ကိုကျော်ဝင်းက

"ကဲ ကဲ၊ ဒီဝါးစခန်းမှာ ကျန်ခဲ့ကြမယ့် ကြွက်သိုး၊ လှသိန်းနဲ့ ဒရိုင်ဘာတင်ကိုကိုတို့ရေ မင်းတို့မြင်ကြရတဲ့အတိုင်းပဲနော်၊ ထွန်စက်နောက်တွဲကို ပန်းရထားလုပ်ရတာ ဘာမှမခက်ဘူး၊ ပြုတ်မကျအောင် ချည်နှောင်လိုက်ရင် ပြီးရော၊ ဒါပေမဲ့ ဟောဒီထွန်စက်ကြီးပေါ်ကို ဆင်ရုပ်ကြီးတင်ရတာ တကယ်လက်ဝင်တာ၊ အခုတော့ အားလုံးပြီးသွားပြီ၊ တကယ်လို့ ဒီဆင်ရုပ်ကြီး တစ်ခုခုဖြစ်သွားရင် ပြန်ပြီးပြင်ဖို့ လုံးဝအချိန်မရတော့ဘူး၊ ဒီတော့ ကြွက်သိုးနဲ့ လှသိန်းအပါအဝင် ဒရိုင်ဘာဖြစ်သူ တင်





ကိုကိုတို့အားလုံး ဒီဆင်ကြီးကို အသက်နဲ့လဲပြီး ကာကွယ်ပါ၊ အထူးသဖြင့် ကြွက်သိုး၊ မင်းရဲ့အဖေ သူကြီးဦးဗကြည်က မင်းကို ဘယ်လောက်ဘွယ်ချင်နေသလဲဆိုတဲ့ အပြစ်ကို သိတယ်မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့၊ ကျုပ်သိပါတယ် ဆရာကျော်ဝင်း"

"အေး၊ အခု ဒီဆင်ကြီးထိန်းသိမ်းပေးရေးဟာ မင်းအတွက် အမျက်ပြေစေတဲ့အကွက်ပဲကွ၊ ကြွက်သိုးက မင်းအဖေတွေ့ချင်မြင်ချင်နေတဲ့ ဒီဆင်ကြီးမပျက်စီးရအောင် ဆောင်ရွက်နေမှန်းသိရင် မင်းကို စိတ်ပြေသွားလိမ့်မယ်၊ နောက်ဆိုရင် မင်းကို မိန်းမတောင်းပေးဖို့ကိစ္စတွေ မင်းအဖေကို တိုက်တွန်းပေးဆိုပေးမယ်၊ ကြားလား"

"ကြား ကြားပါတယ် ဆရာကျော်ဝင်းရယ်"

"ကဲ ဒီလိုဆိုရင် ငါတို့ ဒီညရွာပြန်အိပ်ဖို့ လှည်းပြင်ပေတော့၊ တဲထဲမှာ မူးပြီးအိပ်ပျော်သွားတဲ့ ဖော်ဦးကျော်ကိုပါ ထမ်းပိုးပြီး တင်လိုက်ကြနော်၊ ပိုစိတ်ချရအောင် ထွန်စက်သော့ကိုလည်း ငါတို့ယူသွားမယ်၊ မနက်အစောကြီးမှ ရွာကလူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်ကို ပို့နိုင်းလိုက်မယ်”

အားလုံးက တစ်ပြိုင်တည်း ‘ဟုတ်ကဲ့’ ဟု ဖြေလိုက်ကြသည်။ သို့ဖြင့် နွားလှည်းအား တံတားဦးသား ကိုစန်းမြင့်က မောင်း၍ ကိုကျော်ဝင်းက အမှုးလွှန်၍ အိပ်နေသော ဖော်ဦးကျော်ကာသိန်းရင်း ဝါးတောထဲမှ နဝင်းလွှဲရွာဆီသို့ ဦးတည် မောင်းနှင်လာကြတော့၏။

✣ ✣ ✣



အစိမ်းနှင့်အပြာ
နီအဝါဖြူတချို့သာပါ
သူတို့ကို ဘယ်ဆီက
ဘယ်ပန်းချီ စုတ်မင်ဆေးငယ်နှင့်
ယဉ်ကျေးအောင် တမင်လာ၍
ဆင်ယင်ရှာလေ သ,မှန်းပါဘိ
ပန်းတို့အခြေ။

(ဦးမျှင်)

အချိန်တို့သည် တရွေ့ရွေ့နှင့် ကုန်လွန်ခဲ့ရာ မောင်ရိုပျိုး ...ဘွင်တော့ ကိုကျော်ဝင်း၊ ကိုစန်းမြင့်နှင့် ဝါးထင်းပွဲစား ဖော်





www.burmeseclassic.com

ဦးကျော်တို့ စီးနင်းလိုက်ပါလာသော လှည်းသည် သူကြီး ဦးဗကြည်အိမ်ရှေ့ အလှူမဏ္ဍပ်သို့ ရောက်လာခဲ့၏။

ဘုရားပွဲ၊ တရားပွဲများတွင် လှူမည့်ငွေစက္ကူများအား ပုံစံအမျိုးမျိုး လုပ်ကိုင်ရင်း လက်မအားနိုင်အောင် အလုပ်ရှုပ်နေကြသည်။

ရွာသူကြီး ဦးဗကြည်ကတော့ မနက်ဖြန်ခါမှာ ရွာနီးနားချင်းရှိ လူများသည် အလှူရှင်လောင်းလှည့်တွင် အသုံးပြုမည့် ပန်းရထားနှင့် ဆင်ကြီးကိုကြည့်ရှုရန် အလွန်စိတ်ဝင်စားနေကြကြောင်း ဂုဏ်ယူဝံ့ကြွားစွာဖြင့် တစ်ယောက်ချင်းလိုက်ပြီး ပြောပြနေသည်မှာ ပါးစပ်မှအမြှုပ်ထွက်မတတ်ပင်။

လာသမျှ ဧည့်ပရိသတ်အပေါင်းကိုလည်း ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးနိုင်ရေးအတွက် အားလုံးစီစဉ်ထားပြီးဖြစ်ကြောင်းများလည်း ပါဝင်လိုက်သေးသည်။ ထို့ကြောင့် ချက်ပြုတ်ရေးတာဝန်ခံအဖြစ် လာရောက်ကူညီနေကြသော စမုံ[illegible]ကြီးအနီးရှိ ကိုင်[illegible]ရွာမှ ကိုစိန်တို့အဖွဲ့လည်း ရောက်ရှိနေကြပါပြီ။ ကိုစိန်ကတော့ ကြက်သမားပီပီ ခေါက်လေရာအရပ်တွင် သူ့တိုက်





ကြက်ဖကြီး 'မာယာ' ဘယ်လိုခွပ်လက်တော်ကြောင်း ပြောမဆုံးပေါင် တောသုံးထောင် လုပ်နေသဖြင့် ကြက်ဝါသနာပါသော သန်းလှိုင်နှင့် ရွှေလေးမြောင်းခြားရွာမှ အေးကိုတို့မှာ ထမင်းချက်ပြုတ်နေရာ၌ပင် နားထောင်နေကြသည်။

အပျိုခေါင်းမဝိုင်းနှင့်တကွ နတ်လွှဲရွာသူ လုံမပျိုတစ်သိုက်မှာလည်း အလှူလက်ဖက်တည်ရန် လက်ဖက်ခွက်များ၊ ပန်းကန်များကို ဆေးကြောသုတ်သင်ရင်း ညနေရှင်လောင်းလှည့်ပွဲတွင် ဘယ်လိုချိတ်ထမီအဆင်နှင့် ဝတ်လိုက်မည်ဟု စကားလုံးလှိုင်းကြီး၍ ကြွားလုံး ထုတ်နေကြသေးသည်။

မည်သို့ပင်ဖြစ်စေ သူကြီးဦးဗကြည်၏ အလှူကို တရားနာလာကြတာလား၊ ဆင်ကြီးနှင့်ပန်းရထားကိုပဲ ကြည့်ရအောင်လာကြလေသလားမသိ ရွာနီးချုပ်စပ်မှ လှည်းတန်းကြီးများမှာ နတ်လွှဲရွာအတွင်းသို့ အလျှိုအလျှို ဝင်လာကြသည်ကတော့ ရွာအတွင်းမှာပင် မဆန့်တော့သဖြင့် ရွာအပြင်၌ပင် လှည်းဝိုင်းကြီးများ ပြုလုပ်နေကြရသည်။

ရွာလယ်ခေါင်ရှိ ဗီဒီယိုပြသနေသော (ဝင်းရွှေ၊ သန်းဦး)

www.burmeseclassic.com



ဗီဒီယိုရုံ၌လည်း မြစ်သားမှ ဗီဒီယိုမင်းသား ဝင်းမိုးကျော်ပါဝင်သော 'နှမလက်လျှော့နေလေတော့' ဇာတ်ကားကို ပြန်လည်ပြသသည်ကိုပင် လူတွေကြိတ်ကြိတ်တိုး စည်ကားနေသည်။

အလှူမဏ္ဍပ်သို့ လာသမျှလူ အပေါင်းကလည်း ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦးအား ဆင်ရုပ်ကြီးအကြောင်းကို မေးမြန်းကြလွန်းသဖြင့် ဆင်ရုပ်ကြီးမှာ လုံးဝပြီးစီးသွားပြီ ဖြစ်ပါကြောင်း၊ မနက်ဖြန်မနက် ခြောက်နာရီခွဲအချိန်တွင် မဏ္ဍပ်ရှေ့သို့ ရောက်ရှိလာမှာဖြစ်၍ ထိုအခါမှပင် ကြည့်ရှုကြစေလိုကြောင်း (သို့မဟုတ်) အကျယ်တဝင့်သိလိုပါက ရွာသူကြီးဦးဗကြည်ကို မေးမြန်းကြစေလိုကြောင်းဖြင့် ဖြေဆိုလိုက်ရာ သူကြီးဦးဗကြည်လည်း ပြောချင်ဇောကြီးလွန်းသဖြင့် ကွမ်းသွေးများကိုပင် ထွေးမထုတ်ဘဲ မျိုမျိုချရင်း ထိုဆင်ကြီးသည် လူအယောက်တစ်ရာအားရှိကြောင်း၊ ဆင်၏ခြေထောက်မှာ မည်ကဲ့သို့၊ ဆင်၏နှာမောင်းမှာ ဘယ်ပုံ၊ အစွယ်မှာ ဘယ်လိုရှိကြောင်း အမျိုးအမည်မှာ ဘယ်လိုအမျိုးဖြစ်ကြောင်းကို ကျမ်းဂန်အကိုးအကားဖြင့် ခိုင်ခိုင်မာမာ ပြောဆိုရုံမျှမကသေးဘဲ ဆင်၏ကျော





တွင် လွှမ်းထားသော ကော်ဇော်နှစ်ချပ်မှာလည်း တစ်ခုလျှင် ဘစ်ထောင့်ငါးရာကျပ်တိတိ တန်ဖိုးရှိကြောင်းနှင့် ပန်းရထားမှာလည်း ဒဿဂီရိ မယ်သီတာကိုခိုးသော ပန်းရထားပုံစံမျိုးဖြစ်ကြောင်းနှင့် ခြူးပန်း၊ ခြူးနွယ်များမှာလည်း ရွာဦးကျောင်းဆရာတော်အား နတ်သိကြားများက အိပ်မက်ပေး၍ရရှိသော ပုံစံအတိုင်း တည်ဆောက်ထားသဖြင့် အလွန်တစ်ရာ ဆန်းကြယ်ကြောင်းများကို ဆင်ရုပ်နှင့်ပန်းရထားအား လုံးဝမမြင်ဘူးပဲနှင့် အရမ်း အရမ်းကို ကြွားဝါနေပါတော့သည်။

ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့မှာ အလှူမဏ္ဍပ်သို့ ကူညီရအောင်မလာဘဲ ဆင်ဖြူတော်ရုပ်ကြီးကိုသာ ဝါးထင်းတောအတွင်းမှာ စောင့်၍အိပ်နေရမည်ဆိုလျှင်ဖြင့် ကြွက်သိုး၊ တင်ကိုကို၊ လှသိန်းတို့နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းများ ရရှိရုံမက နားချမ်းသာ၊ ပါးစပ်ချမ်းသာစွာဖြင့် အေးအေးဆေးဆေး နေရမည့်အကြောင်းများကို တွေးနေမိရင်း ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဖြင့် မိမိအလုပ်များကို ခေတ္တနား၍ ရွာလူကြီးဦးဗကြည်အတွက် ဒါနပါရမီဖြည့်လိုက်ရသဖြင့် စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



နေ၍လားမသိ ကိုကျော်ဝင်းနားထဲတွင် 'ဒွဲ' ထွန်စက်သံကြီး ကို ကြားလိုက်မိသယောင်ယောင် ဖြစ်သွားလေတော့သတည်း။

✣ ✣ ✣





*ချစ်တဲ့စိတ်ကို*
*ဘရိတ်မအုပ်*
*ကြိုးမတုတ်ဘဲ*
*နသိုးကြိုးပြတ်*
*ချစ်တတ်သူပါ။*

*(အလွမ်းမဟာရာဇာ)*

ဝါးထင်းတောထဲရှိ ဆင်ရုပ်ကြီးတည်ရှိနေသော နေရာ ...ွင်တော့ ကြွက်သိုး၊ ဒရိုင်ဘာတင်ကိုကိုနှင့် လှသိန်းတို့ ...ုံးဦးမှာ ရေချိန်လွန်နေကြသည်။ သူတို့၏ ခွဲတမ်းပေးထား ...သာ တောအရက်များကို သောက်၍ကုန်ရုံမျှမကသေး၊ ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းနှင့် ကိုစန်းမြင့်တို့ အလှူအိမ်ပြန်သဖြင့် သောက်မသွားဖြစ် တော့သော တောအရက်ဦးရေများကိုပင် တွယ်ပစ်လိုက်ကြပေပြီ။

ထိုယမကာတန်ခိုး သို့မဟုတ် ထွေးညိုစစ်စစ်လေးကြောင့် မူးချင်တိုင်းမူးကာ စကားတွေဖောင်နေကြတော့သည်။

"ခင်ဗျားပဲစဉ်းစားကြည့်ပါဦး ကိုတင်ကိုကိုရာ၊ မနက်ဖြန် ကျုပ်တို့အလှူပွဲက ဝါဆိုလပြည့်နေ့ဆိုတော့ နောက်တစ်ရက်ဆို ရင် ဝါဝင်သွားပြီ၊ ကျုပ်တို့ မြန်မာလူမျိုးတွေထုံးစံအရ ဝါတွင်း လေးလပတ်လုံး မင်္ဂလာဆောင်လို့ မရဘူးဗျ၊ နောက်ပြီး ဒီနှစ် ကလည်း ဝါထပ်တယ်ဗျာ၊ ဒီတော့ ကျုပ်မှာ တော်တော်နဲ့မိန်းမ ရဖို့ မလွယ်တော့ဘူးဗျ"

"မင်းပြောလို့ ပြောရဦးမယ် ကြွက်သိုးရဲ့၊ တို့ မြန်မာလူ မျိုးတွေကလည်း ကိုယ်နဲ့ဆိုင်ဆိုင်၊ မဆိုင်ဆိုင် မိန်းမခိုးသွားမယ် ဆိုရင် အရမ်းကူညီချင်တဲ့ဝါသနာ အလွန်ပါကြတာ၊ မင်းသာ မိန်းမခိုးမယ်ဆိုရင် ငါ့ကို လက်တို့ဖို့မမေ့နဲ့နော်၊ အေ့"

"ခင်ဗျား တကယ်ပြောတာလား ကိုတင်ကိုကို"

"နှစ်ကယ်၊ နှစ်ကယ်ပြောတာ၊ တတ်နိုင်ရင် ပေါ်ဒီ





ထွန်စက်ကြီးနဲ့ ခိုးပေးမယ် ဟဲ ဟဲ"

ကြွက်သိုးမှာ ဒရိုင်ဘာတင်ကိုကိုစကားကြောင့် တစ်ချက် ငဲ့တွေဝေသွားပြီး ဆင်ရုပ်ကြီးကိုငေးကြည့်နေပြီးမှ

"ဒီမယ် ကိုတင်ကိုကို၊ ခင်ဗျားတို့မြို့ပေါ်တွေမှာ မိန်းမခိုး ရင် ဘာနဲ့ခိုးကြသလဲ"

"ဆိုင်ကယ်၊ စက်ဘီး၊ ကားတွေနဲ့ ကြုံရာပေါ့ကွာ၊ ဒါပေမဲ့ ကားနဲ့ခိုးတာတော့ များတယ်၊ ကားနဲ့ခိုးလို့ကတော့ ဘာနာမည်ကြီးသလဲ မပြောနဲ့မောင်၊ ကာယကံရှင် မိန်းကလေး ဘင်မက ပတ်ဝန်းကျင်မိန်းကလေးတွေကိုယ်တိုင်က ဒီကိစ္စကို ပြောလို့ကို မဆုံးတော့ဘူးဗျာ၊ ဟား ဟား ဟား"

"တကယ်လို့ ဆင်နဲ့ခိုးရင်ကောဗျာ"

"ဟ ကားနဲ့ခိုးရင်တောင်မှ ဂုဏ်ရှိတယ်ဆိုရင် ဆင်နဲ့ခိုး ရင် ပိုပြီးဂုဏ်ရှိတာပေါ့ကွ ကြွက်သိုးရ"

ကြွက်သိုးက ဆုံးဖြတ်ချက်တစ်ခုကို သေသေချာချာ ချ လိုက်ပြီး

"ကဲ ကိုတင်ကိုကို၊ ခင်ဗျားကျေးဇူးကို ကျုပ်တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ ကျုပ် အခုည မိန်းမခိုးချင်တယ်၊ ဟောဒီနတ်လွှဲတစ်နယ်လုံးမှာ သူကြီးဗကြည်ရဲ့သားဟာ မိန်းမခိုးတာတောင် ဆင်နဲ့ခိုးတာဟေ့ဆိုပြီး ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ကာ ဟိုးဟိုးကျော်သွားအောင် ခင်ဗျားကူညီဗျာ".

"အေး ကောင်းပြီ၊ ငါ လုံးဝကူညီမယ် ကြွက်သိုး၊ မနက်ဖြန် အလှူပြီးပြီးချင်း မင်းနဲ့ငါ ဟောဒီထွန်စက်ကြီးနဲ့ သွားခိုးတာပေါ့ကွာ"

"ဟာ မနက်ဖြန် ဝါဝင်ပြီဗျ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ အခုဒီညခိုးမှဖြစ်မယ်၊ ခင်ဗျား ကူညီစမ်းပါ ကိုတင်ကိုကိုရာ၊ ဒီနေရာကနေ ကျုပ်ရဲ့ကောင်မလေးရွာကိုသွားရင် အသွားအပြန်မိုင် (၃၀) ကျော်လောက်ပဲရှိတော့ အခုအချိန်သွားရင် မနက်မိုးမလင်းခင် (အလှူမစခင်) ပြန်ရောက်မှာပဲ၊ အချိန်မီပါတယ်ဗျ၊ လုပ်ပါ့ဗျာ"

"ဒီထွန်စက် အုံနာဆရာတွေ့သွားရင် မလွယ်ဘူး၊ မဖြစ်ပါဘူးကွာ၊ မနက်ဖြန်မှ ခိုးပါကွာ"

"ဒီဆရာတွေအားလုံးကို ကျုပ်ပိုင်ပါတယ်ဗျာ၊ ခင်ဗျား





ထွန်စက်အုံနာ ထင်းပွဲစားလည်း ဒီမှာမှမရှိဘဲ၊ ဘယ်သူမှမသိနိုင်ပါဘူးဗျာ၊ ခင်ဗျားနဲ့ကျွန်တော် အခု သွားခိုးမယ်၊ မနက်မိုးမလင်းခင် ပြန်ရောက်လာတော့ အလှူလှည့်လိုက်သွားရုံပဲ မဟုတ်လား၊ ဘယ်သူမှမသိပါဘူးဗျ"

ကြွက်သိုး၏အစီအစဉ်မှာ အကွက်ကျလှသဖြင့် သူ့စကားနှင့်သူမိန်းနေသော ဒရိုင်ဘာတင်ကိုကိုမှာ တွေဝေသွားပြီး ခေါင်းကိုကုတ်လိုက်ရင်း

"ဒီမယ်ကြွက်သိုး၊ မင်းရဲ့ကောင်မလေးကရော တန်းလိုက်ပါ့မလား"

"အောင်မယ်လေး၊ ကျုပ်ကောင်မလေးက ကျုပ်ကိုသိပ်ချစ်တာ၊ နောက်ပြီး အောင်သွယ်တော် မိသန်းစိန်ကတစ်ဆင့်အဆက်အသွယ်မပြတ်တဲ့အပြင် ဆရာကြီးမြစကြာရဲ့တပည့်ကိုခင်မောင်ဦး စီရင်ပေးတာ ကျုပ် ရုပ်အသံကို မြင်ရကြားရရုံနဲ့ ချစ်မကြိုက်ဘဲ မနေနိုင်အောင် အစွမ်းထက်တဲ့ ပီယသိဒ္ဓိဆေးကိုတောင် ကွမ်းယာမန်းထဲထည့်ပြီး ကျွေးထားတာဗျ၊ အင်း အခုအချိန်လောက်ဆိုရင် ဟိုး မိုးပေါ်က စန္ဒာလမင်းကြီးကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖိုးလမင်းကြီးရယ် ကိုကိုကြွက်သိုးကိုတွေ့ရင် ပြောလိုက်စမ်းပါ၊ တစ်ရွာသူ ညီမလေးမှာဖြင့် အရမ်း အရမ်းကို ခံစားနေရပါပြီ၊ စားရင်လည်း ကိုကိုကြွက်သိုးမျက်နှာ၊ နေရာတိုင်းမှာ ကိုကိုကြွက်သိုးမျက်နှာတွေပဲ စိုးမိုးနေပါတယ်၊ ကိုကိုကြွက်သိုး လာနိုင်ရင်လာခဲ့ပါလို့ ပြောလိုက်ပါနော် ဖိုးရွှေလမင်းကြီးရယ်၊ ဘာညာ ဘာညာဆိုပြီး စိတ်ကူးယဉ်လွမ်းနေမှာကို မြင်ယောင်နေမိပါတယ်၊ ကျုပ်တို့ချစ်သူနှစ်ဦးဟာ ရင်ကွဲကွဲပြီး နေရတာကို ဒီအတိုင်းပဲ ကြည့်နေရက်တော့မှာလား ကိုတင်ကိုကိုရဲ့ ကိုယ်ချင်းစာကြည့်ပါဦးဗျာ၊ ခင်ဗျားရဲ့ အသည်းနှလုံးတွေဟာ ကျောက်စိုင်ကျောက်ခဲလို မာကျောကုန်ပြီလား၊ ဒါမှမဟုတ် ခင်ဗျားမှာ ချစ်တတ်တဲ့ အသည်းနှလုံး မရှိတော့ဘူးလားဗျ၊ ခင်ဗျား ကျုပ်ကို မကူညီနိုင်တော့ဘူးလားဟင်”

ကြေကွဲဝမ်းနည်းစွာ အားကိုးတကြီးဖြင့် အကူအညီတောင်း ဆိုနေသော မောင်ကြွက်သိုး၏ သနားစဖွယ် မျက်နှာလေးကို ကြည့်ရင်း ပုလင်းတူဘူးဆို့ဖြစ်သော ဒရိုင်ဘာတင်ကိုကိုတစ်ယောက် ထိခိုက်ကြေကွဲသွားသည်။ ထို့ကြောင့်





“ဖြစ် ဖြစ်နိုင်ရင် ငါကူညီချင်ပါတယ် ကြွက်သိုးရယ်၊ ဘာကယ်ပါ”

ကြွက်သိုးက ယိုင်ထိုးယိုင်ထိုးဖြင့် မတ်တပ်ရပ်၍ ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်ရင်း

“စိတ်သာချပေတော့ ကလျာထိပ်ထားမလေး နွယ်လှိုင်ရေ၊ မင်းကိုမှ မရရင်ဖြင့် မင်းမောင်ကြီးကြွက်သိုး မနေနိုင်ပါဘူး၊ တူနှစ်ကိုယ်နှီးဖို့အရေးကိုရယ်နဲ့ ချစ်ရသူ မနွယ်လှိုင်လေးကိုဖြင့် ယူငင်ကာ ပြေးတော့မှာမို့ ကိုင်း ကိုတင်ကိုကိုရေ ဖွဲထွန်းစက်ကြီးသာ နှိုး ဟိုး ဟိုး နှိုး”

“ထွန်စက်သော့ကို ဟို ဆရာကိုကျော်ဝင်းက ယူသိမ်းသွားတယ်ကွ”

“ဟာ ဟုတ်တာပေါ့၊ ဒီဆင်ကြီးအတွက် စိတ်ချ ရအောင် ထွန်စက်သော့ကို မနက်မှ ပြန်ပို့ပေးမယ်ဆိုပြီး ယူသွားတာလေ၊ အမယ်လေး လုပ်ရက်ပါပေါ့လား ဆရာကျော်ဝင်းရယ်”

“အင်း၊ ဆရာကျော်ဝင်းနဲ့ ကိုစန်းမြင့်တို့က ကြွက်သိုးရဲ့ ဝမ်းတွင်းအကြံနဲ့ အနာဂတ်ကို ကြိုတင်သိရှိနေပုံရတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



ကြွက်သိုး၏ မျက်လုံးအိမ်ထဲမှ မျက်ရည်များလျှံကျလာပြီး

"ခွဲရက်ပါတနော်၊ မညာတာဆရာနစ်ပါးရယ်က၊ ဒီတစ်ဝါ နင်ဟာလွဲလေရော့လို့၊ မစာနာ ထွန်စက်သော့ကိုမှ၊ ယူငင်ကာသွားကြပြီမို့ အောင်မယ်လေး ကျုပ်အသည်းတွေ ကွဲ ဟဲ့ ဟဲ့ ကွဲ၊ ဟဲ့ ဟဲ့ အီး အီး"

ဝမ်းပန်းတနည်း ရှိုက်ခါ ရှိုက်ခါ ငိုနေသော ကြွက်သိုးကို ကြည့်၍ ကိုတင်ကိုကိုမှာ ရင်ဆို့သွားပြီး

"တိတ် တိတ်ပါ ကြွက်သိုးရယ်၊ မင်း အခုလို ငိုချင်းတွေ ဟဲပြီးငိုတော့ ငါလည်း ဘယ်စိတ်ကောင်းပါ့မလဲ၊ တိတ်ပါကွာ၊ တိတ် တိတ်၊ ငါကြံပါဦးမယ်"

ဒရိုင်ဘာတင်ကိုကိုက အချော့မှာ ကြွက်သိုးမှာ ပိုပိုပြီး ငိုပြနေသဖြင့် ကြွက်တိုးအငိုတိတ်စေရန် ရည်သန်၍ မဖြစ်နိုင်တာကိုနိုင်းမှဖြစ်မည်ဟု တွေးမိရင်း

"တိတ်ပါကြွက်သိုးရဲ့၊ ဒါနဲ့ မင်းမှာ ဆယ်ပြားစေ့ မရှိဘူးလား"

"ဘာဗျ၊ ဆယ်ပြားစေ့ဟုတ်လား၊ ပြောရက်လိုက်တာ





ကိုတင်ကိုကိုရယ်၊ ခင်ဗျားနဲ့ကျုပ်ဟာ ဆိုးတူကောင်းဖက် ပုလင်းတူဘူးဆို့ပြီး ပေါင်းလာကြတာဗျ၊ ကြည့်ကြပါဦးဗျာတို့၊ သူများ 'မသာ' တွေများ သေရင် ကူးတို့ခတစ်မတ်၊ တစ်ကျပ်ကိုတောင် ထည့်ပေးကြတယ်၊ ကျုပ်ကျတော့မှ ကူးတို့ခဆယ်ပြားပဲ ထည့်ပေးတော့မလို့လား ကိုတင်ကိုကိုရဲ့၊ အီး အီး အောင်မယ်လေး အရပ်ကတို့ရေ ကောင်မလေးတွေက ကျုပ်ကိုလေ 'ကျပ်မပြည့်ဘူး၊ ကျုပ်မပြည့်ဘူး' နဲ့ ပြောကြတုန်းက ကျုပ် အောင့်သက်သက်ခံနိုင်သေမယ့် အခုလို ဆိုးတူကောင်းဖက်ကြီး ကိုတင်ကိုကိုက ကျုပ်ကို 'မတ်' မပြည့်အောင် လုပ်လိုက်တာကတော့ ကျုပ်ရင်နာတယ်၊ ကျုပ်ရင်နာတယ်ဗျ၊ အီး၊ ဝါး"

"ဟာကွာ ကြွက်သိုး၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ငါဆိုလိုတာက ဟိုးအရင်က ထုတ်ခဲ့တဲ့ 'ဒန်' နဲ့လုပ်တဲ့ လေးထောင့်ဆယ်ပြားစေ့ကို မေးနေတာကွ၊ အဲဒီ ဆယ်ပြားစေ့ကို နည်းနည်းလောက်သွေးလိုက်ရင် ထွန်စက်သော့တူအနေနဲ့ ဖွင့်လို့ရတယ် ပြောတာကွ"

ထိုတော့မှ ကြွက်သိုးမှာ ဆက်လက်ငိုကြွေးဦးမည့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဓာတ်ထုတ်ကြီးတွေထဲကလို ငိုချင်းရှည်ကြီးကိုမစတော့ဘဲ 'တိ'ခနဲ ဖြတ်ချလိုက်ပြီး အငိုတိတ်သွားကာ

"ဟော လေးထောင့် 'ဒန်ဆယ်ပြားစေ့' နဲ့ ထွန်စက်သော့ကို ဖွင့်လို့ရတယ်ဟုတ်လား၊ ဒါနဲ့ အဲဒီဆယ်ပြားစေ့ရဲ့ အလယ်ခေါင်မှာ အပေါက်ပါနေရင်ကော ရလားဟင်"

"ရတယ်ကွ ကြွက်သိုးရ၊ ဘာလဲ မင်းကရွာထဲပြန်ပြီး ကလေးတွေလည်ပင်းမှာ အပေါက်ဖောက်ပြီးဆွဲထားတဲ့ ဆယ်ပြားစေ့ကို သွားယူဦးမလို့လား၊ ဒီ ဝါးထင်းတောစခန်းနေရာနဲ့ နတ်လွဲရွာနဲ့ အသွား၊ အပြန်သွားရမှာဆိုရင်တော့ မင်းကောင်မလေးရွာကိုသွားဖို့ ငါတို့အချိန်မီမှာ မဟုတ်တော့ဘူး၊ ဒီတော့ မနက်ဖြန်ကျမှပဲ အေးအေးဆေးဆေး. . . ."

ဒရိုင်ဘာတင်ကိုကို၏စကားမဆုံးမီ ကြွက်သိုးက တင်ကိုကိုလက်ကို ဆွဲခေါ်၍သွားကာ သူ့နွားလှည်းထမ်းပိုးကို ပြလိုက်ရင်း

"ဟောဒီ ငါ့ရဲ့နွားလှည်းထမ်းပိုးမှာ လှအောင်ဆိုပြီး အကြွေပိုက်ဆံစေ့တွေကို သံနဲ့ရိုက်ပြီး အလှတပ်ထားတာမြင်





လား၊ ငါးပြားစေ့ကနေ ကျပ်စေ့အထိရှိတယ်၊ ကြိုက်ရာကိုပြော၊ အခုချက်ချင်း ခွာပေးမယ်"

ဒရိုင်ဘာတင်ကိုကိုတစ်ယောက် အကြံရခက်သွားသည်။ ကြွက်သိုးအငိုတိတ်စေရန် ရည်သန်၍ ဤတော၊ ဤတောင်ထဲတွင် ဒန်ဖြင့်ပြုလုပ်ထားသော လေးထောင့်ဆယ်ပြားစေ့ ဘယ်လိုမှ မရှိနိုင်ဟုထင်၍ ပြောကြည့်လိုက်ခြင်းဖြစ်သော်လည်း ယခုတော့ ကြွက်သိုး၏ လှည်းထမ်းပိုးတွင် ငါးပြားစေ့မှ ကျပ်စေ့အထိ၊ အရွယ်မျိုးစုံကို သံဖြင့်အတန်းလိုက် လှပစွာရိုက်ထားခြင်းအား တွေ့မြင်လိုက်ရပါတော့သည်။

ထို့နောက် တောအရက်ဦးရည်တို့၏ အာနိသင်က မြှောက်ပေးသို့ပင့်ကော် လုပ်ပေးလိုက်သလို ဖြစ်နေသဖြင့် 'မထူးတော့ပါဘူး' ဟု တင်ကိုကိုတစ်ယောက်တည်း စိတ်ကိုဒုံးဒုံးချကာ ဆယ်ပြားစေ့တစ်စေ့ကို ဓားဦးဖြင့်ခွာယူ၍ ဓားသွားကျောက်ပေါ်တွင်တင်ကာ အနည်းငယ်သွေးယူလိုက်ပြီး

"ကဲ ကြွက်သိုးရေ၊ ဆေးလိပ်နဲ့မီးချစ်လည်းထည့်ခဲ့ အရက်နဲ့ အမြည်းလည်း ထည့်ယူခဲ့ဟေ့၊ ငါတော့ ဆင်ကြီးဆီ



www.burmeseclassic.com

www.burmeseclassic.com



မှော်ဂနိ၊ မှော်ဂနက်၊ အထက်ဆရာကြီးတွေပင့်ပြီ အသက်သွင်းကြည့်လိုက်ဦးမယ်"

ဒရိုင်ဗာတင်ကိုကိုက ဟိုက်ဝေးကားလောကသမား နွားထိုးကြီးသားပီပီ သော့ပေါက်ထဲသို့ ဆယ်ပြားစေ့၏ ထောင့်စွန်းလေးကိုထည့်ကာ စက်နှိုးကြည့်သည်။ လေးငါးခြောက်ခါခန့် လှုပ်နှိုး လိုက်သောအခါ 'ဖွတ် ဖွတ် ထိန်း ထိန်း' ဟူသော အင်ဂျင်သံကြီး မြည် သွားပြီး ထွန်စက်ကြီး စက်နိုးသွားသည်၊

ကြွက်သိုးကလည်း ရိက္ခာအစုံအလင်ဖြင့် ထွန်စက်ပေါ်သို့မဟုတ် ဆင်ကြီးပေါ် တက်ရောက်လာပြီး

"အင်း၊ ဒါကြောင့် ဒရိုင်ဘာတင်ကိုကိုရယ်လို့ ကားသမား ဟိုက်ဝေးလောကမှာ စတားဖြစ်နေတာပဲဗျာ၊ နည်းနည်းမူးရင် အိပ်နေဖို့ပဲသိတဲ့ လှသိန်းထက်စာရင် ခင်ဗျားဟာ တစ်ဖက်ကမ်းခတ် တော်ပါပေရဲ့"

"တစ်ဖက်ကန်းမဟုတ်ဟူးဟော့၊ နှစ်ဖက်ကန်းတာကွ၊ ဒီမှာ ဆင်ကြီးက အလုံပိတ်ကြီးဆိုတော့ ရှေ့မီးနှစ်လုံး ထွန်းလို့မရတော့ဘူးကွ"





"ကိစ္စမရှိပါဘူးဗျာ၊ အပြင်မှာ လကြီးက အရမ်အရမ်းကိုသာနေလိုက်တာ၊ နေ့ခင်းအတိုင်းပဲ၊ ပြီးတော့ လမ်းကလေးကလည်း ဖုန်နေလေတော့ ခင်ဗျားလို ဂျီအမ်စီကုန်ကားကြီးတွေ တောင်မောင်းနိုင်တဲ့ ဒရိုင်ဘာတစ်ယောက်က အေးအေးဆေးဆေး မောင်းနိုင်ပါတယ် ကိုတင်ကိုကိုရယ်၊ ကဲ ကဲ ရော့ ဟောဒီမှာ နတ်လွှဲရွာချက် ထွေးညိုဆိုတဲ့ ယမကာအရက်ကလေး သောက်လိုက်ပါဦး"

သို့ဖြင့် တဂျုံးဂျုံးတဒိုင်းဒိုင်းမြည်သံများနှင့် သတို့သားဖြစ်ချင်သူကြွက်သိုးတစ်ယောက် ကျောက်ဆည်ခရိုင်နယ်စပ်ရှိ သံရွာသို့ ဒုတိယအကြိမ်မြောက် မိန်းမခိုးရန် သွားပြန်လေတော့သတည်း။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



တောင်ခပန်းငယ်နှင့်
ခင်တန်းငယ်ကုန်းမြောင်
ကျော့ကွင်းငယ်ထောင်သည်
ချွေးညီနောင် တခင်ခင်နှင့်
ယုန်ရှင်ကို ဘမ်းခဲ့ပါ
လေးထမ်းတဲ့ သည်ဖေကို။
(ဦးပုံည)

ရွာနှင့် မလှမ်းမကမ်းရှိ မြောင်းဘောင်ပေါ်တွင် ဆင်ကြီးနှင့် တင်ကိုကိုတို့အား ထားရစ်ခဲ့ပြီး ကြွက်သိုးတစ်ယောက် သူ့အောင် သွယ်တော် မိသန်းစိန်ထံသို့ အသော့နှင့်လာခဲ့သည်။





သံရွာ၏ အဝင်ဝနားတွင် ကပ်လျက်ရှိသော မိသန်းစိန် တို့အိမ်ရှေ့တွင် လသာသာနှင့် ကွမ်းနုဝါရွက်များ စီထည့်နေ သော မိသန်းစိန်ကို အခန့်သင့်ဗျာ တွေ့လိုက်ရ၍ ကြွက်သိုးတစ် ယောက်က လှုလုံးပြကာ အသာခေါ်လိုက်ပြီး

"ဟဲ့ မိသန်းစိန်၊ အရေးတော်ပုံ ပေါ်လာပြန်ပြီဟေ့၊ ငါ့ ရည်းစား မနွယ်လှိုင်ကို သွားပြောပေးပါဦး၊ ငါ ဒီည အခု သူ့ကိုခိုးဖို့လာတာ၊ ရွာဘောင်ကြီးထိပ်မှာ ဆင်ကြီးနဲ့ရောက်နေ တယ်လို့၊ အိမ်က ဘာပစ္စည်းမှမယူခဲ့နဲ့၊ အခုချက်ချင်း လူချည်း ပဲ မြန်မြန်လာပါလို့ သွားပြောပေးပါဦးဟ၊ အရေးကြီးတယ် နော်၊ မြန်မြန်လေး"

ကြွက်သိုး၏စကားကို မယုံသင်္ကာစိတ်ဖြင့် ကြောင်တောင် တောင်ဖြစ်သွားပြီး

"ဘာရယ်၊ ဆင်ကြီးဟုတ်လား"

"အေး ဟုတ်တယ်၊ အချိန်သိပ်မရှိဘူး၊ မြန်မြန်သွားပါဟ"

"သွားမှာပါတော်၊ သူလည်း အခုအချိန်အခါဆို ကွမ်းနုဝါ စီနေတုန်း ရှိမှာပါ၊ ဒါနဲ့ တော့်ဆင်ကြီးကို မိသန်းစိန် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ချင်လိုက်တာတော်၊ ဦးပုညဇာတ်တော်ထဲက ဆဒ္ဒန်ဆင်မင်းကြီး လိုလား”

“အောင်မယ်လေး လှျာရှည်လိုက်တဲ့ မိကျောင်းသမီး မိသန်းစိန်ရယ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ သွားတော့”

မိသန်းစိန်တစ်ယောက်တည်း ဇဝေဇဝါစိတ်ဖြင့် ခေါင်းညိတ်ရင်း မနွယ်လှိုင်တို့အိမ်ဘက်သို့ ခပ်သွက်သွက်ကလေး ထွက်သွားလေတော့သည်။

မောင်ကြွက်သိုးတစ်ယောက်မှာမူ အသည်းတထိတ်ထိတ်ရင်တဖိုဖိုဖြင့် စောင့်စားနေရသည်။ စိတ်ထဲမှာလည်း ကျေးဇူးရှင်အဖေနဲ့တကွ SAE ဆရာနှစ်ယောက်အားလည်း ယခုကဲ့သို့ ဤနယ်တလွှားတွင် ဆင်ကြီးနှင့် မိန်းမခိုးသောဘွဲ့ကိုရရန် ဖန်ဆင်းပေးခဲ့ကြ၍ အကြိမ်တစ်ရာလောက်မနည်း ရှိခိုးနေမိသည်။

ကွမ်းတစ်ယာညက်ခန့်အကြာတွင် မိသန်းစိန်တစ်ယောက်တည်း သုတ်သုတ်၊ သုတ်သုတ်ဖြင့် ပြန်ရောက်လာပြီး

“ကိုကြွက်သိုးရေ၊ မနွယ်လှိုင်က မလိုက်ရဲဘူးတဲ့တော့၊ သူ့အစ်ကိုတွေ၊ မောင်တွေက ဟိုတစ်ခါ နွားသူခိုးအဖြစ်





အရိုက်တကဲ့ဖြစ်သွားကတည်းက ရှင်နဲ့မဆက်သွယ်ရဘူးလို့လည်း ပြောထားသတဲ့၊ ဒါပေမဲ့ ကျုပ်အထင်ပြောရရင်တော့ ဟဲမြင့်မိုလ်က လူပျိုကြီးကိုထွန်းဝေကို စိတ်ညွတ်နေပြီထင်တယ်တော့”

မိသန်းစိန်စကားကြောင့် ကြွက်သိုးမှာ ကိုကြီးကျော်နတ်ဝင်ပူးလိုက်သကဲ့သို့ တုန်လှုပ်သွားပြီး

“ဟာ၊ ဘယ် ဘယ်က ထွန်းဝေလဲ၊ ငါ ဘာမှမသိရပါလား”

မိသန်းစိန်တစ်ယောက် ခေါင်းကုတ်လိုက်ရင်း . . .

“ဟောတော့၊ ကျုပ်ကယောင်ပြီးပြောမိတာ၊ ပြောမိလက်စနဲ့ မထူးတော့ပါဘူး၊ မနွယ်လှိုင်က ရုပ်ရည်လေးအသင့်အတင့်ရှိတော့ သူ့မှာ ရည်းစားတွေမှိုလိုပေါက်နေတာတော့၊ အခု ကိုကြွက်သိုးက လိုက်ခဲ့လို့ ခိုးရအောင်လာခေါ်တော့ သူ မလိုက်ရဲတော့ဘူးလေ၊ သူ့မိဘမောင်ဘွားတွေက ကြောက်ရဘာကတစ်ဖက်၊ နောက်ဆုံး လောလောလတ်လတ်ဖြစ်လိုက်တဲ့ သရက်ပွဲစား ကိုထွန်းဝေအပေါ် ပိုပြီးစိတ်ညွတ်သွားနေ့လို့ နေမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကြွက်သိုးတစ်ယောက် မေးကြောကြီးများထောင်ထလာအောင် အံကိုတင်းတင်းကြိတ်ရင်း ငူငူကြီးတွေဝေနေသည်၊ ကိုယ်ကချိန်လိုက် သူများနောက်လိုက်သွားပေါင်းများသဖြင့် ဒီတစ်ချီတော့ ခဲလေသမျှ သဲရေကျ၍ကားမဖြစ်။ ငါးမရလျှင် ရေချိုးပြန်သင့်က ပြန်ရမည်ဟူသော သဘောနှင့် ဉာဏ်နီဉာဏ်နက်များကိုလည်း အပြင်းအထန်ထုတ်နေတော့သည်။

ပြီးမှ မချင့်မရဲလေသံဖြင့်

"ဒီမယ် မိသန်းစိန်၊ နင် ငါတို့ရွာမှာ ကွမ်းရောင်းရင်းလာခဲ့တုန်းက ထည့်ပေးလိုက်တဲ့ ကွမ်းယာကို မနွယ်လှိုင်ကိုသွားမပေးဘူးလားဟင်"

"အဲဒီကွမ်းယာလား၊ သွားမပေးဖြစ်ဘူးတော့"

"ဟင်၊ ဒါဆို ဒီကွမ်းယာ ဘယ်သူစားပစ်သလဲဆိုတာ မှန်မှန်ပြောစမ်း မိသန်းစိန်၊ ဒါ သိပ်အရေးကြီးတယ်"

"ကျုပ်ပဲ စားပစ်လိုက်တာပေါ့ ကိုကြွက်သိုးရဲ့၊ အဲဒါဘာဖြစ်လို့လဲ"

"ဟာ၊ အဲဒါ လောကီဝိဇ္ဇာပညာအရာမှာ သိပ်အစွမ်းထက်





တဲ့ ဆရာကြီးမြစကြာရဲ့ ပီယသိဒ္ဓိဆေးတွေ ပါနေလို့ပေါ့ဟ၊ အရင်တစ်ခေါက်လာတုန်းက ဆရာကြီးမှာတဲ့အတိုင်း အဝင်နက္ခတ်နဲ့ အထွက်နက္ခတ်ကိုမစောင့်ဘဲ နင်တို့ရွာထဲဝင်လိုက်မိလို့ ခံလိုက်ရတာ၊ တကယ်တော့ မိသန်းစိန်ရေ၊ ပုံသက္ကူဘုရားပွဲမှာ နင်နဲ့သူနဲ့ တွဲပြီးလာတာမြင်ရကတည်းက နင့်ကိုငါ ပိုပြီးစိတ်ဝင်စားမိတာပါဟာ၊ ဒါပေမဲ့ သူက မှုယာမာယာများပြီးတိမ်းညွှတ်လွယ်တော့ ငါ သူ့ဘက်ပါသွားတာပါ၊ ငါကတော့မေတ္တာစစ်၊ မေတ္တာမှန်နဲ့ အနောက်ကနေဝင်၊ အရှေ့ကနေထွက်၊ တောင်ထိပ်ကြာပေါက်၊ မြမြင်းမိုရ်ပြိုကာအက်ပါစေတော့ သွေမပျက်ပါဘူးဆိုတဲ့ ယောက်ျားသစ္စာနဲ့ စောင့်စားရင်း၊ ရွှေပင်လယ် ဘယ်လိုကားဆီးပေမယ့် မောင်ကြီးနဲ့နီးအောင်ကြံပါ့မယ်ဆိုပြီး မလျှော့သောစွဲလုံ့လနဲ့ ကြိုးစားခဲ့ပေမယ့် သူ့ဘက်ကတော့အချစ်ပလ္လင်ကို စစ်ဘုရင်လို သဘောမှာထားပြီး ဆုတ်၊ တက်လုပ်ရှား ကစားသွားခဲ့တာပါဟာ"

"ကို ကိုကြွက်သိုး၊ ရှင် ရှင် သီချင်းဆိုနေတာလားဟင်"

"တေးပလ္လင်က အဆွေးသခင်တွေလို သီချင်းဆိုနေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရပါဘူး မိသန်းစိန်ရယ်၊ ငါ့ရဲ့မှန်ကန်သော သစ္စာတရားကို ရင်ဖွင့်ပြနေတာပါ၊ နင်ယုံမလားတော့မသိဘူး၊ တကယ်ဆိုရင် နင်ဟာ သူနဲ့ယှဉ်လိုက်ရင် အသားညိုတာလေးတစ်ခုကလွဲလို့ ရုပ်ရည်ရော၊ အသံရော၊ အလိမ္မာရော၊ အသက်အရွယ်ငယ်ဂုဏ်ရှိတာရော အို အစစအရာရာ သူ့ထက်အများကြီးသာပါတယ်”

မူးမူးရူးရူးဖြင့် ကြွက်သိုး၏ မြှောက်ပင့်စကားများကြောင့် အပျိုဖြန်းကလေး မိသန်းစိန်မှာ ရှက်သွေးဖြာသွားသည်။

ထို့ကြောင့်

“အိုတော် ကျုပ် အဲဒီလောက်မလှပါဘူးတော့”

“တကယ်ပါဟာ၊ နင်နဲ့ ဥမ္မာဒန္တီဟာ အမြွှာပူးပါဆိုရင် ယုံလောက်တယ်၊ နင့်ရဲ့မျက်လုံးလေးတွေဟာ သမင်မျက်လုံးလေးလို ရွှန်းလဲ့တောက်ပနေတယ်၊ နင့်ရဲ့အပြုံးဟာလည်း ဆင်မယဉ်သာ ပုံမျိုးလေးပါ မိသန်းစိန်ရယ်၊ ကိုယ်လုံးကလေးကလည်း ငါးရံ့ကိုယ်လုံးလို ပြောစရာမရှိအောင် လှပါတယ်”

“ဒီမယ် ကိုကြွက်သိုး၊ ကျုပ်ကို အဲသလိုကြီး တိရစ္ဆာန်





တွေနဲ့ မနှိုင်းပါနဲ့တော့”

ကြွက်သိုးတစ်ယောက် ခေါင်းကိုကုတ်၍စဉ်းစားရင်းဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်ပြီး

“နင့်ရဲ့အလှအပတွေကို ငါက တင်စားတာပါ မိသန်းစိန်ရယ်၊ ငါ့ရဲ့စကားလုံးလေးတွေက နူးညံ့ပြီး အဆင့်မြင့်လွန်းနေတော့ နင့်ရဲ့နားထဲ တစ်မျိုးဖြစ်သွားလို့နေမှာပါ၊ နင်နားလည်အောင် ငါပြောပြရရင် ဒီမယ် မိသန်းစိန်၊ နင်ရဲ့လုံချည်တိုတို ဝတ်ထားတဲ့ပုံဟာ မြို့ကြီးသူတွေလို တကယ့်ပော့ရှော့ပဲ၊ အဲဒီ ပုံစံမျိုးက အရမ်းမိုက်တယ်၊ ဒီတော့ နင့်ရဲ့အလှကြောင့် ငါ ရေရေလည်လည် ကြွေပြီဟာ၊ ငါ့ရင်ထဲမှာလည်း အမည်မဖော်နိုင်တဲ့ရောဂါတွေရနေပြီ၊ နင့်ကိုငါ အပြတ်ခိုက်သွားပြီ၊ နင့်ရဲ့ အကြင်နာပန်းလေးတစ်ပွင့်လောက် ကမ်းလင့်လိုက်ပါလား မိသန်းစိန်ရယ်၊ နင်ပက်ဖျန်းလိုက်မယ့် အကြင်နာမိုးရေစက်ဟာ ခြောက်သွေ့ပြီး အက်ကွဲအထီးကျန်နေတဲ့ ငါ့ရဲ့ရင်ခွင်ဗဟိုမှာ လောင်ကျွမ်းနေဆဲ မီးလောင်ပြင်ကြီးကို ငြိမ်းအေးသွားစေမှာပဲ၊ မေတ္တာတရားနဲ့ သစ္စာထားတဲ့ အချစ်ငတ်သမားကို အကြင်နာဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကျွေးလိုက်ပါတော့လား မိသန်းစိန်ရယ်၊ ငါ့မှာ အပြတ်ခံစားနေရလို့ပါကွယ်”

ကြွက်သိုးတစ်ယောက် မှုးမှုးဖြင့် အပြောကောင်းသောကြောင့်သော်လည်းကောင်း၊ အစွမ်းထက်သည့် ပီယသိဒ္ဓိဆေးအစွမ်းကြောင့်သော်လည်းကောင်း၊ တစ်စိမ်းယောကျာ်းတစ်ဦး၏ ပထမဦးဆုံးအကြိမ် ရည်းစားစကား အပြောခံလိုက်ရ၍သော်လည်းကောင်း၊ ရွှေရင်သိမ်းသစ် ပျိုမျစ်နုနယ်လှသေးကြွယ်သည့် မိသန်းစိန်တစ်ယောက် အပြတ်ကြွေသွားသည်။

“ကို ကိုကြွက်သိုးရယ်၊ ရှင်ပြောနေတာတွေ ဘာတွေမှန်းတော့ ကျွန်မလည်း အကုန်နားမလည်ပါဘူး၊ ဒါပေမဲ့ ကျွန်မအရမ်း ရင်တွေခုန်နေတယ်တော့”

“အို မိသန်းစိန်ရယ်၊ ငါ့စကားတွေဟာ နင်နားလည်အောင် ဘာသာပြန်ဖို့ မလွယ်ပေမယ့် နင့်ရဲ့နှလုံးသားကတော့ လုံးဝနားလည်သွားပြီ မိသန်းစိန်၊ နင် လုံးဝနားလည်သွားပြီ၊ ဒါကြောင့် နင်ရင်ခုန်တာ၊ ရင်ခုန်တယ်ဆိုတာဟာ အချစ်ရဲ့သင်္ကေတပဲ၊ ပေါ်တင်ကြီးပြောရရင်တော့ ရင်ခုန်တာအချစ်တဲ့ဟ”





မိသန်းစိန်တစ်ယောက် ကြွက်သိုးကို ငေးကြည့်ရင်းဖြင့်

“ရင်ခုန်တာ အချစ်ဆိုရင် ဟိုတစ်လောက ဘကြီးစိန်ကို နွားလိုက်ခွေ့တာမြင်တုန်းကလည်း ကျုပ်ရင်ခုန်မိတာပဲ၊ ဒါဆိုရင် ဘကြီးစိန်ကို ကျုပ်က ချစ်နေမိလို့လား၊ ရှင်နော် စကားပြောရင် ကြည့်ပြော၊ ဘကြီးစိန်မှာ သားကြီးမယားကြီးနဲ့တော့”

ဤသို့ဖြင့် ကြွက်သိုးတစ်ယောက် သူ၏နှလုံးသားအနီးကပ်တိုက်စစ်ကို အရှိန်မြှင့်လိုက်ကာ

“ဒီမယ်မိသန်းစိန်ရဲ့၊ အဲဒီနွားခွေ့တုန်းက အန္တရာယ်ကိုမြင်ရလို့၊ အန္တရာယ်ကို နင်ကြောက်လို့ ရင်ခုန်တာ၊ အခု ငါကနင့်ကို အန္တရာယ်ပေးမယ့်သူမှ မဟုတ်ဘဲ၊ သံသရာဘဝလမ်းခရီးလမ်းတစ်လျှောက်မှာ နင်ကြုံတွေ့ရမယ့်အန္တရာယ်တွေကို ရှေ့ကနေရင်ဆိုင်ပြီး ရှင်းပေးမယ့် မင်းဘဝရဲ့ သူရဲကောင်းငါပါကွာ၊ ဒါကြောင့် အခု နင်ရင်ခုန်နေတာက အချစ်ကြောင့်ရင်ခုန်တာ မိသန်းစိန်ရဲ့၊ ကဲ ကြာပါတယ် မိသန်းစိန်ရယ်၊ အခုတစ်ခါတည်းသာ လိုက်ခဲ့ပါ၊ ငါ့မှာလေ နင်တို့ရွာကို မိန်းမခိုးဖို့အတော်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီးနဲ့လာရတာ ဒီဖယ်တော်တော်ကုန်တယ်ဟ"

"ဟောတော့၊ ရှင့်ဆင်ကြီးက ဒီဖယ်သောက်တယ် ဟုတ်လား"

ဤတွင် ကြွက်သိုးသည် ယောကျာ်းတို့၏ မာယာကို အပြတ်သုံးရန် ဆုံးဖြတ်လိုက်ပြီး

"ဒီမယ် မိသန်းစိန်၊ ငါ့ဆင်ကြီးကို နင်ကြည့်ချင်တယ်ဆို၊ ငါ့ဆင်ကြီးနဲ့ နင်လိုက်ခဲ့ပါလားဟင်၊ ဒီလိုဆိုရင် ဟောဒီတစ်နယ်လုံးမှာ ဆင်နဲ့အခိုးခံရတဲ့ဂုဏ်ဟာ နင်ကလွဲလို့ ဘယ်သူမှ ရှိတော့မှာ မဟုတ်ဘူးဟာ၊ နင်ပဲစဉ်းစားကြည့်လေ၊ ရနောင်မောင်မောင်တုတ်ဆိုတဲ့ ရတနာပုံရွှေမြို့တော်ကြီးက ထင်ရှားကျော်ကြားတဲ့ မင်းသားတစ်ပါးဟာ ဇာတ်မင်းသမီးကို ဆင်နဲ့တင်ခိုးပြေးလို့ ဆင်ခိုးမလေးဆိုပြီး ဟိုးဟိုးကျော်သွားတာပဲ၊ ငါဟာ ရနောင်မောင်မောင်တုတ်လို မိန်းမရှုပ်တဲ့ လူစားမဟုတ်သလို၊ ဥဒိန္နမင်းလို ဆင်တွေအားလုံးကို မနိုင်ပေမယ့် အလွန်လိမ္မာတဲ့ ဆင်ကြီးတစ်စီးတော့ ပိုင်တဲ့နိုင်တဲ့ သူပါဟာ၊ နင့်အနေနဲ့ ဘာမှပူစရာမလိုဘူး၊ နင်တို့ရွာကို ကာလသားကြေးလည်း ပေး





ထားပြီးသားမဟုတ်လား၊ ခန်းဝင်ပစ္စည်းတို့၊ ကန်တော့ပွဲတို့ဆိုတာကလည်း နင့်အိမ်ပေါ်မှာပဲရှိသေးတာ မဟုတ်လား၊ စဉ်းစားမနေပါနဲ့ မိသန်းစိန်ရယ် လိုက်ခဲ့ပါ"

ပြောပြောဆိုဆိုဖြင့် ကြွက်သိုးက မိသန်းစိန်လက်ကိုဆွဲ၍ သူ့ဆင်ပြောင်ကြီးရှိရာထံသို့ ခပ်သုတ်သုတ် လှမ်းလိုက်ရာ မိသန်းစိန်တစ်ယောက်လည်း ကောက်ကောက်ပါအောင် လိုက်သွားလေတော့သတည်း။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



နွဲ့ကာငယ်ချို
ဖူးစိစိ ရွှေရင်မို့ရယ်နှင့်
ဘယ်သို့လျှင် ကြံ၍နှီးပါရ
မကြီးကိန္နရီမေတို့
နုမသွေ့ကံသာဘက်ချင်တော့တယ်
မင်း လူ့ထက်ချော။

(ဦးကြီး)

တိမ်တိုက်များကြားမှ ကွက်တိကွက်ကြား ထွက်ပေါ်နေ
သော ငွေလရောင်အောက်တွင် လူနှစ်ယောက်မှာ ရှေ့မှပြေးလာ
နေသည်။ သံရွာတံခါးနားမှာလည်း လူတစ်စုက ဓာတ်မီးတဝင်း





ဝင်းဖြင့် လာနေသည်ကို မြင်လိုက်ရသောကြောင့် ဒရိုင်ဘာ
တင်ကိုကိုသည် အခြေအနေကိုသုံးသပ်ပြီး ထွန်စက်ကိုစက်မနှိုး
ဘဲ တောင်စောင်းအတိုင်း လိမ့်ချကာ ရှေ့မှပြေးလာသော သူ
နှစ်ဦးထံ ဦးတည်လိုက်သည်။

"ဟောတော့၊ နောက်မှာလည်း ဓာတ်မီးတဝင်းဝင်းနဲ့
လူတွေ လိုက်လာကြပါလား၊ အဘတို့ သိသွားပြီထင်တယ်၊
ကျုပ် မလိုက်ရဲဘူးတော့၊ နေခဲ့တော့မယ်"

"ဟဲ့ မိသန်းစိန်ရဲ့၊ အခုနေ နင့်ကိုမိသွားရင် သက်သာ
မယ်မထင်ဘူးနော်၊ ဟောဟိုမှာ ငါ့ဆင်ကြီးလာနေပြီ၊ ဒါဆို
အိုကေပဲ၊ သူတို့တတွေရှေ့မှာ နင်ဟာ ဆင်ကြီးနဲ့လိုက်သွား
တာသာမြင်ရင် နင်တော့ ပိုပြီးနာမည်ကျော်ဦးမှာပဲ၊ လာ လာ"

ဒရိုင်ဘာတင်ကိုကိုက ဆင်ကြီးကိုရပ်ပေးလိုက်လျှင်

"အို ကိုကြွက်သိုး၊ ရှင့်ဆင်ကြီးက အမြင့်ကြီးပဲ၊ အပေါ်
ကို ဘယ်လိုတက်ရမှာလဲတော့"

"ဟဲ့၊ ငါ့ဆင်က အပေါ်တက်စီးရတာမဟုတ်ဘူး၊ ဗိုက်
အောက်ထဲက စီးရမှာဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ဆင်ရဲ့ဗိုက်အောက်က စီးရမယ်ဟုတ်လား၊ ကြဲကြ ဖန်ဖန်တော်၊ ဒါနဲ့ ဆင့်ရှင်ကြီး၊ အဲလေ ရှင့်ဆင်ကြီးက အထီး လား၊ အမလား ဟင်"

"စကားများလိုက်တာ မိသန်းစိန်ရယ်၊ လာ လာ ဒီအောက် ကနေဝင် အထဲရောက်မှ အထီးလား၊ အမလား ကြည့်ပေတော့"

ကြွက်သိုးတို့နှစ်ယောက် ဆင်ဗိုက်အောက်မှနေ၍ ထွန်စက် ပေါ်သို့ တက်လိုက်သည်။

"ဟောတော့ ဆင့်ကိုယ်လုံးထဲမှာ ဘာကြီးလဲ၊ အမယ်လေး ဆင်ဦးစီးကလည်း ဗိုက်ထဲမှာပါလား"

"ကဲ ကဲ၊ ကိုကြွက်သိုးတို့ မရွှေစာတို့ မြန်မြန်တက်ကြ ဟိုမှာ လူတွေနီးလာပြီ"

ဒရိုင်ဘာတင်ကိုကိုက ပြောပြောဆိုဆို သူ့ထိုင်ခုံနောက် ရှိ ဘီးနှစ်ဘီးကြား ခင်းထားသော ပျဉ်ချပ်ပေါ်သို့ မိသန်းစိ နှင့် ကြွက်သိုးတို့ကို ဆွဲတင်ပေးပြီး စက်ကိုနှိုးလိုက်ရာ ထွ စက်ကြီးမှာ 'ဂရီး ဂရီး' ဟု မော်တာသံပေးရုံမှတစ်ပ နိုးမသွားတော့ချေ။





မာတ်မီးတဝင်းဝင်းဖြင့် လိုက်လာကြသော သူတို့မှာလည်း သူတို့ရှေ့ရှိ ဖြူဖြူဖွေးဖွေးကြီးထံမှ 'ဂရီး ဂရီး' ဟူသောအသံ ကြီး ထွက်ပေါ်လာသဖြင့် မာတ်မီးဖြင့် ထိုးကြည့်လိုက်ကြသော်

"ဟာ ဆင်ကြီးပါလား၊ အောင်မယ်လေး အိမ်လောက်ကြီး ရှိတယ်"

"ဒါ ဒါ၊ ဆင်သရဲဆိုတာ ဖြစ်မယ်ထင်တယ်၊ လုပ်ကြ ပါဦးဟ"

အာမေဋိတ်သံမျိုးစုံ ထွက်ပေါ်လာပြီး 'ဥုံ အရဟံ၊ ခံတာခံ၊ နဘာယံဘေးမရှိ၊ ဘေးဗယံနမရှိ' ဟူသော အန္တရာယ် ကင်း စည်းချဂါထာတော်ကို ရွတ်ဆိုပြီး ပြေးလွှားကာ တချို့ လည်း တချိုးတည်းလစ်တော့သည်။

ထိုစဉ် ထွန်စက်ကြီးမှာ တဂျုံးဂျုံးမြည်သံပေး၍ စက်နိုး သွားသောအခါ အားလုံးတုန့်ခနဲ ရပ်လိုက်ပြီး

"ဟာ၊ ဒါ ထွန်စက်သံကြီးကွ၊ ဒါဆို ဒီထွန်စက်ဆင် ချပ်ကြီးထဲမှာ ငါ့သမီးနဲ့ ဟိုခွေးသူတောင်းစား ရှိလိမ့်မယ် ဆော်ကြကွာ၊ ချကြဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ တုတ်များ၊ ခဲများ၊ လက်နက်များဖြင့် လာနေကြသည့်အတွက် ဒရိုင်ဘာတင်ကိုကိုမှာ ဒုက္ခရောက်နေသည်။ သူ့ခမျာ ထွန်စက်ကိုမောင်းပြီး ကွေ့မည်ဆိုပါက ခဲများ၊ တုတ်များဖြင့် ပစ်နေသူတွေထံ ရောက်သွားမည်။ နောက်ဆုတ်၍ ကွေ့ရအောင်ကလည်း ဆင်၏နောက်တွင် အပေါက်မရှိသဖြင့် နောက်ကို မမြင်ရချေ။ စီးကျလာသောချွေးများကို သုတ်ရင်း

"ဟဲ့ ကြွက်သိုး၊ ရှေ့မှာတော့ ဝိုင်းဆော်ကုန်ကြပြီ၊ နောက်လှည့်ပြေးရအောင်ကလည်း ဒီဆင်ရဲ့ဖင်မှာ အပေါက်မရှိတော့ နောက်ကိုမမြင်ရဘူး၊ ဆင်အမြီးတပ်ထားတဲ့ နေရာမှာ အပေါက်သေးသေးလေးတွေ ရှိတယ်၊ မင်း အဲဒီအပေါက်ကနေကြည့်ပြီးလမ်းပြ၊ ငါ နောက်ပြန်ဆုတ်ပြီး မောင်းမယ်"

ကြွက်သိုးက ထိုင်ရာမှထကာ အပေါက်မှနေ၍ နောက်ကိုကြည့်ရင်း

"တည့်တည့်သာဆုတ်ဟေ့၊ ဆုတ်ပြီး ညာဘက်ကိုချိုးပြီးကွေ့၊ ဘယ်ဘက်မှာ လယ်စောင့်တဲနဲ့ ထောင်ထားတဲ့ လှည်းတစ်စီးရှိတယ်၊ ဟုတ်ပြီ၊ ဟုတ်ပြီ တည့်တည့်ဆုတ်"





ဒရိုင်ဘာတင်ကိုကိုက ကြွက်သိုးအော်ပြောနေသည့်အတိုင်း နောက်ကို တည့်တည့်ဆုတ်ရင်း ဟွန်းတီးလိုက်၏။ ထွန်စက်ကြီး နောက်ကိုဆုတ်သွားသဖြင့် သံရွာမှ ရွာသားများ တချို့မှာ ိတ်ရဲလာပြီး ရှေ့သို့တိုးကာ ခဲဖြင့်ပစ်ကြစဉ် ထွန်စက်မှဟွန်းတီးသံကြောင့် လန့်ပြီး နောက်ကိုဆုတ်သွားသည်။ ဤအခြေအနေကို အခွင့်ကောင်းယူ၍ ဒရိုင်ဘာတင်ကိုကိုက စက်ရှိန်အားမြှင့်လိုက်သည်။

ကြွက်သိုးတစ်ယောက်မှာလည်း ကြောက်လွန်း၍ ဖက်ထားသော မိသန်းစိန်အားတက်စေရန်

"ဟုတ်ပြီ ဆုတ်ထား၊ ဆုတ်ထား၊ ညာဘက်ကို ခေါက်တော့၊ ညာဘက်ကိုကွေ့"

ကြွက်သိုးက ညာဘက်သို့ ချိုးကွေ့ခိုင်းသည်။ တင်ကိုကိုက ညာဘက်ကိုနောက်ဆုတ်ရင်း အရှိန်ဖြင့် ချိုးကွေ့လိုက်ရာ လယ်စောင့်တဲလေးဘေးမှ ဒေါက်ထောက်ထားသော လှည်းကို တည့်တည့်ကြီး ဝင်တိုးမိတော့သည်။

"ဗျို့ ကိုတင်ကိုကို၊ ညာဘက်ချိုးပါဆို၊ ဘယ့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်ကို ချိုးရတာလဲ၊ လှည်းကို ဝင်တိုးမိပြီ၊ တော်ပါသေး ရဲ့ လယ်စောင့်တဲထဲမှာ လူမရှိလို့”

ဒရိုင်ဘာတင်ကိုကိုကလည်း အမူးပြေ၍ ဒေါသဖြစ်စွာဖြင့် ကြွက်သိုးကို ထောပနာ လှမ်းပြုတော့သည်။

“ဟဲ့ ခွေးသားရ၊ မင်းက ညာချိုးဆိုလို့ ငါ ညာကိုချိုးတာပဲ”

“ခင်ဗျားချိုးတာက ဘယ်ဘက်ဗျ၊ ကိုငင်ကိုကိုရ၊ ညာဘက်မဟုတ်ဘူး”

“မင်းရူးနေသလား၊ ငါချိုးတာက ညာကွ”

ထွန်စက်ကို ဂီယာပြောင်း၍ ပြန်ကွေ့ရင်း တင်ကိုကိုသဘောပေါက်သွားသည်။

“ဟာ ကြွက်သိုး၊ မင်းနဲ့ငါနဲ့က ကျောပေးနေတော့ ငါ့ရဲ့ညာဟာ မင်းရဲ့ဘယ်၊ မင်းရဲ့ညာဟာ ငါ့ရဲ့ဘယ် ဖြစ်ကုန်တာကွ၊ ကဲ ကွေ့လို့တော့ရပြီဟေ့၊ လိမ့်မကျအောင်ကိုင်ထား ဒါနဲ့ ခုနက ငါဝင်တိုးမိတဲ့လှည်း ဘာဖြစ်သွားသေးလဲ”

ကြွက်သိုးက အပေါက်မှချောင်းကြည့်ရင်း





“လှည်းကတော့ ဝင်ရိုးကျိုးပြီး ဘီးပြုတ်သွားတာပဲ၊ ဒါပေမဲ့ ငါတို့ဆင်ကြီးရဲ့ညာဘက်မှာ နောက်ခြေထောက်တစ်ချောင်း မရှိတော့ဘူးကွ”

“ဟေ”

“ဟေမနေနဲ့ ကိုတင်ကိုကိုရေ၊ ဆင်ခြေထောက်ပြုတ်တာက အရေးမကြီးဘူး၊ ကျုပ်တို့ပါ ခေါင်းပြုတ်နေမယ်၊ ဟိုမှာ လူတွေ နီးလာပြန်ပြီ”

ဒရိုင်ဘာကိုတင်ကိုကိုက ထွန်စက်ကို မိုင်ကုန်တင်၍ မောင်းသည်။ ဆင်ရုပ်ကြီး၏ အနောက်ဘက်မှာလည်း တဘုန်းဘုန်းဖြင့် ခဲများ၊ တုတ်များ လာမှန်သံကို ကြားရသည်။ သို့ဖြစ်၍ ကြွက်သိုးက စိုးရိမ်စွာဖြင့်

“ကိုတင်ကိုကိုရေ ရှေ့ကတောင်စွယ်ရောက်ရင် လမ်းအတိုင်း မမောင်းနဲ့တော့၊ ဘယ်ဘက်ရှိတဲ့ လျှိုထဲကမှေ့သာဖြတ်မောင်းဟေ့၊ နောက်ကလူတွေက အပြန်လမ်းကနေ စောင့်ပြီး ဆော်ဖို့ ကြိုးစားနေကြတယ်”

ဒရိုင်ဘာတင်ကိုကိုသည် ကြွက်သိုးပြောသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်စွယ်၏ ဘယ်ဘက်ရှိ လမ်းလျှိုတဲ့သို့ ထွန်စက်ကြီးကို မောင်းဝင်သွားသဖြင့် အနည်းငယ် ယိမ်းယိုင်သွားသည်။ ထိုအခါ အပျိုဖြန်းမလေး မီသန်းစိန်တစ်ယောက်လည်း ယိမ်းယိုင်ဟန် ပြုသဖြင့် ကြွက်သိုးက ဖမ်းထိန်းလိုက်ရင်း တင်းတင်းကျပ်ကျပ် ကြီး ဖက်ထားလိုက်နိုင်သည်မှာ အစွမ်းထက်သည့် ပီယသိဒ္ဓိ ဆေးကြောင့်ဟု ကြွက်သိုးတစ်ယောက် ယုံကြည်နေပါတော့ သတည်း။

✣ ✣ ✣





ပမာရယ်ဆို
စကြာပိုလ်ပြည်တော်ဟောင်းဆီသို့
နှစ်သောင်းခြောက်ရုံသံယံနှင့်
ဒေသစာရီအမြန်းမှာလ
စခန်းစဉ် မြိုင်ရက်ဂုံတို့မှာ
ကြိုင်အထုံ တကြူကြူနှင့်
သယမှူ ကိုယ်တော်မြတ်ကိုလ
ထွက်နပ်ကယ်ကြိုဆို၍
ပန်းထိုထို ပူဇော်ပွင့်ရှာကြ
သည်ရက်ဂုံလိုပင်ရှိရှာလိမ့်
တောအတိပန်း။

(ဦးမျှင်)



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးမလင်းမီကပင် သူကြီးဦးဗကြည်၏ အိမ်ရှေ့ရှိ မဏ္ဍပ်၌ လူအုပ်ကြီးဖြင့် စည်ကားနေသည်။ နေထန်းတစ်ဖျား ခန့်ရောက်ချိန်တွင် ခြေချစရာနေရာမရှိအောင်ပင် လူတွေ တိုးတိုးကြိတ်ကြိတ် ဖြစ်နေကြပေသည်။

ကွမ်းတောင်၊ ပန်းတောင်ကိုင်ကြမည့် သူများမှာလည်း အဆင်သင့် ဖြစ်နေသလို လိမ်းခြယ်ပြီးသား ရှင်လောင်းများမှာလည်း စီးတော်ဆင်ကို မျှော်နေကြသည်။ သူကြီးဦးဗကြည်ကတော့ နေသိပ်ပြီး အပူကြီး မဟုတ်သေးသော်လည်း နေကာမျက်မှန်ကြီးကို တပ်လျက် တပြုံးပြုံး ဖြစ်နေသည်။

သို့သော် ခြောက်နာရီခွဲခန့်မှာ ရောက်လာမည်ဟုဆိုသော ထွန်စက်ကြီးကား ပေါ်မလာ။ သို့ဖြင့် ခုနစ်နာရီမှ တစ်စတစ်စ နေထန်းတဖျားဆိုသော နံနက် ၉ နာရီထိုးသော်လည်း ဆင်မင်း၏ အရိပ်အယောင်ပင် မမြင်ရသေးချေ။

ထို့ကြောင့် သူကြီးဦးဗကြည်က ခဏခဏလာမေးနေသဖြင့် ကိုကျော်ဝင်း၊ ကိုစန်းမြင့်နှင့် ထင်းပွဲစားလေး ဇော်ဦးကျော်တို့မှာ စိတ်ရှုပ်နေရသည်။ ယခုလည်း နှစ်ဆယ့်သုံးကြိမ်





မြောက် လာမေးနေပြန်သဖြင့်

"ဪ သူကြီးဦးဗကြည်ရေ၊ သူတို့ခများမှာလည်း နာရီမရှိတော့ ဘယ်အချိန်ရှိပြီဆိုတာ မသိလို့နေပါလိမ့်မယ်"

သို့ပေမယ့် သူကြီးဦးဗကြည်က ခေါင်းကိုတဖျင်းဖျင်းကုတ်ရင်း

"မနက်လေးနာရီလောက်ကတည်းက ဦးကြည်နဲ့ ကိုစိန်တို့ သားအဖကိုလွှတ်ပြီး ထွန်စက်မောင်းဖို့ သော့ပေးခိုင်းလိုက်တယ် မဟုတ်လား"

ကိုကျော်ဝင်းကလည်း စိတ်ပျက်စွာဖြင့်

"ဟုတ်တယ်လေဗျာ၊ ထွန်စက်သော့ကို ညနေက ကျွန်တော်ယူခဲ့တာ၊ သူကြီးရဲ့သား ကြွက်သိုးကမြင်းမှာစိုးလို့ဗျ၊ အခု မနက်လေးနာရီထိုး အရုဏ်ဆွမ်းချက်ချိန်ရောက်မှ ဦးကြည်နဲ့ ကိုစိန်တို့သားအဖကို သော့ပေးခိုင်းလိုက်တာ၊ ဒီသားအဖကလည်း သိပ်ပြီး ရေရေရာရာရှိလှတာ မဟုတ်ဘူး၊ လမ်းမှာများ သော့ကျပျောက်သွားပြီလား မသိပါဘူး"

"ဦးကြည်က သော့ကိုယူပြီး သူ့သားကိုစိန်ရဲ့ လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြိုးနဲ့သေသေချာချာ ချည်ပေးလိုက်တာ ငါမြင်သားပဲ ကျပျောက်မှာတော့ မဟုတ်ဘူး၊ ဝါးထင်းတောထဲ ရောက်ရောက်ချင်း စောသေးတယ်ထင်လို့ တစ်ရေးလောက် ပြန်အိပ်နေကြသလားမှမသိတာ၊ ကဲပါကွာ၊ ဒီလောက်ရှိလှတာ၊ အဲဒီကို ငါကိုယ်တိုင် လိုက်သွားမယ်၊ ဒီမှာ စီစဉ်စရာတွေ မင်းတို့စီစဉ်ထားလိုက်"

ကိုကျော်ဝင်းစကားမဆုံးခင် နတ်လွဲရွာ၏အရှေ့ဘက်မှ ထွန်စက်သံ ခပ်သဲ့သဲ့ကို ကြားလိုက်ရသည်။ သူကြီးဦးဗကြည်တစ်ယောက် ပြာပြာသလဲဖြစ်သွားပြီး

"ဟဲ့ လှည်းသမားတွေ၊ ထွန်စက်လာနေပြီ၊ အဲလေ ဆဒ္ဒန်ဆင်မင်းကြီး လာနေပြီနော်၊ အဲဒီဆင်ကြီးက သိပ်ပြီးလက်ရာမြောက်တော့ မင်းတို့နွားတွေ လန့်ပြေးကုန်မယ်၊ ကိုယ့်နွားကိုယ် ဂရုစိုက်ကြ၊ ဟိုကောင် အေးကျော်နဲ့ ခင်မောင်မြင့်ဟိုနေရာကို လမ်းရှင်းထား၊ လူတွေ သိပ်များနေလို့ ငါ့ရဲ့ဆင်ကြီး လာစရာလမ်းမရှိဘဲ နေဦးမယ်၊ ဟို ဓာတ်ပုံဆရာ ကိုတင်ငွေ ငါ့ဆင်ကြီးကို သေသေချာချာ မိမိရရ ဓာတ်ပုံရိုက်ကြ၊ ဟို





ကာလသားခေါင်းကျော်ကွန့် မင်းတို့ဆိုင်းအဖွဲ့က စည်တော်ကြီးကို တီးကြတော့ဟေ့၊ ဘုရားလူကြီး ဦးတင်မောင်နဲ့ ဘိုးကံတို့ရော လာကြလေဗျာ"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စည်တော်ရွှမ်းသံနှင့်အတူ ထွန်စက်သံက တဖြည်းဖြည်း ကျယ်လောင်လာသည်။

မကြာမီပင် ဖုန်လုံးကြီးတလိမ့်လိမ့်ဖြင့် ဆင်ကြီးဆိုက်ရောက်၍ လာပါသည်။ ရွာသူရွာသားအပေါင်းနှင့် အလှူလာသူပရိသတ်ကြီး၏ တခဲနက်ကောင်းချီးသြဘာသံကြီးများ တဖြည်းဖြည်းတိုးတိတ်သွားပြီး မဏ္ဍပ်တိုင်ထိပ်သို့ တက်ပြုမည့်ဟန်ပြင်နေသူ ရွာသူကြီးဦးဗကြည်နှင့် SAE များဖြစ်ကြသော ကိုကျော်ဝင်း၊ ကိုစန်းမြင့်၊ ဝါးထင်းပွဲစား ဖော်ဦးကျော်တို့ထံသို့ ရွာနီးချုပ်စပ် ပရိသတ်များ၏အကြည့်များ ရောက်ရှိလာချိန်တွင်တော့ ဆင်ကြီးကို စီစဉ်ခဲ့ကြသူ အဖွဲ့သားအားလုံး ဆင်ကြီးအားကြည့်ရင်း မျက်လုံးပြူးသွားကြသည်။

ခြောက်ပါးရောင်ဟုန် စွယ်တော်စုံမှာ တိုတစ်၊ ရှည်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍နေပေပြီ။ ညာဘက်နားရွက်တော်ကြီးမှာလည်း ထက်ဝက်ခန့် ပါမလာတော့ချေ။ ဆင်၏ ရှေ့ခြေနှစ်ချောင်းနှင့် နောက်ဘက် ဘယ်ခြေထောက်မှာ လုပနေသော်လည်း ညာဘက်နောက်ခြေထောက်မှာမူ အမျိုးအမည် မခွဲခြားတတ်သော အရောင်ဖြစ်နေပြီး တွဲလျားကျ၍နေသည်။

ဆင်ကြီး၏ တစ်ကိုယ်လုံးမှာလည်း ဖာရာ၊ ထေးရာဗလပွဖြင့် ရောင်တော်စုံကွန့်မြူးနေသလို ဆင်ကြီး၏ကျောပေါ်၌ လွှမ်းခြုံထားသော ၃၀၀၀ ကျပ်တန် တရုတ်မွေးပွကော်ဇောနှစ်ချပ်အနက် တစ်ချပ်မှာ လုံးဝပါမလာတော့ဘဲ ထိုနေရာတွင် ရောင်စုံစက္ကူများ၊ သတင်းစာများဖြင့် ဖြစ်သလို ဖာထေးလာသည်ကို တွေ့မြင်လိုက်ကြရပါသည်။

အလှူ့ရှင်သူကြီး ဦးဗကြည်၏မျက်နှာသည် ရဲပတောင်းခပ်သွားပြီး

"ဒါ မြို့ပေါ်က မြို့ကြီးသားဆရာသုံးယောက်ရဲ့ လက်စွမ်းကုန် လက်ရာပဲလား၊ ကြည့်ကြပါဦးဗျာ၊ ပြောလိုက်တော့တစ်မျိုး၊ အခုတော့ နနွမ်းရောင် ဝါထိန်ထိန်နဲ့၊ ရုဋ္ဌသုဘဒ္ဒါနဲ့





မဟာသုဘဒ္ဒါဆင်မတွေများ မှားလုပ်မိကြလေရော့သလား၊ ပြောကြပါဦး မြို့ကြီးသားဆရာတို့ရဲ့၊ တစ်ကိုယ်လုံးမှာလည်း သက်တံရောင်စုံကွန့်မြူးပြီး ဖာတစ်ရာဗိုလ် ဖြစ်နေပါပကောလား၊ ပြောကြပါဦး ဆရာတို့ရဲ့၊ ညဥ့်တွင်းချင်းပဲ သောနုတ္တိုရ်က လေးနဲ့လာပစ်သွားလို့လား၊ ဒါ ကျုပ်ကို သက်သက်အရှက်ခွဲတာ၊ ကျုပ်မျက်နှာကိုမည်းအောင်လုပ်တာ"

ထိုစဉ် လူအုပ်ကြားထဲတွင် ရောက်နေကြသော ဆွာဦးကျောင်းဆရာတော်နှင့် ဆရာကြီးမြစကြာတို့က သူကြီးဦးဗကြည်ကို ဝင်ထိန်းသည်။

"မျက်နှာကို အိုးမည်းသုတ်တာပါ မောင်ဗကြည်ရာ၊ ကဲကဲ စိတ်ကိုထိန်းစမ်းပါဦး"

"အနိစ္စတရားဆိုတာ မြဲတယ်မှ မရှိဘဲကို ဒကာမောင်ဗကြည်ရဲ့"

"အိုဗျာ အိုးမည်းသုတ်သုတ်၊ မီးသွေးသုတ်သုတ် မည်းတာက အမိကပဲ၊ ဘယ့်နှယ့်ဗျာ၊ ညကပြောတော့ ဆင်ကြီးကလေထဲမှာ ပျံတော့မယ့်အတိုင်းပဲတဲ့၊ အခုတော့ ထထပြီးကန်ချင်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းနေပြီဗျ၊ အနိစ္စကလည်း ညတွင်းချင်းကိုပါပဲလား၊ ရှက်တယ်၊ ရှက်တယ်ဗျ"

"ရှက်နေလို့မပြီးဘူး၊ လိုလျှင်ကြဲဆ နည်းလမ်းရတဲ့၊ ပျက်အစဉ် ပြင်ခဏဆိုသလို ပြင်လိုက်ကြပေါ့ကွဲ့"

လောကီဝိဇ္ဇာဆရာကြီးမြစကြာမှ ပညာရှိပီပီ ပုံတိုပတ်စဖြင့် တိုတိုတုတ်တုတ်ပင် ပြောသွားပေ၏။ ထို့ကြောင့် သူကြီးဦးဗကြည်ကလည်း ရွှေဉာဏ်တော်ရှူးရှသွားသည်။

"ကဲဆရာတို့၊ ကျုပ်တစ်ခုပဲပြောမယ်၊ အချိန်မရှိတော့လို့ အခုပုံအတိုင်း ရှင်လော်ာင်းလှည့်ရတော့မှာပဲ၊ ဒါပေမဲ့ နေ့လည်တရားနာပြီးသွားရင် ကိုရင်တွေနဲ့ ဆရာတော်ကို တစ်ခါပြန်ပြီး လှည့်ဦးမယ်၊ အဲဒီအချိန်အတွင်းမှာ ဒီဆင်ကြီးကို ရအောင်ပြင်ပေးပါ"

ပြောပြောဆိုဆို သူကြီးဦးဗကြည် ထွက်သွားသည်။

ကိုကျော်ဝင်း၊ ကိုစန်းမြင့်နှင့် ဖော်ဦးကျော်တို့သုံးဦးမှာလည်း ညတွင်းချင်းဘဝပြောင်းသွားသော ဆင်အားကြည့်ရင်းအံ့အားသင့်ကာ ငေးကြည့်နေမိသည်။ ထိုစဉ် ဓာတ်ပုံဆရာ





ကိုတင်ငွေက

"ရှင်လောင်းတွေနဲ့ ကွမ်းတောင်၊ ပန်းတောင်ကိုင်တွေကိုတော့ ဒသဂီရိက မယ်သီတာကိုခိုးယူခဲ့တယ်ဆိုတဲ့ ပန်းရထားကြီးကို နောက်ခံထားပြီးတော့ ပုံစံအမျိုးမျိုးနဲ့ ဓာတ်ပုံရိုက်ပေးပြီးပြီ၊ အဲဒါ ဆင်ကြီးနဲ့ ဓာတ်ပုံရိုက်ချင်လို့တဲ့၊ အဲ အဲ အားတော့နာပါရဲ့၊ ဘယ်ရှုထောင့်ကရိုက်ရင် ကောင်းမလဲလို့ လာမေးတာပါ"

ကိုကျော်ဝင်းက ဒေါသစိတ်ကို ကြိတ်မှိတ်မျိုသိပ်ရင်း

"ဒီဆင်ကြီးရဲ့ ရှေ့ခြေထောက်နှစ်ချောင်းကိုပဲ နောက်ခံထားပြီးတော့ ပုံစံအမျိုးမျိုးနဲ့ ရိုက်ပေးလိုက်ဗျို့" ဟု ပြောဆိုကာ ဒရိုင်ဘာတင်ကိုကို၏ လည်ဂုတ်ကိုဆွဲ၍ လူရှင်းသော ဖျာပ်နောက်သို့ခေါ်လာကာ အကြောင်းစုံကို မေးမြန်းရလေတော့သည်။

ဒရိုင်ဘာတင်ကိုကိုက မျက်ရည်ဟလည်လည်ဖြင့်

"...................."

"အဖြစ်ကတော့ ဒါပဲပဲ ဆရာကျော်ဝင်းရယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မှာ အခုအချိန်အထိ မအိပ်ရသေးပါဘူး၊ ဝါးထင်းစခန်းကို ပြန် ရောက်ကတည်းက ဆင်ရုပ်ကြီးကို ဖာထေးပေးနေရပါတယ်၊ အမှောင် ထဲမှာ ဖယောင်းတိုင်မီးရောင်နဲ့လုပ်ရတော့ ဆေးရောင်တွေက လည်း ရောပြီးတော့ ညဥ့်အမှောင်ထဲမှာတစ်ရောင်၊ မနက်မိုး လင်းနေထွက်လာတော့တစ်ရောင် ဖြစ်ကုန်တာပါပဲ၊ တတ်နိုင် သမျှ ဒီဆင်ကြီးကို ဖာထေးပေမယ့် အစွယ်နဲ့နားရွက်ကိုတော့ လုံးဝမထိရဲလို့ ဒီအတိုင်းထားလိုက်ရတာပါ၊ ညဥ့်က လျှို့ထဲမှာ မမြင်မစမ်းနဲ့ ဝင်မောင်းရတော့ သစ်ကိုင်း၊ ဝါးကိုင်းတွေနဲ့ညှိ ပြီး ကော်ဇောအသစ်ကြီး တစ်ချပ်ဟာလည်း ဘယ်မှာကျနေခဲ့ မှန်း မသိခဲ့ပါဘူး၊ ကျွန်တော့်အပြစ်ပါ၊ ကျွန်တော့်ကို ကြိုက် သလို အပြစ်ပေးကြပါတော့ဗျာ”

ကိုကျော်ဝင်းက တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက် ပြီး

“ငါတို့က ကြွက်သိုးအကြောင်းကို ကောင်းကောင်းကြ သိလို့ ထွန်စက်သော့ကို ငါကိုယ်တိုင် သိမ်းခဲ့တာ၊ အဲဒါကို မင်း က ဆယ်ပြားစေ့နဲ့ရအောင်ဖွင့်ပြီး မောင်းတယ်၊ ကောင်းကွာ





“ကဲ ကဲ ကိုကျော်ဝင်းရေ၊ ဖြစ်သွားပြီးမှတော့ ပြောမနေ ပါနဲ့တော့၊ အချိန်လည်း သိပ်မရှိတော့ဘူးဗျာ၊ ရှင်လောင်းတွေ ကိုတင်ပြီး ရွာကိုနှစ်ပတ်ပတ်ပြီး ရွာဦးထိပ်ဗြောင်ပင်ကိုသွားပြီး နတ်ပြ၊ အပြန်မှာ သူတို့ကို မဏ္ဍပ်မှာချပေးပြီး ဓမ္မာရုံရှေ့ကို မောင်းလာခဲ့၊ အဲဒီတော့မှ တစ်ခါပြန်ပြင်ကြတာပေါ့”

ပြောဆိုပြီး ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်၊ ဖော်ဦးကျော် တို့ တည်းခိုရာဓမ္မာရုံသို့သွားကာ ဆင်ကြီးအတွက် အသုံးပြုရ မည့် ပစ္စည်းများကို ပြင်ဆင်နေရပါသည်။

ကောင်းညှင်းဆန်ကို အမြန်ထောင်း၍ ရေနွေးဖြင့်ကျိုကာ ကော်လုပ်ရခြင်း၊ မြေဖြူခဲများကိုထောင်း၍ ရေဖျော်ကာ ဆေး ဖြူလုပ်ရခြင်း၊ ဓာတ်ခဲထဲမှ ကာဗွန်မှုန့်များကို ရေဖြင့်ဖျောက်ကာ ဆေးနက်လုပ်ခြင်း၊ လျှော်ကျသွားစာရွက်ဖြူများကို ဆေးရောင်စုံ ဖြစ်အောင် ပြုလုပ်ခြင်း လုပ်ငန်းများဖြင့် ယားလို့ပင်မကုတ် အားအောင် အလုပ်ရှုပ်နေစဉ် ရှင်လောင်းအဖွဲ့သည် နတ်လှည့် ရွာကို နှစ်ပတ်ပတ်ပြီး ရွာအပြင်သို့ နတ်ပြရအောင် ထွက်ခွာ သွားလေတော့သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ
သုခနော် ခါတလီမျှ
တစ်နာရီ ကြွမဆော့သည့်ပြင်
ရုပ်နာမ်မှာ ဒုက္ခတွေ့ရတော့
ဟုတ်မှန်၍ မချောင်သာ။
(ရှေးသံချို)

အလုပ်ထဲသို့ စိတ်ဝင်စားနေစဉ် ကိုကျော်ဝင်းတို့သုံးဦးရှိနေသော ခမ္ဘာရုံနားသို့ လူစီမ်းများဝင်လာသဖြင့် ဝါးထင်းပွဲစားလေး ဖော်ဦးကျော်တစ်ယောက် မော့ကြည့်လိုက်ရာ သံရွာရဲ့စခန်းမှ ရဲတပ်ကြပ်ကြီးမျိုးလွင်ကို တွေ့လိုက်ရသည်။





"ဟာ ရဲဘော်မျိုးကြီးပါလား၊ ဘာလဲ အလှူမှာလာခဲ့တာလား"

ဖော်ဦးကျော်တို့နှင့် ဟံမြင့်မိုရ်အထက်တန်းကျောင်းတွင် ကျောင်းနေဖက်ဖြစ်ခဲ့သူ ပြည်သူ့ရဲတပ်ဖွဲ့ဝင် ရဲတပ်ကြပ်ကြီးမျိုးလွင်ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားရသည်မှာ အမှန်။ ထို မျိုးလွင်က ခုံပေါ်တွင်ဝင်ထိုင်ရင်း

"ဒါနဲ့ အခုအလှူက ဘယ်သူ့အလှူလဲ"

"ဦးလေးဗကြည်ရဲ့အလှူလေ၊ မင်းက ဒီအလှူကိုလာတာမဟုတ်ဘူးလား"

"ငါက အလှူကိုလာတာမဟုတ်ဘူး၊ အဲဒီ ဦးလေးဗကြည်ဆီကိုလာရတာ၊ အခု ငါ့မှာလည်း ဒုက္ခပါပဲကွာ"

"ဘာဒုက္ခလဲကွ၊ ဘာပြုလို့လဲ"

"ဘာပြုရမှာလဲ၊ သံရွာကနွားခိုးတဲ့ကိစ္စမှာ ဦးဗကြည်က သူခိုးလက်ခံဖြစ်နေတာ၊ အဲဒါ စစ်ဆေးမေးမြန်းစရာရှိလို့ ကျောက်ဆည်မြို့နယ်ရဲစခန်းကနေ သူ့ကို အခေါ်ခိုင်းလိုက်လို့ကွ"

ကိုကျော်ဝင်း၊ ကိုစန်းမြင့်နှင့် ဝါးထင်းပွဲစား ဖော်ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com



တို့ မျက်လုံးပြူးသွားသည်။ ရဲတပ်ကြပ်ကြီး မျိုးလွင်က ဒူးယား စီးကရက်ကို မီးညှိရင်း

"ငါ့ကို စိုက်ကြည့်မနေနဲ့၊ အခုညနေ ဘောင်ကြီးထိပ်ကို ရောက်မှဖြစ်မှာ"

အားလုံးမှာ ဦးလေးဗကြည်အတွက် စိတ်ပူသွားသဖြင့်

"ဒီ ဒီမယ်၊ သူငယ်ချင်းမျိုးလွင်ရာ၊ နောက်မှလာခေါ်လို့ မရဘူးလား"

"မဖြစ်ဘူးကွ၊ ဒီနွားခိုးမှုက ငါတို့ရဲစခန်းမှာ အမှုဖွင့်ထားတာ၊ အခု နွားတွေပြန်တွေ့ပြီဆိုတော့ ဦးဗကြည်ကိုခေါ်ပြီး မေးရ၊ မြန်းရဦးမှာပေါ့၊ ဒီလိုမေးမြန်းပြီးမှ နွားသူခိုးတွေကို လိုက်ဖမ်းရမှာကွ"

"ဒီရွာမှာတင် စစ်ဆေးလို့မရဘူးလား"

"ဘယ်ရမလဲကွ၊ နွားခိုးတတ်တဲ့လူတွေရဲ့ ဓာတ်ပုံတွေ၊ ဘာတွေ ပြရဦးမှာ၊ ပြီးတော့ ဟာကွာ ငါတို့ရဲ့ လုပ်ထုံး၊ လုပ်နည်းတွေကို မင်းတို့ရှင်းပြနေလည်း မင်းတို့နားလည်မှာ မဟုတ်ပါဘူး၊ ငါတာဝန်အရ ဦးလေးဗကြည်ကို ဒီနေ့ညနေ ဘောင်ကြီး





ထိပ်ကို အရောက်ခေါ်သွားရမှာ၊ ဒီရွာမှာကလည်း သူ့အလှူရက်ကြီးနဲ့ တိုက်တိုက်ဆိုင်ဆိုင်ဆိုတော့ အားနာပါတယ်ကွာ၊ ဘာလုပ်ရမှန်းတောင် မသိပါဘူး"

ဖော်ဦးကျော်တစ်ယောက် အပြင်းအထန်စဉ်းစားလိုက်ပြီး

"ဒီမယ်မျိုးလွင်၊ မင်းတို့ အခုညနေ ဘောင်ကြီးထိပ်ကို ရောက်အောင်သွားပြီး မနက်မှ KMTA ကားလိုင်းနဲ့ ကျောက်ဆည်တရားရုံးကို ဆက်သွားရမှာ မဟုတ်လား၊ ဒီတော့ ဒီလိုလုပ်ကွာ၊ အခုကိစ္စကို ဘယ်သူမှမသိပါစေနဲ့၊ မင်းတို့က ဘောင်ကြီးထိပ်ကို သွားနှင့်ကွာ၊ ထမင်းကိစ္စတွေ ငါစီစဉ်ပေးမယ်၊ ဦးလေးဗကြည်ကိုတော့ သူ့အလှူမှာ ရေစက်ချပါစေဦး၊ ရေစက်ချပြီးတာနဲ့ ဒီကိစ္စတွေကို ဦးလေးဗကြည်ကို ရှင်းပြပြီးရင် ထွန်စက်နဲ့ လိုက်ပို့မယ်ကွာ"

"ထမင်းက မလိုပါဘူး၊ စီစဉ်မနေနဲ့၊ အခုကိစ္စကို ဒီရွာက တချို့လူကြီးတွေကိုတော့ သတင်းပို့ရဦးမှာ"

"အဲဒီကိစ္စတွေအားလုံးကိုလည်း ငါလုပ်ထားလိုက်မယ်၊ ငါတာဝန်ယူပါတယ် မျိုးလွင်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ဖော်ဦးကျော်၊ ညနေကျရင်သာ ဦးလေးဗကြည်ကို မြောင်းကြီးဘောင်အရောက် ပို့လိုက်၊ ဟော့ကောင်တော်တော်ကြာ ဦးလေးဗကြည် ပါမလာရင် ငါ့အလုပ်ပြုတ်မှာနော်၊ ရောက်အောင်တော့ပို့လိုက်"

"ငါ နားလည်ပါတယ် မျိုးလွင်ရ၊ မင်းအလုပ် ထိခိုက်အောင် ငါမလုပ်ပါဘူး၊ မင်း အခုလိုကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီကွာ"

"ကဲ ဒါဆို ငါတို့သွားတော့မယ်၊ ဒါနဲ့ ဘယ်ကထွန်စက်နဲ့ ဘယ်သူမောင်းပို့မှာလဲ"

"ငါ့ထွန်စက်ပါကွ၊ ငါကိုယ်တိုင်မောင်းပြီး လိုက်ပို့မှာပါမင်း စိတ်သာချနေ"

ရဲတပ်ကြပ်မျိုးလွင်တို့ ထွက်ခွာသွားသောအခါတွင်မှ ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့လည်း သက်ပြင်းချနိုင်ပါတော့သည်။ ဦးလေးဗကြည်တစ်ယောက် သူ့အလျှတွင် ရေစက်ချခွင့်ရသည့်အတွက်လည်း ရဲတပ်ကြပ်မျိုးလွင်အား အထူးပင်ကျေးဇူးတင်မိပါတော့သည်။





ထိုစဉ် ဒရိုင်ဘာတင်ကိုကိုနှင့် လှသိန်းတို့နှစ်ယောက် အပြေးအလွှား ရောက်လာကြပြန်သည်။

"ဘာဖြစ်လာပြန်ပြီလဲဟော့"

ကိုကျော်ဝင်းက ဆီးကြိုမေးလိုက်သဖြင့် ဒရိုင်ဘာတင်ကိုကိုက မျက်နှာငယ်လေးဖြင့်

"ဒီလိုပါဆရာ၊ ထွန်စက်က တစ်ညလုံးမောင်းထားတာဆိုတော့ ဆီကုန်သွားလို့၊ အဲဒါ ရှင်လောင်းတွေတော့ ရွာဦးဇောင်ပင်အောက်မှာ စောင့်ရင်းကျန်နေခဲ့တယ်"

ဒရိုင်ဘာတင်ကိုကို၏ စကားကြောင့် ကိုကျော်ဝင်းတို့ မျက်လုံးပြူးသွားကြသည်။ စိတ်ထဲတွင် အိုးမည်းအသုတ်ခံထားရသော သူကြီးဦးဗကြည်၏မျက်နှာပေါ်သို့ ကတ္တရာပုံး မှောက်ကျသွားသကဲ့သို့ ဖြစ်ပြီဟု တွေးမိရင်း လည်ချောင်းချောက်ကပ်၍ စကားပြော၍ပင် မရချင်တော့။

"ကဲ စန်းမြင့်ရေ၊ ရွာထဲက တစ်ပေါက်စက်ထောင်သူတွေ၊ ရေစုပ်စက်ရှိသူတွေဆီ အပူကပ်ပြီး ဒီဇယ်လိုက်ချေးပေးလိုက်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကိုစန်းမြင့်နောက်သို့ ဒရိုင်ဘာတင်ကိုကိုနှင့် လှသိန်းတို့နှစ်ယောက် ပုံးလွတ်ကိုကိုင်၍ လိုက်ပါသွားကြလေတော့သည်။

အားလုံးထွက်သွားပြီးနောက် ဖော်ဦးကျော်က ခေါင်းကို ကုတ်ရင်း

"ကိုကျော်ဝင်းရေ ကျောက်ဆည်မြို့ပေါ်ကိုတော့ ကျွန်တော် လိုက်သွားမှ ကောင်းမယ်ဗျ၊ ဒါမှ ဦးလေးဗကြည်လည်း အားရှိသွားမယ်မဟုတ်လား၊ အစောက မျိုးလွင်တို့ကို အာမခံလိုက်တဲ့အကြောင်းကို တာဝန်ရှိလူကြီးတချို့ကို သိုသိုသိပ်သိပ် သတိပေးထားမှ ဖြစ်မယ်၊ နောက်ပြီး ဦးလေးဗကြည် စိတ်ချမ်းချမ်းသာသာဖြစ်သွားအောင် ဆင်ရုပ်ကြီးကို တတ်နိုင်သရွေ့ အကောင်းပကတိအတိုင်းပြင်ဗျာ၊ အလှူပြီးရင် ကိုရင်တွေနဲ့ ဆရာတော်ကိုတင်ပြီး ရွာထဲမှာ လှည့်ပြရဦးမယ် မဟုတ်လား"

"ဟာ ဘာပြုလို့ လှည့်နေမှာလဲ၊ ဦးလေးဗကြည်က မြောင်းကြီးဘောင်ထိပ်ကို သွားရဖို့ အရေးပေါ်ကိစ္စ ကြုံလာရပြီ မဟုတ်လား"





"ဦးလေးဗကြည်စိတ်က ပြောရင် ပြောတဲ့အတိုင်း တသွေမတိမ်းလုပ်ပြတတ်တဲ့ လူစားမျိုးဗျ၊ သူ့မြေးကိုရင်တွေနဲ့ ရွာဦးကျောင်းဆရာတော်ကိုသာ ဆင်ရုပ်ကောင်းကောင်းနဲ့ လှည့်ခွင့်ရရင် သေပျော်ပြီလို့ စိတ်ပိုက်ထားသူတွေမို့ ပို့မယ်ပို့ ကူးတို့ထိသာ ပို့လိုက်ပါတော့ ကိုကျော်ဝင်းရာ"

သို့ဖြင့် နေမွန်းလွဲသွားချိန်တွင် ဆင်မှာ အကောင်းအတိုင်းဖြစ်၍လာပေပြီ။ ဆင်၏နောက်ခြေထောက်ကို ဆေးဖြူသုတ်နေချိန်တွင် ကိုစန်းမြင့် ပြန်ရောက်လာခဲ့သည်။

"ကျုပ်လည်း အခုမှပဲအားရတယ်ဗျာ၊ ရော့ ကိုကျော်ဝင်း၊ ခင်ဗျားတို့နှစ်ယောက်အတွက် ထမင်းရုံက ထမင်းနဲ့ဟင်းခွေ ထည့်ယူလာခဲ့တယ်"

"ချထားလိုက်ကွာ စန်းမြင့်၊ ဒီမှာ ပြီးခါနီးပါပြီ၊ ဦးလေးဗကြည်ဆီသွားတဲ့ ဖော်ဦးကျော်ပြန်လာမှပဲ တို့တတွေ အဘူးအား ကြတာပေါ့"

ပြောနေဆဲမှာပင် ဖော်ဦးကျော်လည်း ဦးလေးဗကြည်ရွာထဲမှ ပြန်လာဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ဦးကျော်တစ်ယောက် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ကြောင်နီဆေးလိပ်ကို ဖွာရှိုက်လိုက်ရင်း

"သေသေချာချာ စကားကိုပိတ်ထားတဲ့ကြားထဲက ဦးလေးဗကြည်ကိုရှာပြီး ပြောတဲ့သူက ပြောလိုက်လို့ သံရွာရဲစခန်းက ကျောက်ဆည်မြို့နယ် တရားရုံးကို ဆင့်ခေါ်တဲ့အကြောင်း ဦးလေးဗကြည်သိသွားပြီဗျ"

"ဟုတ်လား၊ ဒီတော့ ဦးလေးဗကြည်က မင်းကိုဘာပြောလိုက်သလဲ"

"အူယားဖားယားနဲ့ ဦးလေးဗကြည်ကပြေးလာပြီး ကျွန်တော့်ကို လာမေးနေလို့ ကျွန်တော်ကလည်း ဒီကိစ္စဟာ ကိုယ်ခိုးတာလည်းမဟုတ်ဘူး၊ ပြီးတော့ ခိုးလာမှန်းမသိလို့ ဝယ်မိတာပဲလို့ သေသေချာချာရှင်းပြရင် ရပါတယ်၊ အမှုလည်းဖြစ်မှာမဟုတ်ပါဘူး၊ တရားရုံးကခေါ်တာကလည်း နွားသူခိုးတွေရဲ့ အကြောင်း မေးချင်လို့ခေါ်တာ နေမှာပါ၊ အဲဒါကြောင့် ကိုယ့်အလှူမှာ စိတ်ချမ်းသာ၊ ကိုချမ်းသာနဲ့ ရေစက်ချပါ၊ ပြီးရင် ကိုရင်တွေနဲ့ ဆရာတော်ကို ဆင်နဲ့တစ်ခါ ရွာထဲမှာ စိတ်အေး၊





လက်အေး လှည့်ပါဦး၊ ပြီးတော့မှ အေးအေးဆေးဆေး ဘောင်ကြီးထိပ်ကို ဆင်းကြတာပေါ့၊ ကျွန်တော်ပါ ကျောက်ဆည်မြို့ပေါ် လိုက်ခဲ့ပါ့မယ်ဆိုပြီး မနည်းကြီးနားချခဲ့ရတယ်၊ ဦးလေးဗကြည်တော့ သနားပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



*

အနိစ္စကိုလ
နိစ္စနော် တကယ်ထင်လို့
အပါယ်တွင် ဝင်မဆုံးနိုင်ဘု
သင်ဓုန်းမှာရက်သည့်ပုများကဲ့သို့
အဝိဇ္ဇာပိကာထားတယ်
များစွာသူငါ။

(ရှေးသံချို)

တရားပွဲပြီး၍ အမျှဝေသံအဆုံး ဗျောစည်တီးသံ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဆင်နှင့်ပန်းရထားကြီးကို မဏ္ဍပ်ရှေ့သို့ ထိုးဆိုက်လိုက်သည်။





ထိုအခါ မဏ္ဍပ်အတွင်းရှိ တရားနာပရိသတ်များ အတင်းတိုးဝှေ့ထွက်လာကြပြီး ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့၏ နောက်ဆုံးပေါ် မော်ဒယ်ဖြစ်သော ဆင်နှင့်ပန်းရထားကြီးကိုကြည့်၍ အံ့ဩသံ၊ လက်ခုပ်တီးသံ၊ အော်ဟစ်၍အားပေးသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

"ဟာ လှလိုက်တဲ့ဆင်ကြီး၊ ကြည့်ကြပါဦး၊ နာဠာဂိရိမှ နာဠာဂိရိအစစ်"

"အားပါးပါး ခေါင်းသုံးလုံးသာ ပါလို့ကတော့ သိကြားမင်းစီးတဲ့ ဧရာဝဏ်ဆင်လို့ ခေါ်ရမှာ အမှန်ပဲ၊ ကကြိုးတန်ဆာတွေကလည်း ဒူးယားဘူးခွံထဲက ငွေရောင်တွေအတိုင်းပဲ ပြောင်ပြောင် ပြောင်ပြောင်နဲ့ မျက်စိကို ကျိန်းနေတာပဲကိုးကွ"

"လှချက်ကတော့ဟော့ ဟို နှာခေါင်းကြီးတဲ့ ရုပ်ရှင်မင်းသားကို အစွယ်တပ်ပေးရင်တောင် ဒီဆင်ကြီးလောက် လှမှာ မဟုတ်ဘူး"

ထိုစဉ်အချိန်တွင် ရာဇဗ္ဗာနွေအပြည့်ဖြင့် မဏ္ဍပ်ထဲမှ ထွက်လာသူကတော့ ရွာသူကြီးဦးဗကြည်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာဦးကျောင်းဆရာတော်နှင့် သူ့မြေးကိုရင်များအား ဆင်ရုပ်ကြီး ရှေ့တွင် ရပ်စေ၍ သူ့ခေါင်းပေါင်းကို ပြင်လိုက်ရင်း

"ဟဲ့၊ ဟို ရွာခိုင်ကြီးတောင်ရွာက ဓာတ်ပုံဆရာ ရိုက်စမ်း ဖလင်လိပ်တစ်ခွေလုံးကုန်အောင် ရိုက်ပစ်လိုက်စမ်း"

မျက်စိများ ကျိန်းလောက်အောင် တဖျတ်ဖျတ်ရိုက်လိုက်သော ဓာတ်ပုံမီးရောင်အောက်တွင် သူကြီးဦးဇကြည်၏ မျက်နှာကြီးသည် ဂုဏ်ယူဝင့်ကြွားစွာဖြင့် နှုတ်ခမ်းကြီးနှစ်ဖက် နားရွက်ချိတ်လုအောင်ကိုပင် ပြုံးရွှင်နေပါသည်။

ထိုစဉ် မည်သည့်နေရာမှ ပေါ်ထွက်လာမှန်းမသိသော မောင်ကြွက်သိုးသည် ပြုံးရွှင်နေသော သူ့အဖေမျက်နှာကို မြင်ရသဖြင့် အခွင့်ကောင်းယူကာ သူ၏ အသစ်စက်စက် ဖိနပ်ချောလေး မိသန်းစိန်လက်ကိုဆွဲ၍ ခပ်တည်တည်ဖြင့် ဝင်ရောက်ဓာတ်ပုံအရိုက်ခံလေသည်။

သူကြီးဦးဇကြည်ကတော့ သူလိုချင်သောဂုဏ်၊ အလွန်ကြွားဝါချင်သော ဆန္ဒများပြည့်ဝသွားသဖြင့် သူသည် ကျောက်ဆည်မြို့နယ်တရားရုံး၌ အစစ်ဆေးခံရမည်ကိုသော်လည်းကောင်း၊





သူ၏ ဩရသသားကြီးကြွက်သိုးအား ဆူဖို့၊ ဆဲဖို့လုပ်ရန်ကိုသော်လည်း သတိမရနိုင်တော့ချေ။

ထို့နောက်တွင် ရွာဦးကျောင်းဆရာတော်နှင့် ကိုရင်နှစ်ပါးအား ပန်းရထားပေါ်တက်စေ၍ သလွန်ပေါ်တွင် ထိုင်စေသည်။ တော်လွဲရွာတစ်ရွာလုံးရှိ ကလေး၊ လူကြီးများမှာလည်း တိုးကြိတ်၍ ပန်းရထားပေါ် တက်နေကြသည်။

သူကြီးဦးဇကြည်ကတော့ ဆင်ရုပ်ကြီးပေါ်တွင် ခွထိုင်စီးမည်ဟုပြောကာ လှေကားယူခိုင်းနေသဖြင့် ကိုကျော်ဝင်း၊ ကိုစန်းမြင့်နှင့် ဖော်ဦးကျော်တို့သုံးဦး ပြာပြာသလဲဖြစ်သွားပြီး မြန်မြန်ဆန်ဆန် ပြေးသွားတားယူလိုက်ရသည်။

"ဦးလေးဇကြည်၊ ဦးလေးကလည်း နောက်က ပန်းရထားပေါ် သွားထိုင်လေ၊ ဘာလုပ်ဖို့ ဆင်ရုပ်ကြီးပေါ်ကို တက်နေတာလဲ"

"ဟဲ့ ဟဲ့ ရွာဦးကျောင်းဆရာတော်နဲ့ ကျုပ်မြေးတွေကို ဆဒ္ဒန်ဆင်မင်းကြီး မောင်းပို့ချင်လို့ပါဗျာ"

"ဘယ်ဖြစ်မလဲ ဦးလေးဇကြည်ရဲ့၊ ခင်ဗျားက ဆင်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်ဂုတ်ကို ခွစီးရင် ဆင်ကြီးရဲ့ လည်ဂုတ်နားမှာရှိတဲ့ ထွန်စက်မီးခိုးခေါင်းတိုင်ကြီးအပေါ် ဖင်ခွထိုင်ရမှာ၊ တစ်ခါတည်း မီးခိုးမှိုင်းသင့်ပြီး မိုးပေါ်ပျံသွားလိမ့်မယ်"

"ဟား ဟား ဟား၊ ဒါမျိုးမှ ဗကြည်တို့ကကြိုက်တာ ဟိုး မိုးပေါ်အထိ ရောက်ချင်ရင် ရောက်သွားပါစေ ကြိုက်ပြီဗျို့ ဟဲ့ လေကားမြန်မြန်ယူခဲ့လေ"

ကြွားချင်ဝါချင်ဂုဏ်ကိုမင်နေသော သူကြီးဦးဗကြည်၏ ဦးနှောက်ထဲတွင် စဉ်းစားဉာဏ် စိုးစိမျှရှိပုံမရတော့ချေ။ ထို့ကြောင့် ဆရာကျော်ဝင်းက

"မရဘူး ဦးလေးဗကြည်ရဲ့၊ ခင်ဗျားခန္ဓာကိုယ်ကြီးနဲ့ ဆင်ပေါ်တက်လို့ကတော့ ဆင်ရုပ်ကြီးကျိုးကျသွားမှာပေါ့၊ ဆင်ရုပ်ကြီးက ဝါးနဲ့စက္ကူနဲ့ လုပ်ထားတာမဟုတ်လား"

ဒီလိုဆိုတော့လည်း လူကိုသာအသေခံမည်၊ ဆင်ရုပ်ကြီး ကိုတော့ မည်သို့မျှ အပျက်အစီးမခံနိုင်သော သူကြီးဦးဗကြည် တစ်ယောက်

"ကဲ ကဲ၊ ဒီလိုဆိုတော့လည်း နောက်ကပဲစီးပါတော့မယ်





ကွာ" ဟု ပြောဆိုပြီး ပန်းရထားဘက်သို့ လှည့်သွားရာ

"အမယ်လေး လေ့၊ ပန်းရထားကြီးပေါ်မှာလည်း ရွာရှိ လူ ကုန်ဆိုသလို ရောက်နေပါရောလား၊ ဆင်းကြပါဦးဟ၊ အဲဒီ လောက်ကြီး စုပြုံတက်နေမှတော့ ဒီထွန်စက်ကြီး ရုန်းနိုင်ပါဦးမလား"

ဟုတ်ပါသည်။ ရွာရှိလူအမေါင်းမှာ ပန်းရထားကြီးပေါ် တွင် ခြေချစရာမရှိအောင် အပြည့်အသိပ်နေရာယူပြီး ဖြစ်နေ သည်။

"သူကြီးက အလှူမှာ ရှင်လောင်းလှည့်နေတုန်း ရှင်လောင်း တွေနဲ့ စီးပြီးပြီပဲ၊ တော်ရောပေါ့၊ ကျုပ်တို့က တစ်ခါမှမစီးဘူး လို့ စီးချင်လို့ပါ"

"သူကြီးက ရိုက်ပြီးဆင်းခိုင်းမယ်ဆိုရင်တောင် အသက် သာ အသေခံသွားမယ် မဆင်းဘူးဗျို့"

"တစ်သက်မှာ အခုတစ်ခါ ပထမဆုံးအကြိမ် စီးရတာ စီးဖူးအောင်ကိုစီးရမယ်၊ သူကြီးက မကျေနပ်လို့ ရိုက်လို့သေဆို ရင် ဒီအပေါ်မှာပဲ အသေခံတော့မယ် သူကြီးရေ၊ လုံးဝမဆင်းဘူးဗျို့"

သူကြီးဦးဗကြည်မှာ ကြံရာမရဖြစ်နေစဉ် ထွန်စက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



မဆန့်တော့၍ လုံးစုမတက်နိုင်ဘဲ ကျန်ရစ်ကြသော မိန်းမအပေါင်းတို့ကလည်း

"ကျုပ်တို့လည်း စီးချင်တယ်သူကြီး၊ လုပ်ပါဦး"

သူကြီးဦးဗကြည်က ပြုံးရွှင်စွာဖြင့်

"အိမ်း၊ တစ်သက်မှာ တစ်ခါကြုံရတဲ့ ရှားရှားပါးပါး အခွင့်အရေးကြီးဆိုတော့လည်း ဘယ် လက်လွှတ်ခံချင်ကြမလဲ။ အင်း အင်း၊ စီးချင်ကြမှာပေါ့၊ ကဲ ကဲ ပန်းရထားကြီးပေါ် တက်ရောက်နေတဲ့ ယောက်ျားတွေ ဆင်းပေးလိုက်ကြဟေ့၊ ဒီတစ်ခေါက် မိန်းမတွေပဲ စီးပါစေဦး၊ နောက်တစ်ခေါက်မှ တို့ယောက်ျားတွေ သပ်သပ်စီးကြတာပေါ့၊ ဟဲ့ ကြွက်သိုး၊ မင်း အရင်ဆင်းစမ်း၊ အမျိုးသမီးတွေကို ဦးစားပေးရမယ်၊ 'လေးဒီးပထမ' ဆိုတဲ့စကား မကြားဖူးဘူးလား၊ ဆင်းကြ၊ ဆင်းကြ"

ကြွက်သိုးမှာလည်း ပုပုနွေးနွေး အသစ်စက်စက် ဇနီးမယားမိုသန့်းစိန်နှင့် နှစ်ကိုယ်တွဲ၍ စီးချင်ရှာသော်လည်း သူကြီးဦးဗကြည်ကို ပြန်လှန်ခွန်းတုန့်ပြန်ရင်လည်း မဖြစ်သေးဟု အရှည်တွေးပြီး ဆင်းလိုက်ရပါသည်။





ဆိုင်ကြီး၏ တဲ့ကျုံးကျုံးမြည်သံ၊ ကီး ကီး ဟူသော ပွန်းသံ၊ ပန်းရထားပေါ်ရှိ ကတ္တိယတို့၏ ပျော်ရွှင်ရယ်မောသံ၊ အောက်မှ ကြည့်ကြသော မုရိယတို့၏ ဆူညံစွာအော်ဟစ်သံ၊ နွားစက်များ၏ လေနှင့် ပြေးသံများဖြင့် နံနက်လွှင်ကျောတစ်ရွာလုံး လွှမ်းသွားလေတော့သည်။

ထို့နောက် ယောက်ျားများစီးရန် အလှည့်သို့ ရောက်လာကြသည်။ ကြွက်သိုးက သူ၏ရှုမငြီးသော ချစ်ဇနီးလေး မိသန်းစိန် အောက်သို့မဆင်းခိုင်းဘဲ သူနှင့်အတူ စီးရန် ဆွဲခေါင် ထိုက်စဉ် သူကြီးဦးဗကြည်က 'ဗိတိုအာကာ' ဟု ဆို၍ ပယ်ချလိုက်သဖြင့် ကြွက်သိုးမှာ မချိချိတ် ခွဲခဲ့ရသည်။

သူကြီးဦးဗကြည်က ပြုံးရွှင်စွာဖြင့်

"ယောက်ျား SAE သရောမိန်းမတွေ ထောက်ကြလေ၊ တက်ကြတော့လေ"

"နေပါစေ ဦးလေးဗကြည်ရေ၊ ကျွန်တော်တို့က စီးရလွန်းလို့ လှည့်တောင်မကြည့်ချင်တော့ပါဘူး"

သူကြီးဦးဗကြည်က ခေါင်းညိတ်ပြရင်း ဆင်ရုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အောက်ရှိ စက်မောင်း ဒရိုင်ဘာတင်ကိုကိုနှင့် လှသိန်းတို့
ငှ့ကြည့်လိုက်ပြီး

"ဟဲ့ ဒရိုင်ဘာလေး တင်ကိုကိုရေ အနန္တော အနန္တ ငါးပ
ကို ရည်မှန်းပြီး ရှာကိုငါးပတ်ပတ်တိတိ ပတ်ပေတော့၊ ငါးပ
မပြည့်မချင်း ဘယ်သူတားတား လုံးဝကိုရပ်မပေးရဘူး၊ မောင်း"

အော်ဟစ်ဆူညံစွာဖြင့် ထွန်စက်ကြီးစတင်ထွက်ခွာသွ
ဖြန်ပေပြီ။ ဝါးဆင်းပွဲစားလေး ဇော်ဦးကျော်ကတော့ ဆော
ကြီးထိပ်သို့ သူ့ကတိအတိုင်း ဦးလေးဗကြည်ကို ပို့ပေးရန် ပြ
ဆင်ရပေလိမ့်ဦးမည်။

ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့ နှစ်ဦးအဖို့မှာတော့ ယ
မှ အလုံးကြီးကျသွားသဖြင့် အလှူမဏ္ဍပ်ကြီးနှင့်မလှမ်းမကမ်း
မန်ကျည်းပင်ရိပ်အောက်တွင်ထိုင်ကာ ဒူးယားစီးကရက်တစ်လိ
စီးညှိလိုက်ပြီး အေးအေးလှလှ မှိန်းနေပါတော့သည်။

✤ ✤ ✤





သက်ထစ်ရာ
မျက်နှာကိုမမြင်ရသော်လည်း
ဝှပ်ပါမယ် ဘယ်တစ်နေ့မှ
အောက်မေ့မှန်း။

(ရွှေးရွှေးရှိုး)

ဇော်ဦးကျော်မှာနတ်လှဲရွာမွှာရုံပေါ်ရှိ အပေါင်းအသင်း
ဆွေ့င်းရင်းများနှင့်အတူ လာတည်းနေဖြစ်သောကြောင့် ဦးလေး
ဗကြည်ကိစ္စဖြင့် ဆောင်ကြီးထိပ်မှ မြို့ပေါ်အထိ လိုက်ပါသွားရန်
အဝတ်အစားများ ပြင်ဆင်နေစဉ် ခြေသံပြင်းပြင်းနင်းလာသော
အသံများကို ကြားရသည်။

ဇော်ဦးကျော်တစ်ယောက် မော့ကြည့်လိုက်တော့ ရဲတပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမျိုးလွင်တို့ ပြည်သူ့ရဲသုံးယောက်နှင့် မျက်နှာစိမ်း လူသုံးလေးယောက်ကိုပါ တွေ့လိုက်ရပြန်တော့သည်။

"ဟာ မျိုးလွင်ရာ၊ မင်းက ငါ့ကိုမယုံဘူးလား၊ အခု ထွန်စက်ကို ရှာပတ်လှည့်ပေးတာပြည့်ရင် လာကြမလို့ပဲကွ"

"မင်းကိုယုံလို့ မင်းဆီကို ပြန်လာရတာပေါ့ ဖော်ဦးကျော်ရာ၊ မင်းနဲ့ငါဟာ လည်ပင်းဖက်ပြီး ပေါင်းလာတဲ့ ကျောင်းနေဘက်သူငယ်ချင်းတွေဆိုပေမယ့် တာဝန်ဥပဒေနဲ့ ပတ်သက်လာရင် ကျေးဇူးသား၊ ရင်သား ခွဲခြားလို့မရဘူးဆိုတာ မင်းသိမှာပါ"

"အေးလေ ငါသိပါတယ်၊ ဒါဆိုရင်လည်း မင်း ဒီမှာရုံးပေါ်ကနေ စောင့်နေပေါ့၊ ငါ့ဦးလေးပါကြည်တို့ ရွာထဲမှာ လှည့်ပြီးပြီးချင်း ငါတို့ကိုယ်တိုင် လုပ်ထားတဲ့ အဲဒီဆင်ရုပ်ကြီးနဲ့ ငါ ကိုယ်တိုင် ဝေအမ်ကြီး ထိပ်ကို မောင်းပြီး လိုက်ပို့ပေးပါမယ်ကွာ"

ဟုဆိုကာ မျိုးလွင်က ဖော်ဦးကျော်၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီ

"ငါ မင်းကို လက်ထိပ်မခတ်ချင်ဘူး ဖော်ဦးကျော်"

"မာဘိန်းဆေးလုံး ပြကြည့်ရဲ့ နွားခိုးလက်ခံမှုကိစ္စမှာ ငါက ဘာကြောင့် လက်ထိပ်ခတ်ခံရမှာလဲကွ"





"ဒီထွန်စက်ကြီးဟာ မင်းထွန်စက်ကြီးပါ၊ မင်းကိုယ်တိုင်လည်း မောင်းပါတယ်လို့ မနက်က ငါလာတုန်းကလည်း ပြောတယ်၊ အခုလည်း မင်းပြောပြန်ပြီ၊ ပြီးတော့ဆင်ကြီးဟာ မင်းတို့လုပ်တာပါလို့ မင်းပဲပြောခဲ့တယ်၊ အဲဒါကို မင်းငြင်းလို့မရဘူး မဟုတ်လား"

"အေးလေ၊ အဲဒီစကားတွေ ပြောလိုက်တာနဲ့ လက်ထိပ်ခတ်ရမှာလား"

"မင်းကို ငါ တည့်တည့်ပဲပြောတော့မယ် ဖော်ဦးကျော်၊ ညက မင်းတို့ဆရာတပည့် ခိုးထုတ်သွားတဲ့ သံရွာက ကောင်မလေးဟာ အသက်မပြည့်သေးဘူးကွ၊ မှုဒိမ်းမှုနဲ့ ငါတို့စခန်းမှာ အမှုဖွင့်ထားတယ်၊ ပြီးတော့ မင်းတို့ထွန်စက်ကြီးက လှည်းတစ်စီးကို ဝင်တိုက်ပြီး ကျန်နေခဲ့တဲ့ ဟောဒီမှာ မင်းတို့ရဲ့ ဆင်ခြေထောက်"

ပါးထင်းပွဲစားလေး ဖော်ဦးကျော်ရှေ့သို့ 'ဖုတ်'ခနဲ ကျလာသော ဆင်ခြေထောက်အပြဲကြီးအားကြည့်ရင်း ဒူးတုန်လာသည်။ တစ်ခါက ကိုရေကျော်ဝင်းကြုံရတော့မည့် ခြေကျင်းထိပ်



www.burmeseclassic.com

www.burmeseclassic.com



တုံးကြီးထက် ဆိုးဝါးလှသော မုဒိမ်းမှုဖြင့် ထောင်နန်းစံရမည့် ကိန်းပင်။ ရဲတပ်ကြပ်မျိုးလွင်က ပိုင်နိုင်စွာဖြင့်

"မင်း ငြင်းဖို့ကြိုးစားမနေပါနဲ့တော့ ဖော်ဦးကျော်၊ လှည်းပျက်စီးသွားတဲ့ကိစ္စက ငါနဲ့ညှိခဲ့ပြီးပါပြီ၊ ငွေအလျော်ပေးရင် အမှု မလုပ်တော့ပါဘူးတဲ့၊ ကဲ အချိန်မရှိဘူး၊ သူတို့က မိန်းကလေးမိဘတွေပဲ၊ မြို့နယ်ရဲစခန်းမှာလည်း အမှုသွားဖွင့်တယ်လို့ပြောတယ်၊ လမ်းမှာ ငါနဲ့တွေ့တွေ့ချင်း အကူအညီတောင်းလို့ အချိန်မီအုပ်မိအောင် သူတို့ လိုက်လာကြတာမို့ ငါပြန်လာရတာပဲ"

ဖော်ဦးကျော်မှာ စိတ်ကိုတည်ငြိမ်စေရန် မနည်းကြိုးစားပြီး တည်ဆောက်နေရသည်။ ယနေ့အချိန်ထိ အလှူမကွာပ်မှ ပြန်မရောက်လာကြသေးသော ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့ကို လှမ်းမျှော်ကြည့်လိုက်ရာ ဆင်နှင့်ပန်းရထားကြီးမှာ ဆူညံစွာ ဖြတ်သွားပြန်သဖြင့်

"ဟို ဟိုမှာ ညက ထွန်စက်မောင်းတဲ့ကောင်၊ ထွန်စက်ကို ရပ်နိုင်းပြီး ဖမ်းကြပါတော့လားကွ"

ရဲတပ်ကြပ်မျိုးလွင်က ဖြည်းညှင်းစွာ ခေါင်းကိုခါရမ်းရင်း





"ဒါမျိုးတွေ ရှိနေပါပြီကွာ၊ ဒီမယ်သူငယ်ချင်း၊ သူများကိုလွှဲချဖို့ မကြိုးစားပါနဲ့၊ ပိုပြီးအပြစ်ကြီးသွားလိမ့်မယ်၊ ငါ့အနေကလည်း ဆင်ကြီးတစ်ကောင်လုံးတွေ့နေမှတော့ ဆင်ခြေရာကို ရှာမနေတော့ပါဘူး၊ ကဲကွာ အချိန်မရှိတော့ဘူး၊ တော်ကြာ အမှုက ပိုကြီးသွားလိမ့်မယ်၊ ဘယ်မှာလဲ မင်းတပည့်နဲ့ သူတို့ သမီးလေး မိသန်းစိန်"

ဖော်ဦးကျော်မှာ ရုတ်တရက်ဖြစ်ပေါ်လာသော ပြဿနာများကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၍ စိတ်ကိုအတတ်နိုင်ဆုံး ငြိမ်အောင်ထားရင်း

"ငါ အမှန်အတိုင်းပြောမယ် မျိုးလွင်၊ အခုရွာကို လှည့်မောင်းနေတဲ့ ဆင်ရုပ်ကြီးနဲ့ ထွန်စက်ပေါ်မှာ ထွန်စက်ကိုမောင်းနေတဲ့သူက လှည်းကိုဝင်တိုးခဲ့တဲ့ကောင်၊ နောက်တွဲပေါ်မှာက အသက်မပြည့်မသေးတဲ့ မိန်းကလေးကို ညာခိုးလာတဲ့ကောင်၊ များသူခိုးလက်ခံရော အကုန်ပါနေလို့ ပြောနေရတာကွ"

"ဟာ ဟာ၊ ဒါဆိုရင်လည်း မင်းထွန်စက်ကြီးကို အမြန်ဆုံးရပ်နိုင်းလိုက်လေကွာ"

www.burmeseclassic.com



"သောရိုးပဲ သူငယ်ချင်း၊ အခုအချိန်အခါမှာ မိုးပေါက သို့ကြွားမင်းကြီး၊ ရှီသရီးသေနတ်ကြီးနဲ့ ကိုင်ဆင်းချိန်တားရင် တောင်မှ ရပ်ပေးမှာမဟုတ်ဘူး၊ ဒီရွာမှာ အာဏာအရှိဆုံးဆိုတဲ့ ရွာဦးကျောင်းဆရာတော်နဲ့၊ သူကြီးဗကြွယ်ကိုယ်တိုင်က ငါးပတ် ပတ်မယ်၊ လုံးဝရပ်မပေးရဘူးလို့ အမိန့်ချထားတယ်၊ ခေတ်စောင့် ပါကွာ သုံးပတ်ပဲလိုပါတော့တယ်"

ထိုကြောင့် ရဲတပ်ကြပ်မျိုးလွင်နှင့်အဖွဲ့မှာလည်း ခေါင်းကုတ်၍ ထိုင်စောင့်နေကြရလေသည်။

"ဒီလိုဆိုရင် မိန်းမခိုးတယ်ဆိုတဲ့ ကြွက်သိုးဆိုတာ ဘယ်သူလဲလို့ ငါ့ကိုပြထားပါဦးကွ"

ထိုအခါ ထွန်းစက်မှာ ဓမ္မာရုံနားသို့ တစ်ပတ်ပြန်ရောက်လာသဖြင့်

"ဟော ဟိုမှာ၊ ဦးလေးဗကြွယ်ရဲ့ဘေးမှာထိုင်နေတဲ့ မုတ်ဆိတ်တိုတိုနဲ့ အသားညိုညိုကောင်ပဲ"

"ဪ အေး အေး၊ ရွှေသွားနဲ့ ပုကွကွကောင်မဟုတ်လား"

ဖော်ဦးကျော်က ခေါင်းညိတ်ပြလိုက်ပြီး၊ နောက်တစ်ပတ်





ထွန်းစက်ကြီး ပြန်ရောက်လာချိန်တွင်မူ

"မှာကွ ဟို ဟို ကြွက်သိုးဆိုတဲ့ကောင် မပါလာတော့ မမြင်တော့ဘူးဗျာ၊ ဒီအရေးခံတဲ့ မုဒိမ်းတရားခံဆိုတော့ သိပ်အရေးကြီးတယ်ကွ"

ထိုစဉ် ကိုရက်ချိုဝင်းနှင့် ကိုစန်းမြင့်တို့နှစ်ဦးလည်း ဓမ္မာရုံသို့ပြေးလွှားရောက်လာသဖြင့်

"ထွန်းစက်ပေါ်မှာ ကြွက်သိုးပါမလာတော့ဘူးဆိုတော့ ဘာတဲ့ သလဲကွ၊ ကြည့်စမ်းပါဦးဗျ"

အားလုံးလှမ်းကြည့်လိုက်ရာ ဟုတ်ပါသည်၊ ကြွက်သိုးတစ်ယောက် ထွန်းစက်ပေါ်မှာ ပါမလာတော့ချေ။ သူ့နေရာတွင် နဖူးပြောင်ပြောင်နှင့် နုတ်ခမ်းမွေးကားကားနှင့် ဗိုက်ရွဲကြီးအား လက်ဖြင့်ပွတ်ရင်း ခွေးမျှံနေသူမျက်နှာနှင့် ထိုင်နေသည့် ကိုစိန်ကိုသာ တွေ့လိုက်ရပါသည်။

အခြေအနေပြောင်းလဲသွားပုံ မြန်ဆန်လွန်းလှသဖြင့် အံ့သြသွားသည်။ အစောတုန်းက အောင်ပုနှင့်အတူတူ အရှုမကွာပ် ထဲတွင် နှုတ်လွှဲ၍ ရွှေမိုးစောင်းကိုင်မလေးများ တည်းခိုခဲ့

၁



www.burmeseclassic.com

www.burmeseclassic.com



ပေးသော လက်ဖက်ခွက်ကို မြည်းလိုက်၊ မျက်စိစားပွဲထိုင်လိုက် လုပ်နေသော ကိုစိန်သည် ဘယ်အချိန်အခါတွင် ထွန်စက်ကြီး ပေါ် ရောက်သွားပါလိမ့်ဟု တွေးကြည့်ရာ ကိုစိန်၊ အောင်ပု၊ ကြွက်သိုးဟူသော နာမူးအုပ်စုသည် နတ်လွဲရွာတစ်ပိုက်တွင် အလွန်အတွဲညီကြသော သူငယ်ချင်းများ ဖြစ်ကြ၏။

သံရွာရဲစခန်းမှ ရဲတပ်ကြပ်မျိုးလွင်တို့အဖွဲ့ ရောက်လာပြီး စစ်ဆေးမေးမြန်း စကားပြောကြဟန်နှင့် နိုးလာသော မိသန်းစိန် မိဘနှစ်ပါးကို မြင်လိုက်ရပေလိမ့်မည်။ ထို့ကြောင့် သူတို့၏ သူငယ်ချင်းကြွက်သိုးအား သတင်းပေးရန်အတွက် ရွာအနောက် ပိုင်းသို့ လိုက်သွားကြပြီး မောင်းနေသဲထွန်စက်ပေါ်သို့ မရမက တွယ်တက်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ကြွက်သိုး တစ်ယောက် လူစားထိုးပြီး ထွန်စက်ပေါ်မှ ခုန်ချကာ လွတ် မြောက်သွားလေတော့သည်။

ဤကိစ္စနှင့်ပတ်သက်၍ ရဲတပ်ကြပ်မျိုးလွင်တို့ရဲ့အဖွဲ့က လည်း ဒေါကန်သွားပြီး

"ဒီမယ် ဖော်ဦးကျော်၊ ကြွက်သိုးအခုလို ထွက်ပြေးနိုင်





အောင် မင်းတို့တွေ အားလုံးပူးပေါင်းပြီး အကြံအဖန်လုပ်ပေး လိုက်တာမဟုတ်လား၊ ငါတစ်ခွန်းပဲ ပြောတော့မယ်၊ အခုညနေ ကြွက်သိုးနဲ့ ဦးလေးဗကြည်ကို ရှာအပ်မပေးနိုင်ဘူးဆိုရင် မင်း ကိုပါ ကြံရာပါအဖြစ်နဲ့ ငါဖမ်းတော့မယ်"

ကိုကျော်ဝင်းနှင့် ကိုစန်းမြင့်တို့က မိုးရိပ်မှုပန်စိတ်နှင့် လှမ်းကြည့်ကြသော်လည်း ဖော်ဦးကျော်ကတော့ လုံးဝအမှုမထား လေဟန်ဖြင့်

"သူငယ်ချင်းမျိုးလွင်ရာ မပူပါနဲ့ ငါ တာဝန်ယူပါတယ်၊ စောင့်ကြည့်ပါဦး၊ ထွန်စက်ကြီး ရွာကိုပတ်တာ ဒီတစ်ခေါက် နောက်ဆုံးပါကွ"

ထွန်စက်ကြီး မဏ္ဍပ်ရှေ့သို့ထိုးဆိုက်လာတော့မည် ဖြစ် သဖြင့် အားလုံးကိုယ်စီ မဏ္ဍပ်အနားသို့ ရောက်ရှိလာကြသည်။

ထိုစဉ် ထွန်စက်ကြီးသည် အလျှုမင်္ဂလာမဏ္ဍပ်ရှေ့သို့ ထိုးဆိုက်လာသဖြင့် ရဲတပ်ကြပ်မျိုးလွင်နှင့် ရဲအဖွဲ့ဝင်များက ဆင်ရုပ်ကြီးနား ခေါင်းဘက်ကိုသွားပြီး

"ဟော့ ထွန်စက်မောင်းတဲ့သူ ထွက်ခဲ့စမ်း" ဟု အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော အမိန့်သံအကျယ်ကြီး အဆုံးတွင် ဆင်ရုပ်ကြီး၏ ဗိုက်အောက်မှ ထွက်လာသူကတော့ သနပ်ခါးပါးကွက်ကြားနှင့် ဆံပင်ကိုလည်း နဘမ်းဆံလို တစ်ပတ်တစ်ချက် ချည်နှောင်စီးထား သော ဒိုင်နမိုလှသိန်းပင် ဖြစ်ပါသည်။

“ကျွန်တော် အထက်တန်းတားဆည်မြောင်းကို ကားဒိုင် နမိုတွေအပတ်သွားရင်း ထွန်စက်တွေရော၊ ဝန်ချီစက်တွေရော မောင်းခဲ့ဖူးပါတယ်၊ သင်မောင်းပေါ့ခင်ဗျာ၊ လိုင်စင်တော့မရှိပါဘူး”

ဒိုင်နမိုလှသိန်းက ခပ်တည်တည်ဖြင့်ပြောလိုက်ရာ ရဲတပ် ကြပ်မျိုးလွင်က

“လိုင်စင်နဲ့ငါနဲ့ မဆိုင်ဘူး၊ ညက လှည်းကို ဒီထွန်စက် ကြီးနဲ့ မင်းဇင်တိုးလို့ လှည်းကျိုးခဲ့တာ ငါနဲ့ဆိုင်တယ်၊ အသက် မပြည့်သေးတဲ့ မိန်းကလေးတစ်ယောက်ကို ခိုးပြေးရာမှာ ကြံရာပါ အဖြစ် ပါခဲ့တဲ့ကိစ္စ ငါနဲ့ဆိုင်တယ်၊ ကဲ မင်းဘာပြောချင်သေးလဲ”

“ညကတစ်ညလုံး ဟောဒီ သူကြီးဦးဗကြည်ရဲ့ အလှူ မင်္ဂလာမဏ္ဍပ်မှာ ကျုပ် ထမင်းချက်အဖွဲ့နဲ့ ပိုင်းကူလိုက်၊ ကြိုက်တတ်တဲ့ အရက်ကလေးကို ချော့သောက်သင့်တဲ့သူဆီက





ချော့သောက်လိုက်၊ မြှောက်သောက်သင့်တဲ့သူဆီက မြှောက် သောက်လိုက်၊ တစ်ခါတစ်လေ ချောက်သောက်သင့်တဲ့သူဆီက ချောက်သောက်လိုက်နဲ့ တစ်ညလုံးလုပ်နေတယ်ဆိုတာ ဟောဒီ နတ်လှဲရွာတစ်ရွာလုံးကို သက်သေအဖြစ် ပြနိုင်ပါတယ်၊ မယုံ ရင် ဟောဒီကဆရာကျော်ဝင်း၊ ဆရာစန်းမြင့်နဲ့၊ ဖော်ဦးကျော် တို့ကိုပါ မယုံရင်မေးကြည့်ပါ”

ဖော်ဦးကျော်တစ်ယောက်မှာတော့ ဒရိုင်ဘာတင်ကိုကို ကြည့်၍ မရှိတော့ပြန်သဖြင့် ရင်တုန်ပန်းတုန် ဖြစ်သွားပြီး

“ညက ထွန်စက်မောင်းတာ သူမဟုတ်ဘူးကွ၊ ဒရိုင်ဘာ တင်ကိုကိုရယ်”

“ဒီလိုဆို အဲဒီ ဒရိုင်ဘာတင်ကိုကိုရော ဘယ်ရောက်သွား ခဲ့ပြီလဲ”

“အဲဒီတုန်းကတော့ ထွန်စက်မောင်းနေတာတော့ သူပဲ ပေါ့၊ အခု သူဘယ်ရောက်သွားသလဲဆိုတာတော့ မပြောတတ် ပါဘူး”

“ဒီ-နတ်လှဲရွာကို တာဝန်ခံလာဖမ်းမိတာတော့ ငါးပါးမှော



www.burmeseclassic.com

www.burmeseclassic.com



သံယာစင်အကုန်လုံး ပျောက်ကုန်ပြီလားမသိဘူး၊ ငါတော့ မှ
ချင်သလိုလို ဖြစ်လာပြီ၊ တကယ်ပဲ နတ်တွေကများ လွဲနေရော့
သလား၊ ဒါမှမဟုတ် ရှိန်းဆာယာပိုမောက်လို့ ကိုယ်ပျောက်
ဂါထာတွေများ စွမ်းနေကြသလား မသိပါဘူးနော်"

"ဟုတ်တယ် မျိုးလွင်၊ မင်း ဒီနတ်လွဲရွာဆိုတဲ့ အခြေ
အနေသတင်းကို သဲ့သဲ့လေးမှ မကြားဖူးဘူးပေါ့၊ ဟုတ်လား"

"ဟင့်အင်း၊ ငါ မကြားဖူးဘူး"

"ဒီရွာက လူအတော်များများက လောကီပိဇ္ဇာဆရာကြီး
မြစကြာကို ကိုးကွယ်ကြတာဆိုတော့ ရှိန်းဆာယာပိုမောက်လို့
ကိုယ်ပျောက်ချင်လည်း ပျောက်ကြမှာပေါ့ကွာ"

ထိုစဉ် သူကြီးဦးဗကြည်အား ကိုကျော်ဝင်းက ရှင်းပြ
လိုက်သဖြင့် သူကြီးဦးဗကြည်က ထွန်စက်ပေါ်မှ မဆင်းသေးဘဲ
အသံရှဲ့စက်ဆရာ ကိုဖိုးသီးကို စကားပြောမိုက်ကရိုဖုန်း ယူခိုင်း
ပြီး အသံပါရှဲ့နိုင်းလိုက်သည်။

ပြီးမှ မတ်တပ်ရပ်၍ မိုက်ကိုကိုင်ရင်း

"မင်္ဂလာပါ၊ မင်္ဂလာပါ၊ ပထမ၊ ဒုတိယ၊ တတိယ"





ဟူ၍ အသံစမ်းလိုက်သည်ကို အနီးအနားတွင်ရှိသော
ရွာဦးကျောင်းဆရာတော်က

"ဟဲ့ဒကာဗကြည်ရဲ့၊ ဘာတွေ လျှောက်အော်နေတာလဲ"

"မိုက်ကို အသံချဲ့ပြီးရင် ဟဲလို ဝမ်း၊ တူး၊ သရီးလို့
အော်ရတာက ထုံးစံပဲဘုရား၊ တပည့်တော်က အင်္ဂလိပ်လိုမအော်
ချင်လို့ မြန်မာလို အော်ကြည့်ရတာ၊ ရပါပြီ၊ အဟမ်း အဟမ်း၊
အဖေ့ရဲ့ချစ်လှစွာသော ရင်နှစ်သည်းချာ သားလှရတနာ
မောင်ကြွက်သိုး၊ ကြားရာအရပ်ကနေ အမြန်ဆုံးပြန်လာပါ၊
သားရဲ့ ကိစ္စအဝဝကို အဖေကိုယ်တိုင် ဖြေရှင်းပေးမယ်၊ အမေ
လည်း မကြာခင်မှာ ရဲစခန်းကို သွားတော့မှာမို့ အခု အသံကြား
ကြားချင်း ပြန်လာခဲ့ပါ၊ လက်ခံထားသူများကိုလည်း တရားဥပဒေ
အရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါတယ်၊ ထွန်စက်
မောင်းတဲ့ ဒရိုင်ဘာတင်ကိုကိုလည်း မင်းရဲ့သူငယ်ချင်းကြွက်သိုး
ကိုခေါ်ပြီး ဦးလေးဗကြည်ဆီကို အမြန်ဆုံးပြန်လာပါ၊ အားလုံး
ကို ဦးလေးဗကြည် တာဝန်ယူပါတယ်၊ မင်းတို့နှစ်ယောက်ကို
သုံးကြိမ်သုံးခါ ခေါ်မယ်၊ သုံးခါပြည့်လို့မှ မလာရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးလည်း ဘာမှတတ်နိုင်မှာ မဟုတ်ဘူး၊ အမြန်ဆုံးလာကြပါ”

ထိုစဉ် နတ်လွဲရွာတောင်ဘက်မှ ကိုင်းတော၊ ဖောင်းတော ထဲမှနေ၍ ဒရိုင်ဘာတင်ကိုကိုတစ်ယောက်သည် ခေါင်းကို ငိုက် စိုက်၊ ငိုက်စိုက်နှင့်သော်လည်းကောင်း၊ ကြွက်သိုးသည် မိသန်း စိန်ကို လက်ဆွဲ၍သော်လည်းကောင်း ထွက်ပေါ်လာကြလေ သည်။

“သားဖြစ်သူ မောင်ကြွက်သိုးနဲ့ ဒရိုင်ဘာတင်ကိုကိုတို့ မင်းတို့လုပ်ရပ်တွေဟာ မှားမှန်းသိရင် လူကြီးမိဘရဲ့ရင်ခွင်အောက် ကို လျှင်မြန်စွာ အလင်းဝင်ရောက်ခဲ့ပါ၊ လာခဲ့ကြပါ၊ ပြန်ခဲ့ ကြပါ”

“ဦးလေးဗကြည်ရေ အော်မနေနဲ့တော့၊ ဟိုမှာ နှစ်ယောက် စလုံး လာနေကြပြီဗျ”

“လာပစေပေါ့ ဆရာကျော်ဝင်းရယ်၊ ကျုပ်က သုံးကြိမ် ပြည့်အောင် အော်ပါမယ်လို့ ကြေညာထားတာမဟုတ်လား၊ နှစ်ခါပဲ ရှိသေးတယ်၊ တစ်ခါကျန်သေးလို့ အော်ရမှာပဲ၊ ဟာလို၊ ဟာလို အဖေ့ရဲ့ ရှုမငြီးသော ချစ်လှစွာသော သားငယ်မောင်ကြွက်





သိုး၊ မိဘရဲ့ မေတ္တာဆိုတာ အလွန်တရာမှ ကြီးမားကြောင်း ကို မင်းသဘောပေါက်သိရှိနားလည်ခဲ့ရင်၊ တစ်ထောင့်ငါးရာဆိုတဲ့ ကိလေသာအမှောင်တိုက်အတွင်းကနေ ငါးရာနှစ်ဆယ့်ရှစ်ဆိုတဲ့ အားမြသော မိဘရဲ့ ရင်ခွင်အောက်ကို ပြန်ခဲ့ပါလားသားငယ်၊ တစ်လောကလုံးကို ပြေးကြည့်ရင်၊ မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ချစ်ခဲ့ကြတာ တို့သားအဖပဲရှိတယ်ဆိုတာကို မင်း သဘော ပေါက်လောက်ပါတယ် သားရယ်၊ အဖေ့မှာ သားဆိုလို့ မင်းတစ်ယောက်သာပါပြီး ကျန်တာက မိန်းကလေးတွေဆိုတော့ အဖေဟာ မင်းကိုဘယ်လောက်အထိ ချစ်သလဲဆိုရင် ကွယ်လွန် သွားပြီဖြစ်တဲ့ မင်းအမေ၊ ငါ့မိန်းမအသိဆုံးပါ၊ ငယ်ငယ်က မင်းခြေမမှာ သံစူးပြီးပြည်တည်တုန်းက မင်းအိပ်မရလို့ ငိုနေတာကို မင်းအနာသက်သာ ပါစေတော့ဆိုပြီး ဓားနဲ့ခွဲပေးခဲ့တာဟာ မင်းအမေ ငါကိုယ်တိုင် ပါပဲသားရယ်၊ ပြီးတော့ . . . . . .”

. . . . . . . . . . . . . . . . . . . . . . . . . . . . . .

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



သူမလာ
မကြီးဖြူပြာက
ပူရှာထင့်လေး။
နယ်အကြေ
အလွမ်းပြေ နာရည်ဆုပ်ကို
ဘုန်းလုပ်လို့ပေး။
(ရှေးဒွေးချိုး)

ဦးလေးဗကြည်၏ အနန္တမေတ္တာ ဝမ်းမင်းရိုးကြီး မပြေ မချင်း သောတနားဆင်နေကြရကုန်သော နတ်လွဲရွာတစ်ရွာလုံး နှင့်တကွ ကိုကျော်ဝင်း၊ ကိုစန်းမြင့်၊ ဖော်ဦးကျော်နှင့် မျိုးလွင်





တို့ ရဲတပ်ဖွဲ့ဝင်များအပါအဝင် ကျန်ရှိနေဆဲ အလှူပွဲလာပရိသတ်များမှာ အောင့်အည်းသည်းခံ၍ စောင့်နေရပါတော့သည်။

ကြွက်သိုးနှင့် ယှဉ်တွဲလိုက်ပါလာသော မိသန်းစိန်သည် အလှူမဏ္ဍပ်ရှေ့ မန်ကျည်းပင်အောက်၌ သူ့အဖေကိုမြင်လိုက်သည်နှင့် ပြေးလွှားသွားပြီး ငိုနေရှာသည်။ ကြွက်သိုးတစ်ယောက်ကတော့ ဆက်လည်းမလိုက်ရဲဘဲ လမ်းခုလပ်တွင် ကြောင်ရပ်ကြည့်နေရရှာပါသည်။

သူကြီးဗကြည်ကတော့ ထွန်စက်ကြီးပေါ်မှလည်း မဆင်းသေး၊ မိုက်ကရိုဖုန်းကြီးကိုင်၍

"ကဲ သမီးရှင်ဘက်က လူကြီးမင်းခင်ဗျာ၊ သားရှင်တစ်ယောက်အနေနဲ့ ကျုပ် အနူးအညွတ်တောင်းပန်ပါတယ်၊ ဟိုတစ်ခါ ကျုပ်သား မိန်းမတောင်းတုန်းက ၊ ကျုပ်မလိုက်နိုင်တဲ့အတွက် စိတ်မကောင်းပါဘူး၊ ကျုပ် သားအကြီးဟာလေ အဲဒီကလေးမစိတ်နဲ့ စားမဝင်၊ အိပ်မပျော်ဖြစ်ပြီး အဲဒီကလေးမလေးကိုချစ်လွန်းလို့ လူးလိမ့်နေအောင် ခံစားရပါတယ်၊ လူငယ်ချင်းမေတ္တာမျှနေမှတော့ လူကြီးတွေအနေနဲ့ကလည်း ထိမ်းမြားခြင်း



www.burmeseclassic.com

www.burmeseclassic.com



လျှင်ဝတ်ငါးအင်ဆိုတဲ့ မိဘတို့ဝတ္တရားနဲ့အညီ ဆောင်ရွက်စရာရှိတာကို ဆောင်ရွက်ပေးရအောင်လားခင်ဗျာ၊ မိန်းကလေးအနေနဲ့ကလည်း သူချစ်လို့ လာတောင်းခိုင်းတဲ့ကိစ္စမှာ အကြောင်းကြောင်းတွေကြောင့် အဖုအထစ်တွေ ဖြစ်ခဲ့ရပေမယ့်လည်း အခုတော့ ချစ်သက္ကိရှိစွာနဲ့ ခိုးရာလိုက်ပြေးခဲ့တဲ့အတွက်လည်း လူကြီးမင်းတို့အနေနဲ့ စာနာခွင့်လွှတ်ပေးပါဗျာ”

မိသန်းစိန်၏ ဖခင်ဖြစ်သူ၏မျက်နှာမှာ နီရဲအဆီပျံနေပြီး အံကို တင်းတင်းကြိတ်ရင်း

“ဒီ ဒီမှာ၊ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲဗျ၊ ခင်ဗျားသား အရင်ဆုံးဦးစွာလာတောင်းတာက ဦးသိန်းမောင် ဒေါ်သိန်းလွင်တို့သမီး မနွယ်လှိုင်ဗျ၊ အခု ခင်ဗျားသား ခိုးလာတာက စံခဆိုတဲ့ ကျုပ်ရဲ့သမီးလေး မိသန်းစိန်ဗျ၊ အခု မိသန်းစိန် ကျုပ်သမီးက အသက်မပြည့်သေးဘူးဗျ”

ထိုသောအခါမှ ဇာတ်ရည်လည်သွားရှာသော သူကြီးဦးဗကြည်သည် အားတုန့်အားနာဖြင့် ဘာကိုပြန်ပြီးပြောရမှန်း မသိတော့နိုင်အောင် ငြိမ်ကျသွားပြီးမှ





“အဲ အဲ၊ အခု ခင်ဗျားတို့သမီးလေးက အသက်ဘယ်လောက်ရှိသွားပြီလဲ”

“ဆယ့်ကိုးနှစ်တောင် မပြည့်သေးဘူးဗျ”

“ဟာ ဒီအရွယ်ဆို ဖြစ်နေပါပြီ”

“ဘာဗျ၊ ခင်ဗျား ဘာစကားပြောလိုက်တာလဲ”

လက်သီးလက်မောင်တန်းရန် ဟန်ပြင်နေသဖြင့်

“အို ခင်ဗျားက တလွဲမထင်ပါနဲ့ဗျာ၊ ကျုပ်ပြောတာက အိမ်ထောင်ထိန်းသိမ်းလို့ ဖြစ်နေပါပြီလို့ပြောတာပါ၊ ခင်ဗျားတို့ မကျေနပ်လို့ တရားစွဲရင် ကျုပ်သားလည်း အချုပ်ထဲရောက်မယ်၊ ခင်ဗျားသမီးလည်း ဟောဒီဆင်ကြီးနဲ့ ခိုးပြေးပြီးသားကြီးဆိုတာ တစ်နယ်လုံး ဟိုးဟိုးကျော်သိသွားကြပြီဆိုတော့ ခင်ဗျားတို့လည်း အရှက်ရမယ်၊ ကျုပ်သဘောကတော့ ဘာမှ အာဃာတတွေ မထားဘဲ၊ မိကောင်းဖခင်ပီသစွာနဲ့ ပေးစားကြရအောင်လားဗျာ၊ ဟောဒီ ဝါကျွတ်ရင် ကျုပ်ကိုယ်တိုင် ဟောဒီအလှူလို အကြီးအကျယ် မင်္ဂလာဆောင်ပေးပါ့မယ်”

သူကြီးဗကြည်၏ လေလုံးကြီးအောက်တွင် မိသန်းစိန်



www.burmeseclassic.com

www.burmeseclassic.com



တို့ဖခင်မှာ ငြိမ်ကျသွားပါသည်။ ပါလာကြသူတို့အချင်းချင်းလည်း ခေါင်းချင်းရိုက်၍ တီးတိုးပြောဆိုကြပြီး

"ကောင်းပါပြီဗျာ၊ အခုအခြေအနေရောက်မှတော့ ခင်ဗျား သဘောအတိုင်း လက်ခံရရုံပဲ ရှိတော့တာပေါ့"

ခမည်းခမက်နှစ်ဦး ကြည်စေ၊ အေးစေ ဖြစ်သွား၍ အလှူမဏ္ဍပ်ရှိ ပရိသတ်များက ဝိုင်းဝန်းလက်ခုပ်သြဘာပေးလိုက်သံကြီးမှာ မိုးကောင်းကင်အထိ ညံသွားလေတော့သည်။

မိသန်းစိန်ဖခင်နှင့် အတူပါလာသူ လူတစ်ဦးက

"ဒီမယ် ဦးလေးဗကြည်၊ ကျုပ်လှည်းကို ထွန်စက်နဲ့တိုက်သွားတဲ့ကိစ္စ ရှိသေးတယ်"

"အို သားရေး၊ သမီးရေး အဆင်ပြေသွားမှတော့ ကျန်တဲ့ကိစ္စတွေက အသေးအဖွဲပါဗျာ၊ ကဲ လှည်းရှင်ရေ ဒီအတွက် ကျုပ်အိမ်ဝိုင်းထဲဝင်ပြီး ကြိုက်တဲ့လှည်း ယူသွားပေတော့"

မိသန်းစိန်၏ဖခင် ဦးစံခက ပြာပြာသလဲဖြင့်

"အို နေပါစေ၊ နေပါစေ၊ ခင်ဗျားနဲ့ကျုပ်နဲ့က ခမည်းခမက် ဖြစ်သွားမှတော့ ဒီကိစ္စကို ကျုပ်ကပဲရှင်းလိုက်ပါ့မယ်၊





ကဲ အခုအချိန်ကစပြီး ကျုပ်သမီးလေးကို ခင်ဗျားအနေနဲ့ သမီးအရင်းလို သဘောထားပြီး အမြင်မတော်တာရှိရင်လည်း ဆုံးမပါ၊ စောင့်ရှောက်ပါလို့ အပ်ခဲ့ပါတယ်၊ ကဲ ကဲ ကျုပ်တို့ကိုလည်း ပြန်ခွင့်ပြုပါဦး"

ထိုအခါတွင် ရဲတပ်ကြပ်မျိုးလွင်က

"ဟာ ဦးစံခ၊ ခင်ဗျားက မြို့နယ်ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားတော့ ခင်ဗျားကိုယ်တိုင် လိုက်ပိတ်ပေးရဦးမှာပေါ့"

သူကြီးဦးဗကြည်က ပြုံးရွှင်သောမျက်နှာဖြင့်

"ကဲ ဒါဆိုရင်လည်း ကျုပ်နဲ့မြို့နယ်ကို တစ်ခါတည်းသာ လိုက်ခဲ့ပေတော့၊ လာ လာ ထွန်စက်ပေါ်တက်၊ ကဲ ကဲ ဟို ဆရာတို့လည်း တက်လေ"

မိသန်းစိန်တို့ဖခင်တို့အဖွဲ့၊ ရဲတပ်ကြပ်မျိုးလွင်တို့အဖွဲ့များနှင့်အတူ ကိုကျော်ဝင်း၊ ကိုစန်းမြင့်တို့နှစ်ဦးပါ ဆင်ရုပ်လုပ်ထားသော ထွန်စက်ကြီးပေါ်သို့ တက်လိုက်ခဲ့ကြသည်။

ရွာသားများက အောက်သို့ဆင်းမပေးဘဲ နေရာကိုသာ ကျုံ့ပေးသဖြင့် ကျပ်ညှပ်နေလေသည်။ ထို့ကြောင့် သူကြီး

www.burmeseclassic.com



ဦးဗကြည်က သူ့မြေးကိုရင်တွေ၊ ရှာဦးကျောင်းဆရာတော်နှင့် ဘယ်အချိန်က တက်လိုက်သည်မသိသော လောကီဝိဇ္ဇာဆရာကြီး မြစကြာကိုပါ တွေ့လိုက်ရသဖြင့် အားတက်သွားလေတော့သည်။

"ဘာကြည့်တာလဲ မောင်ဗကြည်ရဲ့ ဆရာတော်နဲ့တကွ ဆရာကြီးတို့လည်း လိုက်ရမှာပေါ့ကွ၊ ဘာပဲဖြစ်ဖြစ်၊ ဘာပဲ လုပ်လုပ်

အဟံဘန္တေ ဘဂဝတော၊
ဗုဒ္ဓာနုဿတိ ဒိနေန။
အဟံဘန္တေ ဘဂဝတော၊
ဓမ္မာနုဿတိ ဒိနေန။
အဟံဘန္တေ ဘဂဝတော၊
သံဃာနုဿတိ ဒိနေန။

တိ သရဏံ အဟံဝန္ဒာမိ ကို သစ္စာအဓိဋ္ဌာန်ပြီး (၉) ခေါက် ရွတ်ဆိုသွား ဘေးအန္တရာယ်ကင်းတယ်ဗျာ"

ထိုအခါ သူကြီးဦးဗကြည်မှ ဆရာတော်ကြီးနှင့် ဆရာကြီး မြစကြာတို့ကို မတ်တပ်ရပ်လျက် လက်အုပ်ချီရင်း အထက်ပါ





ဂါထာတော်ကြီးကို ရွတ်ဆိုနေချိန်တွင် ထွန်စက်ကြီးမှာ စတင် ထွက်ခွာသွားလေပြီ။

အရှူမဏ္ဍပ်ရှေ့မှ နုတ်လွဲရွာသူ၊ ရွာသား ဝိုင်းကြည့်ကြ သူ ပရိသတ်များအကြားတွင်တော့ ကြွက်သိုးတစ်ယောက် သတို့ သမီးအလောင်းအလျာမလေး မိသန်းစိန်၏လက်ကို တင်းတင်း မြဲမြဲကြီးပင် ဆွဲကိုင်ထားလေတော့သတည်း။

ဤစိတ်=လိုရာဆန္ဒပြည့်ဝကြပါစေ
အောင်ကျော်စွာ



www.burmeseclassic.com